# သုတေသန
# နည်းလမ်းများ

## လူမှုသုတေသီများအတွက် သုတေသနကျွမ်းကျင်မှုများ မိတ်ဆက်

**Morgan Macdonald | Aung Zaw Myo**

ဆရာလက်စွဲ

**ပုံနှိပ်တိုက်အမည်**

အေးလင်းရောင်ပုံနှိပ်တိုက် (မြ – ၀၁၅၂၁)
အမှတ် (၁၁/ဒီ)၊ ၅၅ လမ်း၊ အလယ်ဘလောက်၊
(၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

**ထုတ်ဝေသူ**

ဦးအောင်မြတ်စိုး

**စာပေတိုက်အမည်**

မုခ်ဦးစာပေ

အမှတ် (105-A)၊ ရတနာမြိုင်လမ်း၊ ရတနာမြိုင်အိမ်ရာ၊
အမှတ် (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း – ၀၉ ၇၈၀ ၃၀၃ ၈၂၃၊ ၀၉ ၂၆၂ ၆၅၆ ၉၄၉

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်အမှတ် – ၀၁၉၄၇

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ အုပ်ရေ ၅၀၀
နိုဝင်ဘာလ၊ ၂၀၂၀ ခုနှစ်

၁၃၁.၃

မော်ဂန် မက်ခ်ဒေါ်နယ်၊ အောင်ဇော်မျိုး
သုတေသန နည်းလမ်းများ – လူမှုသုတေသီများအတွက် သုတေသနကျွမ်းကျင်မှုများ မိတ်ဆက်၊
ဆရာလက်စွဲ။
မော်ဂန် မက်ခ်ဒေါ်နယ်၊ အောင်ဇော်မျိုး
ရန်ကုန်၊ မုခ်ဦးစာအုပ်တိုက်၊ ၂၀၂၀။
၁၅၁ စာ၊ ၃၀ စင်တီမီတာ။
မူရင်းအမည် – သုတေသန နည်းလမ်းများ – လူမှုသုတေသီများအတွက် သုတေသနကျွမ်းကျင်မှုများ မိတ်ဆက်၊
ဆရာလက်စွဲ။
(၁) မော်ဂန် မက်ခ်ဒေါ်နယ်၊ အောင်ဇော်မျိုး
(၂) သုတေသန နည်းလမ်းများ – လူမှုသုတေသီများအတွက် သုတေသနကျွမ်းကျင်မှုများ မိတ်ဆက်၊
ဆရာလက်စွဲ။

This work is licensed under the Creative Commons Attribution-ShareAlike 4.0 International License. To view a copy of this license, visit: http://creativecommons.org/licenses/by-sa/4.0/deed.en_US.

Notes about usage: Organisations wishing to use the body text of this work to create a derivative work are requested to include a Mote Oo Education logo on the back cover of the derivative work if it is a printed work, on the home page of a web site if it is reproduced online, or on screen if it is in an app or software.

For license types of individual pictures used in this work, please refer to Picture Acknowledgments at the back of the book.

# ဆရာလက်စွဲ မာတိကာ


သုတေသန နည်းလမ်းများစာအုပ် အသုံးပြုနည်း ..... ii

ကျောင်းသားကိုင်စာအုပ် မာတိကာ စာမျက်နှာ ..... ၁

*သုတေသန နည်းလမ်းများ* ..... ၂

အပိုဆောင်း လုပ်ငန်းစဉ် ..... ၁၅၂

ရင်းမြစ်များနှင့် ရုပ်ပုံများအတွက် အသိအမှတ်ပြုခြင်း ..... ၁၅၃

# သုတေသန ကျွမ်းကျင်မှု ဆရာလက်စွဲစာအုပ်မှ ကြိုဆိုပါသည်

ဤစာမျက်နှာများတွင် ဆရာလက်စွဲစာအုပ်ကို မည်သို့ ဒီဇိုင်းရေးဆွဲထားကြောင်းနှင့် အကောင်းဆုံးအသုံးပြုနိုင်မည့် နည်းလမ်းများနှင့် ပတ်သက်သည့် အချက်အလက်များကို တွေ့ရှိရပါလိမ့်မည်။ စာအုပ်ပါ အကြောင်းအရာများ မသင်ကြားမီ ဤအချက်အလက်များကို ဖတ်ရှုသင့်ပါသည်။




## စာအုပ်အကြောင်း

သုတေသန ကျွမ်းကျင်မှုများ စာအုပ်သည် လူမှုသုတေသနအတွက် လိုအပ်သော အသိအမြင်များနှင့် ကျွမ်းကျင်မှုများ၏ အခြေခံ သဘောတရားများကို မိတ်ဆက်ပေးပါသည်။ ဤစာအုပ်ကို အောက်တွင်ဖော်ပြထားသည့် အဆင့်များပါဝင်သော အဆင့် ၄ ဆင့် သုတေသန လုပ်ငန်းစဉ်ကို လိုက်နာရေးသားထားပါသည်။

- အဆင့် ၁ – သုတေသနမေးခွန်းများကို ဖန်တီးရေးသားပါ။
- အဆင့် ၂ – တိကျသော သတင်းအချက်အလက်များကို ရှာဖွေပါ။
- အဆင့် ၃ – သတင်းအချက်အလက်များကို ခွဲခြမ်းစိစစ်ပြီး နိဂုံးချုပ်ကောက်ချက်များ ရေးသားပါ။
- အဆင့် ၄ – ရှာဖွေတွေ့ရှိချက်များကို ဖလှယ်မျှဝေပါ။

ပထမဆုံး အခန်း ၂ ခန်းတွင် သုတေသန လုပ်ငန်းစဉ်၊ သုတေသန မေးခွန်းများနှင့် သုတေသန နည်းလမ်းများကို မိတ်ဆက်ပေးထားပါသည်။ အခန်း ၃ မှ ၇ တွင် သုတေသန ကျင့်ဝတ်များနှင့် စစ်တမ်းလွှာ၊ လူတွေ့မေးမြန်းခြင်းများ၊ ဦးတည်အုပ်စုများနှင့် စောင့်ကြည့်လေ့လာခြင်း အစရှိသည့် ဒေတာကောက်ယူစုဆောင်းခြင်းအတွက် နည်းလမ်း ၄ မျိုးကို ရေးသားဖော်ပြထားပါသည်။ အခန်း ၈ နှင့် ၉ တွင် သုတေသန ဒေတာများကို အခြေခံခွဲခြမ်းစိစစ်ချက်နှင့် နောက်ဆုံးအဆင့်တို့ကို ထည့်သွင်းရေးသားထားပြီး အခန်း ၁၀ တွင် သုတေသန ရှာဖွေတွေ့ရှိချက်များကို ဆက်သွယ်ဖလှယ်မျှဝေခြင်းအကြောင်း ဆွေးနွေးထားပါသည်။

ဤစာအုပ်တွင် ပိုမိုကောင်းမွန်သော သုတေသန ကျွမ်းကျင်မှု အလေ့အကျင့်များကို တိုးမြင့်ပေးရန် လေ့ကျင့်ခန်းများနှင့် လုပ်ငန်းများ ပါဝင်ပြီး မြန်မာနိုင်ငံရှိ လူမှုသုတေသနဆိုင်ရာ လက်တွေ့ဘဝ ဖြစ်ရပ်လေ့လာချက်များကိုလည်း စာအုပ်အစမှ အဆုံးထိ ထည့်သွင်းရောနှောတင်ဆက်ထားပါသည်။

## ဆရာလက်စွဲ၏ ရည်ရွယ်ချက်

၁။ ဤစာအုပ်တွင် အရွယ်ရောက်ပြီးသား သင်ယူသူများအတွက် မူရင်းသုတေသနအပေါ် အသားပေးထားသည့် လူမှုသုတေသန၏ အခြေခံအုတ်မြစ်ဖြစ်သော ဗဟုသုတများကို မိတ်ဆက်ပေးထားပါသည်။

၂။ ဤစာအုပ်သည် သုတေသန လုပ်ငန်းစဉ်ကို လက်တွေ့ ဆောင်ရွက်နိုင်ရန် ရည်မှန်းထားပြီး သင်ယူသူများ အတွက်လည်း ၎င်းတို့၏ ကိုယ်ပိုင်သုတေသနစီမံကိန်း လုပ်ဆောင်စေခြင်းဖြင့် လမ်းညွှန်ပေးပါသည်။ ဤစာအုပ်ကို ကျောင်းသားများက သင်ယူလေ့လာနေစဉ်အတွင်း ဒေတာကောက်ယူစုဆောင်းခြင်းနှင့် ကောက်ယူစုဆောင်းခြင်း အစီအစဉ်များကို ဂရုတစိုက် မည်သို့ ဖန်တီးရမည်ဖြစ်ကြောင်း၊ သုတေသနကို တိကျစွာနှင့် ကိုးစားနိုင်စွမ်းရှိအောင် မည်သို့ လုပ်ဆောင်ရမည်ဖြစ်ကြောင်း နားလည်သဘောပေါက်အောင် ကြိုးစားခြင်းဖြင့် စတင်သင့်ပါသည်။

၃။ ဤစာအုပ်ကို ကျောင်းသားများအား ဝေဖန်ပိုင်းခြား စဉ်းစားမိစေရန်၊ လူမှုသုတေသီများနှင့် ကျောင်းသားများ အတွက် အသုံးဝင်သည့် အရေးကြီးသော ကျွမ်းကျင်မှုများကို လေ့ကျင့်ဖြစ်စေရန်နှင့် ယေဘုယျအားဖြင့် အရွယ်ရောက်ပြီးသား သင်ယူသူများအတွက် တိုက်တွန်း အားပေးရန် ဒီဇိုင်းရေးဆွဲထားပါသည်။

## စာအုပ်ဖွဲ့စည်းပုံ

စာအုပ်ကို အခန်း ၁၀ ခန်း ဖြင့် ဖွဲ့စည်းထားပြီး တစ်ခန်းစီကို သင်ယူလေ့လာရေး ရည်မှန်းချက်များနှင့် အရေးကြီးသည့် စကားစုများကို ခက်ဆစ်များဖြင့် စတင်ထားပါသည်။

### အခန်းခေါင်းစဉ် အကြောင်းအရာများနှင့် သင်ယူလေ့လာရေး ရည်မှန်းချက်များ

အခန်းတစ်ခန်းစီ၏ အဓိကကျသော ဗဟုသုတများနှင့် ကျွမ်းကျင်မှု ရည်မှန်းချက်များကို အခန်းတိုင်း၏ အစတွင် ဖော်ပြထားပါသည်။ အဆိုပါ အခန်းများကို မစတင်မီ ၎င်းရည်မှန်းချက်များကို ကျောင်းသားများနှင့်အတူ ဆွေးနွေးနိုင်ပြီး သင်ယူပြီးသွားသည့်အခါတွင်လည်း ၎င်းတို့ကို ပြန်လည်ထင်ဟပ် သုံးသပ်ကြည့်ရန်ပြောပြပါ။ ဤနည်းဖြင့် ကျောင်းသားများက ၎င်းတို့၏ ကိုယ်ပိုင်သင်ယူလေ့လာခြင်းကို စောင့်ကြည့်သွားနိုင်ရန် အထောက်အကူပြုပါလိမ့်မည်။

### အခန်းတစ်ခန်းစီ၏ ဖွဲ့စည်းပုံ

အခန်းတစ်ခန်းစီတွင် ကဏ္ဍများစွာနှင့် ကဏ္ဍငယ်များပါဝင်ပြီး ၎င်းတို့သည် ခေါင်းစဉ်တစ်ခုချင်းစီကို အဓိကဖော်ပြပေးပါသည်။ ကဏ္ဍတစ်ခုချင်းစီတွင် သင်ကြားပို့ချရာတွင် လွယ်ကူစေရန် အတွက် စံနှုန်းသတ်မှတ်ထားသော အစိတ်အပိုင်းများစွာ ရှိပါသည်။ ၎င်းတို့မှာ အကြိုလေ့လာချက်၊ လေ့ကျင့်ခန်း၊ လုပ်ငန်းများ၊ ဆွေးနွေးချက်နှင့် ဖြစ်ရပ်လေ့လာချက်များ ဖြစ်ပါသည်။ ထို့အတူ သင်တို့၏ သုတေသနစီမံကိန်း ကဏ္ဍ နှင့် စာအုပ်၏နောက်ဆုံးတွင် နောက်ဆုံးသုတေသန စီမံကိန်း ဟူ၍လည်း ထည့်သွင်းထားပါသည်။

ကျောင်းသားလက်စွဲစာအုပ်မှ ၁–၂ စာမျက်နှာဖြင့်ပင် (အကြိုလေ့လာချက်၊ အကြောင်းအရာ၊ လေ့ကျင့်ခန်းနှင့် လုပ်ငန်း၊ ဖြစ်ရပ်လေ့လာချက်နှင့် ဆွေးနွေးချက်) တစ်နာရီကြာ သင်ခန်းစာ အတွက် လုံလောက်ပါလိမ့်မည်။

## ဤစာအုပ်ကို အသုံးပြုသင်ကြားခြင်း

ဤစာအုပ်ကို အသုံးပြုပြီး သင်ကြားပို့ချမည့်အခါတွင် စာသင်ခန်းထဲ၌ မသင်ကြားမီ မိမိကိုယ်တိုင် စာပိုဒ်များကို ဖတ်ရှုပြီး အကြိုလေ့လာချက်များ၊ လေ့ကျင့်ခန်းများနှင့် လုပ်ငန်းများကို လုပ်ဆောင်ကြည့်သင့်ပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် စာအုပ်ပါအကြောင်းအရာများနှင့် စာသင်ခန်း ထဲတွင် လုပ်ငန်းများအတွက် ညွှန်ကြားချက်များ ပြောကြားသည့် အခါတွင် ပိုမိုရင်းနှီးပြီးသား ဖြစ်စေပါလိမ့်မည်။ ထို့အတူ ကျောင်းသားများက မေးမြန်းလာနိုင်ခြေရှိသည့် မည်သည့် မေးခွန်းများကိုမဆို ဖြေကြားနိုင်အောင် ကြိုတင်ပြင်ဆင်ရာ တွင်လည်း အထောက်အကူဖြစ်စေလိမ့်မည်။

ဤဆရာလက်စွဲစာအုပ်တွင် အကြောင်းအရာများကို သင်ကြားခြင်း အတွက် အဆင့်လိုက်ညွှန်ကြားချက်များ၊ မေးခွန်းများအတွက် အဖြေများနှင့် ဖြစ်နိုင်ခြေရှိသော အဖြေများနှင့် နားလည်ရန် ခက်ခဲသော အကြောင်းအရာအချို့အတွက် ထပ်မံဖြည့်စွက် ပေးထားသော နောက်ခံအကြောင်းအရာ မှတ်စုများ ပါဝင်ကြသည်။

ဤဆရာလက်စွဲစာအုပ်တွင် အဖြေများကို ဖော်ပြထားသည့် အချိန်တွင် စကားလုံးများသာ ပြောင်းလဲသွားသော်လည်း မျှော်လင့်ထားသည့် မှန်ကန်သော အဖြေတစ်ခုစီ ပုံမှန်အားဖြင့် ရှိနေပါသည်။ အကယ်၍ 'ဖြစ်နိုင်ခြေရှိသော အဖြေများ' ကို ပံ့ပိုးပေးထားလျှင်၊ မှန်ကန်သည့် အဖြေများစွာရှိနေနိုင်ပြီး

ဖော်ပြထားသည့်အဖြေများသည် ဆရာဖြစ်သူအား လမ်းညွှန် ပေးရန်အတွက် ချပြထားသော ဥပမာအဖြေများ ဖြစ်ပါသည်။

ကျောင်းသားများ၏ အဖြေများသည် အမြင်များနှင့် အတွေ့အကြုံများကို အခြေခံပါက တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားနိုင်ပါသည်။ ကျောင်းသားများ၏ ကိုယ်ပိုင် အတွေ့အကြုံများ (သို့) အမြင်များပေါ် အခြေခံသည့် မေးခွန်းများတွင် အဖြေများ သို့မဟုတ် ဖြစ်နိုင်ခြေရှိသော အဖြေများ ပုံမှန်အားဖြင့် မရှိကြပါ။

## စာသင်ခန်းအတွင်း၌ *အကြိုလေ့လာချက်ကို* အသုံးပြုခြင်း

အကြိုလေ့လာချက်များသည် အခန်းတစ်ခန်းစီ၏ အကြောင်းအရာကဏ္ဍနှင့် ကဏ္ဍငယ်တစ်ခုချင်းစီကို မိတ်ဆက်ပေးပါသည်။ ၎င်းတို့ကို ကျောင်းသားများ၏ ရှိနှင့်ပြီးသား ဗဟုသုတများနှင့် ခေါင်းစဉ်အပေါ် စိတ်ဝင်စားမှုကို နှိုးဆော်ပေးရန် ဒီဇိုင်းရေးဆွဲထားခြင်း ဖြစ်သည်။

သင်ခန်းစာတစ်ခုကို စတင်ရန်အတွက် အကြိုလေ့လာချက်များကို အသုံးပြုနိုင်ပါသည်။ ခေါင်းစဉ်အသစ်တစ်ခုကို အကြိုလေ့လာချက်ဖြင့် မိတ်ဆက်သည့်အခါတွင် စာအုပ်ထဲရှိ အချက်အလက်များကိုသာ ရွတ်ဖတ်ပြခြင်း မရှိစေရန်အတွက် ၎င်းတို့၏ စာအုပ်များကို ပိတ်ထားခိုင်းသင့်ပါသည်။

## စာသင်ခန်းအတွင်း၌ *လေ့ကျင့်ခန်းများကို* အသုံးပြုခြင်း

လေ့ကျင့်ခန်းများသည် ကျောင်းသားများက စာအုပ်ထဲရှိ အကြောင်းအရာကဏ္ဍများကို သင်ယူနေသည့်အခါတွင် အရေးကြီးဆုံး အချက်အလက်များနှင့် ပတ်သက်ပြီး ၎င်းတို့၏ နားလည်မှုများကို စစ်ဆေးပေးပါသည်။ အရေးကြီးသော ဗဟုသုတ ရည်မှန်းချက်များကို အခန်းတစ်ခန်း၏ အစရှိ သင်ယူလေ့လာရေး ရည်မှန်းချက်များတွင် စာရင်းပြုစုထား ပါသည်။

သက်ဆိုင်ရာ အကြောင်းအရာများကို ဖတ်ရှုပြီးသည့်အခါတွင် ကျောင်းသားများအား လေ့ကျင့်ခန်းမေးခွန်းများကို ချက်ချင်း ဖြေကြားခိုင်းနိုင်ပါသည်။ ထို့အတူ အခန်းတစ်ဝိုက်ပတ်လျှောက်၍ မေးခွန်းများကို ဖြေကြားနေသည့် ကျောင်းသားများကို စောင့်ကြည့်လေ့လာသင့်သည်။ ဤနည်းဖြင့် ကျောင်းသားများက အကြောင်းအရာများကို မည်မျှနားလည်ထားကြကြောင်း သိရှိနိုင်ပါသည်။

စာသင်ခန်းအတွင်း လေ့ကျင့်ခန်းများကို စီမံခန့်ခွဲသည့်ပုံစံ ကွဲပြားသွားနိုင်ပါသည်။ ဥပမာ မတူညီသည့် မေးခွန်းများကို အဖွဲ့၏ မတူခြားနားသည့် ကျောင်းသားများကို တာဝန်ခွဲဝေပေး နိုင်သည်။ ထို့နောက် အဖွဲ့ဝင်များက အဖြေများ မှန်ကန်မှု ရှိ/မရှိ ဆွေးနွေးနိုင်ပါသည်။ အဖွဲ့များက မေးခွန်းများကို ဆွေးနွေး ပြီးသည့်အခါတွင် မတူညီသည့်အဖွဲ့များကို ဖြေကြားနိုင်ပါသည်။

ကျောင်းသားများက လေ့ကျင့်ခန်း မေးခွန်းများကို ဖြေကြားနေသည့်အချိန်တွင် အဖြေများကို ကိုယ်ပိုင် စကားလုံးများဖြင့် အတိုချုံး ရှင်းပြရန်တိုက်တွန်းပေးပြီး စာအုပ်ထဲမှ အချက်အလက်များကို ပြန်လည်ရွတ်ဖတ်ပြခြင်းကို မပြုလုပ်ရန် သတိပေးပါ။

ကျောင်းသားများက သင်ခန်းစာတွင် ချိတ်ဆက်မှုရှိစေရန်နှင့် ခေါင်းစဉ်အကြောင်း နက်နဲစွာ စဉ်းစားမိစေရန် အထောက်အကူပြုသည့် တစ်ဆင့်ခံ မေးခွန်းများကို လေ့ကျင့်ခန်း မေးခွန်းများမှတစ်ဆင့် ဆွဲထုတ်မေးမြန်းရန် လွယ်ကူပါသည်။ အခြားသော မေးခွန်းများကိုလည်း ကြိုတင်စီစဉ်ထားနိုင်ပါ သေးသည်။ အခြားမေးခွန်းများကို ကြိုတင်စီစဉ်ထားပါက မူရင်း မေးခွန်းပေါ် အခြေခံသည့် တစ်ဆင့်ခံ ဆင့်ကဲမေးခွန်းများကို အခြားကျောင်းသား နှစ်ယောက်တစ်တွဲ သို့မဟုတ် အဖွဲ့များကို ခွဲပြီး မေးမြန်းနိုင်ပါသည်။ ဥပမာ အဘယ်ကြောင့်နည်း သို့မဟုတ်....... ၏ အခြားဥပမာမှာ အဘယ်နည်း။

## စာသင်ခန်းအတွင်း၌ *လုပ်ငန်းများကို* အသုံးပြုခြင်း

လုပ်ငန်းများသည် သင်ယူလေ့လာခြင်းနှင့် အသုံးဝင်သော လူမှုသုတေသန ကျွမ်းကျင်မှုများကို အသုံးချရန် တိုက်တွန်း အားပေးပါသည်။ အဓိကကျွမ်းကျင်မှု ရည်မှန်းချက်များကို အခန်း၏ အစရှိ သင်ယူလေ့လာရေး ရည်မှန်းချက်များ အောက်တွင် စာရင်းပြုစုထားပါသည်။

လုပ်ငန်းများသည် အခန်းတိုင်းစီတွင် ရေးသားဖော်ပြထားသော ခေါင်းစဉ်များကို ထဲထဲဝင်ဝင် စူးစမ်းလေ့လာသွားခွင့်ပြုပါသည်။ ၎င်းလုပ်ငန်းများတွင် ပုံမှန်အားဖြင့် စာပိုဒ်များထဲ၌ တိုက်ရိုက် ဖော်ပြထားသော အကြောင်းအရာထက် ကျော်လွန်၍ စဉ်းစားမိစေ ရန်နှင့် ကျောင်းသားများကို ဝေဖန်ပိုင်းခြားစဉ်းစားရန်၊ တီထွင်ကြံဆစဉ်းစားရန်နှင့် အုပ်စုလိုက်ဆောင်ရွက်မှုများတွင် ပါဝင်ရန် တိုက်တွန်းအားပေးသည့် အဖွင့်မေးခွန်းများ ပါဝင်သည်။

အချို့သော လုပ်ငန်းများသည် အခြားလုပ်ငန်းများထက် အချိန်ပိုကြာနိုင်ပါသည်။ ၎င်းလုပ်ငန်းများကို စဉ်းစားခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းတို့ကို ကိုယ်တိုင်ကြိုတင်စမ်းသပ် လုပ်ဆောင်ထားပါက သင်ခန်းစာအစီအစဉ် ရေးဆွဲသည့်အခါတွင် အသုံးဝင်နိုင်ပါသည်။

## အပိုဆောင်း လုပ်ငန်းများ

အပိုဆောင်း လုပ်ငန်းများကို ဆရာလက်စွဲစာအုပ်၏ အချို့ အခန်းများတွင် တွေ့ရှိနိုင်ပါသည်။ ၎င်းလုပ်ငန်းများက သင်နှင့် သင်၏ ကျောင်းသားများအနေဖြင့် ခေါင်းစဉ်များနှင့် ပတ်သက်ပြီး ထဲထဲဝင်ဝင် စူးစမ်းလေ့လာခွင့်ပေးပါသည်။ ၎င်းတို့ကို မတူခြားနားသည့် နည်းလမ်းများစွာဖြင့် အသုံးပြုနိုင်ပါသည်။

## စာသင်ခန်းအတွင်း၌ ဆွေးနွေးချက်များကို အသုံးပြုခြင်း

ဆွေးနွေးချက်များသည် သင်ယူလေ့လာခြင်းကို ပြန်လည်ထင်ဟပ် စဉ်းစားမိစေရန်နှင့် လေ့လာပြီးသည့် ခေါင်းစဉ်များနှင့် ပတ်သက်သော ပိုမိုကျယ်ပြန့်သည့် မေးခွန်းများကို ဆွေးနွေးနိုင်ရန် အခွင့်အလမ်းများ ပံ့ပိုးပေးပါသည်။

စာသင်ခန်း သို့မဟုတ် အဖွဲ့လိုက် ဆွေးနွေးဝိုင်းများကို စီမံခန့်ခွဲခြင်း၏ အရေးကြီးသောရှုထောင့်သည် တိကျသည့် တင်ပြချက်တစ်ခု သို့မဟုတ် အမြင်ရှုထောင့်တစ်ခုကို ထောက်ခံရသည့် အကြောင်းရင်းများကို ကျောင်းသားများအား ဝေဖန်ပိုင်းခြား စဉ်းစားမိစေရန်ဖြစ်သည်။ အတန်းလိုက် ဆွေးနွေးခြင်းများတွင် အချိန်ကြာမြင့်နိုင်သည့်အတွက် သင့်အနေဖြင့် အချိန်ကန့်သတ်ပေးပြီး အချိန်ပြည့်သွားသည့် အခါတွင် ဆွေးနွေးချက်များကို နိဂုံးချုပ်ကောက်ချက်တစ်ခု ချမှတ်စေနိုင်ပါသည်။

## စာသင်ခန်းအတွင်း၌ ဖြစ်ရပ်လေ့လာချက်များကို အသုံးပြုခြင်း

ဖြစ်ရပ်လေ့လာချက်များသည် အဓိကခေါင်းစဉ်နှင့် ဆက်နွယ်နေပါသည်။ ၎င်းတို့သည် ခေါင်းစဉ်အား လက်တွေ့ ဆောင်ရွက်ခြင်း သို့မဟုတ် ခေါင်းစဉ်သည် မြန်မာနိုင်ငံနှင့် မည်သို့ ပတ်သက်နေကြောင်း ဖော်ပြသည့် ဥပမာများ ဖြစ်ပါသည်။

ဖြစ်ရပ်လေ့လာချက်များတွင် ပုံမှန်အားဖြင့် ခေါင်းစဉ်နှင့် ပတ်သက်သည့် မြန်မာ့ရေးရာ ဥပမာတစ်ခုနှင့် မေးခွန်းများ ပါဝင်ကြသည်။ အချိန်လုံလောက်ပါက ၎င်းတို့ကို စာသင်ခန်း အတွင်း အသုံးပြုနိုင်သည့်အတွက် ကျောင်းသားများက သင်ခန်းစာမှ ရရှိလာသော ကျွမ်းကျင်မှုများနှင့် သဘောတရားများကို လက်တွေ့ဘဝအခြေအနေများတွင် အသုံးပြုနိုင်ကြပါသည်။

## စာသင်ခန်းအတွင်း၌ သုတေသန စီမံကိန်းများကို အသုံးပြုခြင်း

'သင်တို့၏ သုတေသန စီမံကိန်း' များသည် ကျောင်းသားများအား သင်ခန်းစာများမှ သင်ယူလေ့လာခဲ့သော ကျွမ်းကျင်မှုများကို ၎င်းတို့၏ ကိုယ်ပိုင်သုတေသန ထင်မြင်ယူဆချက်များတွင် အသုံးပြုရန် တိုက်တွန်းအားပေး ပါသည်။

အချို့ကျောင်းသားများက ဤစာအုပ်၏ အစတွင် သုတေသန စီမံကိန်းတစ်ခုအား ရွေးချယ်ပြီး ၎င်းစီမံကိန်းကို စာအုပ်အစမှ အဆုံးထိ လုပ်ငန်းများတွင် ဆောင်ရွက်သွားနိုင်သည်။ အခြား ကျောင်းသားများက သင်တို့၏ သုတေသန လုပ်ငန်းတစ်ခုချင်းစီ အတွက် သုတေသန၏ မတူကွဲပြားသော ဥပမာတစ်ခုကို အသုံးပြုသွားနိုင်သည်။ မည်သည့်နည်းလမ်းကိုမဆို အသုံးပြုနိုင် ပါသည်။

## နောက်ဆုံး သုတေသန စီမံကိန်းတစ်ခု ဆောင်ရွက်ခြင်း

စာအုပ်၏ အဆုံးတွင် နောက်ဆုံး သုတေသန စီမံကိန်းတစ်ခု ပါရှိသည်။ ၎င်းစီမံကိန်းတွင် ကျောင်းသားများက စာအုပ် တစ်အုပ်လုံးမှ သင်ယူလေ့လာခဲ့သည့် နည်းလမ်းများနှင့် ကျွမ်းကျင်မှုများကို သုတေသနလုပ်ငန်းစဉ်၏ အဆင့်များတွင် လက်တွေ့အသုံးပြုသွားရမည်။

ကျောင်းသားများက သင်တို့၏ သုတေသန စီမံကိန်း ၁၆ ခုထဲမှ တူညီသော သုတေသန စီမံကိန်းများကို အသုံးပြုနိုင်သည် သို့မဟုတ် အသစ်တစ်ခုကို ရွေးချယ်နိုင်သည်။ ဆန္ဒရှိပါက ဤစီမံကိန်းကို သုတေသန ကျွမ်းကျင်မှုများ အတန်း၏နောက်ဆုံး ဆန်းစစ်လေ့လာချက်တစ်ခုအဖြစ် အသုံးပြုနိုင်ပါသည်။ ကျောင်းသားများက လုပ်ဆောင်ပြီးသွားသည့်အခါတွင် ၎င်းတို့၏ ဆောင်ရွက်ချက်များကို အမှတ်ပေးရန်ဆန္ဒရှိပါက သင့်အား ကူညီပေးရန်အတွက် ဆရာလက်စွဲစာအုပ်ထဲမှ နောက်ဆုံး စာမျက်နှာတွင် အကြံပြုထားသော အမှတ်ပေးစည်းမျဉ်းဇယား တစ်ခု ထည့်သွင်းဖော်ပြထားပါသည်။

## ရင်းမြစ်များ

ဤစာအုပ်ကို ရေးသားရာတွင် အသုံးပြုခဲ့သည့် အဓိကရင်းမြစ်များ စာရင်းတစ်ခုကို စုပေါင်းဖော်ပြထားပါသည်။ ၎င်းစာရင်းကို ကျောင်းသားလက်စွဲစာအုပ်၏ စာမျက်နှာ ၁၅၃ တွင် ကြည့်ရှုနိုင် ပါသည်။




Get Ready
to Teach

# အခန်း ၁ –
# သုတေသန မိတ်ဆက်

# ၁.၁ သုတေသနဆိုသည်မှာ အဘယ်နည်း

**မှတ်ချက်။** ။ လူမှုရေးသိပ္ပံကို သဘာဝသိပ္ပံနှင့် မကြာခဏ ခွဲခြားထားကြသည်။

- သဘာဝသိပ္ပံ၏ သဘောတရားသည် ကမ္ဘာမြေ၏ ရုပ်ပိုင်းဆိုင်ရာနှင့် ၎င်း၏လည်ပတ်ပုံတို့ကို အဓိကထား လေ့လာခြင်းဖြစ်သည်။ သဘာဝသိပ္ပံတွင် ရူပဗေဒ၊ ဇီဝဗေဒနှင့် ဓာတုဗေဒတို့ပါဝင်သည်။ သဘာဝသိပ္ပံ သုတေသနတွင် ကမ္ဘာကြီးလည်ပတ်မှုပုံစံကို နားလည်ရန်အတွက် စောင့်ကြည့်လေ့လာခြင်းနှင့် လက်တွေ့စမ်းသပ်ခြင်း (ထပ်ပြန်တလဲလဲ လုပ်ဆောင်သည့် စမ်းသပ်မှုတို့ကို အဓိကထားသည်) တို့ ပါဝင်သည်။ ဥပမာ – ဇီဝဗေဒကဏ္ဍတွင် ထပ်ပြန်တလဲလဲလုပ်ဆောင်သည့် စမ်းသပ်မှုများမှတစ်ဆင့် ဆရာဝန်များက ငှက်ဖျားရောဂါကဲ့သို့သော ဖျားနာမှုများကို ထိရောက်စွာကုသနိုင်သည့် ဆေးဝါးများကို ဖော်ထုတ်နိုင်သည်။
- လူမှုရေးသိပ္ပံက လူ့အသိုက်အဝန်းနှင့် ၎င်း၏ လည်ပတ်သည့်ပုံစံကို နားလည်ရန် ကြိုးစားပါသည်။ လူမှုရေးသိပ္ပံခေါင်းစဉ်များတွင် စီးပွားရေး၊ နိုင်ငံရေး၊ ပထဝီနှင့် လူမှုဗေဒတို့ပါဝင်ကြသည်။ ဤစာအုပ်သည် လူမှုရေးသိပ္ပံခေါင်းစဉ်များအကြောင်း သုတေသနပြုစုသည့် လူမှုသုတေသနကို အဓိကထားရေးသားထားပါသည်။ လူမှုသုတေသီများသည် လူ့အသိုက်အဝန်းအတွင်း ဖြစ်ပျက်နေသည့် အကြောင်းအရာများကို နားလည်နိုင်ရန်အတွက် သတင်းအချက်အလက်များ ကောက်ယူရာတွင် ပုံမှန်အားဖြင့် စမ်းသပ်မှုများ မပြုလုပ်ကြဘဲ စစ်တမ်းကောက်ယူခြင်း သို့မဟုတ် လူတွေ့မေးမြန်းခြင်းများ အစရှိသည့် အခြားသော နည်းလမ်းများကို အစားထိုးအသုံးပြုကြသည်။ ဤစာအုပ်တွင် သုတေသနဆိုသည့် စကားလုံးကို လူမှုသုတေသနအား အထူးပြုရည်ညွှန်းသုံးစွဲထားပါသည်။

## အကြိုလေ့လာချက်

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ – ကျွန်ုပ်တို့ဘေးပတ်ဝန်းကျင်ရှိ ကမ္ဘာ့အကြောင်းအရာများကို ပိုမိုသိရှိလာရန်အတွက် ရှာဖွေခြင်း။
– လူသားများကို ကူညီပေးရန်အတွက် နည်းပညာ၊ အတွေးအခေါ်များ သို့မဟုတ် ဆေးဝါးအသစ်များ ဖန်တီးဖော်ထုတ်ရန်။
– လူများ၏ စိတ်ကူးအမြင်များနှင့် အတွေးအခေါ်များ အကြောင်း ပိုမိုရှာဖွေဖော်ထုတ်ရန်။

## လုပ်ငန်းစဉ် – သတင်းအချက်အလက်များ ရယူခြင်း

- ကျောင်းသားများက ၎င်းတို့သည် ဒေသခံကလေးငယ်များအတွက် ရုံးပိတ်ရက်များတွင် အင်္ဂလိပ်စာသင်တန်းများ ပို့ချပေးသွားရန် စီစဉ်နေသည်ဟု စိတ်ကူးကြည့်ပါ။ ၎င်းတို့၏ သင်တန်းသည် အဆိုပါ လူမှုအဖွဲ့အစည်း၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိစေလိုကြသည်။

၁။ တစ်ဦးချင်းအနေဖြင့် မေးခွန်းတစ်ခုချင်းစီကို အမျိုးအစား ခွဲခြားဖော်ထုတ်ရမည်။

**အဖြေများ**

i. (က)၊ (ဃ)

ii. (ခ)

iii. (ဂ)

၂။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက အမျိုးအစားတစ်ခုချင်းစီအတွက် အခြားသော မေးခွန်းများ စာရင်းပြု ရေးသွင်းရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

(i) – အခြားကျောင်းများတွင် မည်သည့်ဘာသာရပ်များကို သင်ကြားပို့ချကြသနည်း။
– အခြားကျောင်းများသည် မည်သည့်ပြဿနာများကို ရင်ဆိုင်ကြရသနည်း။
– အခြားကျောင်းများတွင် မည်သည့်ရင်းမြစ်များ ရှိကြပါသနည်း။

(ii) – ဒေသခံများသည် ၎င်းတို့၏ နေ့စဉ်ဘဝတွင် မည်သည့် အင်္ဂလိပ်စာ ကျွမ်းကျင်မှုများကို အသုံးပြုကြပါသနည်း။
– ကျောင်းသားများသည် အင်္ဂလိပ်စာကို အဘယ်ကြောင့် သင်ယူလိုကြသနည်း။
– ဒေသခံကျောင်းသားများအတွက် မည်သည့် သင်ကြားမှုပုံစံသည် အကောင်းဆုံးဖြစ်ပါသနည်း။

(iii) – သင်တန်းစတင်ဖွင့်လှစ်ရန်အတွက် မည်မျှကုန်ကျနိုင်သနည်း။
– သင်တန်းကြေး ကောက်ခံသင့်ပါသလား သို့မဟုတ် အခမဲ့ ပို့ချပေးသွားသင့်ပါသလား။
– မည်သည့် အဆောက်အအုံများကို အသုံးပြုနိုင်ပါသနည်း။
– မည်သည့် ဆရာ/မများကို ရရှိနိုင်ပါသနည်း။
– ခေါ်ယူရရှိနိုင်သည့် ဆရာ/မများ၏ ကျွမ်းကျင်တတ်မြောက်မှုများမှာ အဘယ်နည်း။ မည်သို့သော သင်တန်းများကို ၎င်းတို့လိုအပ်နိုင်မည်နည်း။

## လေ့ကျင့်ခန်း

- ကျောင်းသားများမှ ထုတ်ပြန်ချက်များကို မှန်/မှား ဆုံးဖြတ်ရမည်။
- မှားနေပါက မှန်ကန်သည့် ထုတ်ပြန်ချက်တစ်ခုကို ရေးသားရမည်။

**အဖြေများ**

၁။ မှန်သည်

၂။ မှားသည် – လူမှုသုတေသနသည် လူများ၊ အဖွဲ့အစည်းများနှင့် လူ့အသိုက်အဝန်းတို့အပေါ် အဓိကထားသည်။

၃။ မှားသည် – သုတေသီများက သတင်းအချက်အလက်များကို ကောက်ယူစုဆောင်းပြီး ၎င်းတို့ကို ခွဲခြမ်းစိတ်ဖြာ၍ နိဂုံးချုပ်ကောက်ချက်များ ချမှတ်ကြသည်။

၄။ မှန်သည်။

## လုပ်ငန်းစဉ် – အသုံးဝင်သော အဖြေများ

- နှစ်ယောက်တစ်တွဲ သို့မဟုတ် အဖွဲ့ငယ်များဖွဲ့၍ဖြစ်စေ ကျောင်းသားများက သုတေသနတစ်ခုချင်းစီ၏ ရလဒ်များတွင် စိတ်ဝင်စားမှုရှိနိုင်သည့် အစုအဖွဲ့များကို စာရင်းပြုစုရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ ကားထုတ်လုပ်ရောင်းချသူများနှင့် သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာန။

၂။ ကျန်းမာရေးပညာရှင်များ၊ အစိုးရ၊ ရန်ကုန်မြို့ခံများ၊ သဘာဝပတ်ဝန်းကျင်အရေး ဆောင်ရွက်သူများ။

၃။ ဆရာများ၊ ကျောင်းအုပ်များ၊ မိဘများ၊ ပညာရေးဝန်ကြီးဌာန၊ ကလေးသူငယ်ပံ့ပိုးကူညီရေး အဖွဲ့အစည်းများ။

> **မှတ်ချက်။** ။ 'ကျောင်းပြင်ပကလေးငယ်များ' ဆိုသည်မှာ ကျောင်းနေရွယ်ကလေးများဖြစ်သော်လည်း မိသားစုမှ မထောက်ပံ့ပေးနိုင်၍လည်းကောင်း၊ အလုပ်လုပ်ရ၍လည်းကောင်း သို့မဟုတ် မိသားစုဝင်များမရှိ၍လည်းကောင်း အစရှိသဖြင့် ကျောင်းမတက်ရောက်နိုင်သော ကလေးများကို ရည်ညွှန်းပါသည်။

## လုပ်ငန်းစဉ် – ခေါင်းစဉ်များနှင့် မေးခွန်းများ

၁။ အဖွဲ့ငယ်များ သို့မဟုတ် တစ်တန်းလုံးအနေဖြင့် ကျောင်းသားများက ခေါင်းစဉ်တစ်ခုချင်းစီအတွက် ၎င်းတို့သိထားသည့် သုတေသန – ဒေတာ၊ ကိန်းဂဏန်း အချက်အလက်၊ အစီရင်ခံစာ အစရှိသဖြင့် စဉ်းစားရမည်။

၂။ ၎င်းတို့က ခေါင်းစဉ်တစ်ခုချင်းစီအတွက် ဖြစ်နိုင်ခြေရှိသော သုတေသန မေးခွန်းများကို စာရင်းပြုစုရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

(က) – ယာဉ်မတော်တဆမှုများ၏ အဓိကအကြောင်းရင်းများမှာ အဘယ်နည်း။

– ယာဉ်မောင်းရန် အန္တရာယ်အရှိဆုံးနေရာများမှာ အဘယ်နည်း။

(ခ) – လေထုညစ်ညမ်းမှု၏ အကြောင်းရင်းများနှင့် ပတ်သက်ပြီး မည်သည့်အရာများကို လူများက သိရှိထားကြသနည်း။

– လေထုညစ်ညမ်းမှုသည် မည်သည့်နေရာတွင် အကြီးမားဆုံး ပြဿနာဖြစ်ပါသနည်း။

(ဂ) – ကလေးများသည် အဘယ်ကြောင့် ကျောင်းထွက်ကြသနည်း။

– ကျောင်းထွက်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများတွင် မည်သို့သော သက်ရောက်မှုများ ရှိပါသနည်း။

– ကလေးများကို ကျောင်းဆက်တက်အောင် တိုက်တွန်းမှုပေးရန် အကောင်းဆုံးနည်းလမ်းမှာ အဘယ်နည်း။

# ၁.၂ သုတေသန လုပ်ငန်းစဉ်

## အကြံပြုလေ့လာချက်

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- မေးခွန်းများ
- အတွေးအခေါ်များ
- ပြဿနာများ
- ဖြေရှင်းချက်များ

## လုပ်ငန်းစဉ် – သုတေသနအဆင့်နှင့် ဓာတ်ပုံကို တွဲပေးပါ

၁။ ကျောင်းသားများက ဓာတ်ပုံ (က–ဃ) များကို အထက်တွင် ဖော်ပြထားသော သုတေသန လုပ်ငန်းစဉ်အဆင့် ၁–၄ တို့ဖြင့် တွဲစပ်ပါ။ အချို့ဓာတ်ပုံများသည် တစ်ခုထက်ပိုသော အဆင့်များဖြင့် တွဲစပ်နိုင်ပါသည်။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် အဖြေများကို ရှင်းပြပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

(က) **အဆင့် ၁** – လူတစ်စုက မေးခွန်းတစ်ခုကို ခေါင်းဆိုင်တိုင်ပင် ဆွေးနွေးနေသည့်ပုံ။

– **အဆင့် ၂** – သုတေသီတစ်ဦးက လူတစ်စုထံမှ ဒေတာများ ကောက်ယူစုဆောင်းနေသည့်ပုံ။

(ခ) **အဆင့် ၄** – သုတေသီတစ်ဦးက ၎င်း၏ ရလဒ်များကို ဖလှယ်မျှဝေနေသည့်ပုံ။

– **အဆင့် ၃** – သုတေသီတစ်ဦးက ဒေတာများကို ခွဲခြမ်းစိစစ်နေသည့်ပုံ။

(ဂ) **အဆင့် ၂** – သုတေသီတစ်ဦးက ဒေတာများ ကောက်ယူစုဆောင်းနေသည့်ပုံ။

(ဃ) **အဆင့် ၂** – သုတေသီတစ်ဦးက ဒေတာများ ကောက်ယူစုဆောင်းနေသည့်ပုံ။

– **အဆင့် ၃** – သုတေသီတစ်ဦးက ဒေတာများကို ခွဲခြမ်းစိစစ်နေသည့်ပုံ။

## ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများက ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုပါ။

၁။ ကျောင်းသားများက ဖြစ်ရပ်လေ့လာချက်ထဲတွင် ဖော်ပြထားသော သုတေသနလုပ်ငန်းစဉ်များထဲမှ အဆင့်များကို ခွဲခြားဖော်ထုတ်ပါ။

**အဖြေများ**

**အဆင့် ၁ – သုတေသနမေးခွန်းများ စဉ်းစားဖန်တီးပါ။ –** 'မြန်မာ့ဝယ်ယူသုံးစွဲသူများ၏ အလေ့အထပြောင်းလဲမှုမှာ အဘယ်နည်း။'

**အဆင့် ၂ – တိကျသော သတင်းအချက်အလက်များကို ရှာဖွေပါ။ –** သုတေသနကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်စသည့် မြို့ကြီးသုံးမြို့တွင် ပြုလုပ်ခဲ့သည်။

**အဆင့် ၃ – သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်စစ်ပြီး နိဂုံးချုပ်ကောက်ချက်ချပါ။ –** ကျောင်းသားများက ပြည်သူများဝယ်ယူသည့် ကုန်ပစ္စည်းအမျိုးအစားများနှင့် ၎င်းတို့ကို ဝယ်ယူရသည့် အကြောင်းရင်းများကို ခွဲခြမ်းဖော်ထုတ်ပါ (ခွဲခြမ်းစိတ်စစ်ပါ)။ မြန်မာပြည်သူများသည် မရှိမဖြစ်လိုအပ်သည့်အရာများ မဟုတ်သော ပန်းကန်ဆေးရည်၊ ကြမ်းပြင်သန့်ရှင်းရေးအရည်များ၊ အဝတ်အထည်ပျော့ပြောင်းဆေးရည်၊ ဆံပင်ပျော့ပြောင်းဆေးနှင့် ရေချိုးဆပ်ပြာဆီ စသည့် ကုန်ပစ္စည်းများကို ပိုမိုဝယ်ယူသုံးစွဲကြကြောင်း တွေ့ရှိခဲ့သည် (နိဂုံးချုပ်ကောက်ချက်ချသည်)။

**အဆင့် ၄ – ရလဒ်များကို ဖလှယ်မျှဝေပါ။ –** ရလဒ်များကို အစီရင်ခံစာတစ်စောင်တွင် ထည့်သွင်းရေးသားဖော်ပြခဲ့သည်။

၂။ ကျောင်းသားများက မေးခွန်းများကို အဖွဲ့ငယ်များဖြင့် ဆွေးနွေးကြသည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

(က) – စီးပွားရေးလုပ်ငန်းတစ်ခု စတင်လိုကြောင်း လူများကို အသိပေးရာတွင် အထောက်အကူပြုရန်။

– အသစ်ပြုစုမည့် သုတေသနများအတွက် ဝယ်ယူစားသုံးသူ အလေ့အထများကို လေ့လာရန် အသိပေးရာတွင် အထောက်အကူပြုစေရန်။

– စီးပွားရေးအသစ်များကို မည်သို့တိုက်တွန်းအားပေးရမည် ဖြစ်ကြောင်း အစိုးရကို အသိပေးရာတွင် အထောက်အကူပြုစေရန်။

– မြန်မာပြည်တွင် ရောင်းချနေသော (သို့မဟုတ် ရောင်းချလိုသော) စီးပွားရေးလုပ်ငန်းများကို နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်း အခွင့်အလမ်းများအကြောင်း အသိပေးရာတွင် အထောက်အကူပြုစေရန်။

– မြန်မာပြည်သူများ၏ ဝယ်ယူသုံးစွဲမှု အလေ့အထ ပြောင်းလဲမှုအကြောင်း အစိုးရထံအကြံပြုရန်။

**မှတ်ချက်။** ။ သုတေသနစီမံကိန်းတစ်ခုတွင် သုတေသန မေးခွန်းတစ်ခု (သို့) တစ်ခုထက်ပိုသော မေးခွန်းများ ရှိနိုင်ပါသည်။ မေးခွန်းအရေအတွက်သည် သုတေသနပြုစု ရှာဖွေလိုသည့် အကြောင်းအရာပေါ် မူတည်ပါသည်။ ယေဘုယျအားဖြင့် သုတေသနမေးခွန်း အနည်းငယ်သာ သတ်မှတ်ထားခြင်းက ပိုကောင်းပါသည်။ ၅ ခုထက်ပိုသော မေးခွန်းများသည် သုတေသနကို ပြီးဆုံးအောင် ဆောင်ရွက်ရာတွင် အခက်တွေ့စေပါသည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက သုတေသနလုပ်ငန်းစဉ်မှ လုပ်ငန်းများ (က–ဃ) တို့ကို ဖတ်ရှုပါ။
- ကျောင်းသားများက မည်သည့်လုပ်ငန်းများသည် သုတေသနလုပ်ငန်းစဉ်မှ မည်သည့်အဆင့်များ (၁–၄) နှင့် တွဲစပ်နိုင်ကြောင်း ဆုံးဖြတ်ပါ။

**အဖြေများ**

(က) အဆင့် ၄ – ရှာဖွေတွေ့ရှိချက်များကို ဖလှယ်မျှဝေပါ။

(ခ) အဆင့် ၂ – တိကျသော သတင်းအချက်အလက်များကို ရှာဖွေပါ။

(ဂ) အဆင့် ၁ – သုတေသနမေးခွန်းများကို စဉ်းစားဖန်တီးပါ။

(ဃ) အဆင့် ၃ – သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာပြီး နိဂုံးချုပ်ကောက်ချက်ချပါ။

## လုပ်ငန်းစဉ် – သုတေသန လုပ်ငန်းစဉ်အား လိုက်နာဆောင်ရွက်ခြင်း

- ကျောင်းသားများက အခြေအနေပြဖြစ်ရပ်များကို ဖတ်ရှုပါ။
- အဖွဲ့ငယ်များ သို့မဟုတ် တစ်တန်းလုံးအနေဖြင့် မည်သည့် အခြေအနေပြဖြစ်ရပ်သည် သုတေသနလုပ်ငန်းစဉ်ကို လိုက်နာကျင့်သုံးမှု မရှိကြောင်းနှင့် အဘယ်ကြောင့် ဖြစ်ကြောင်း ဆုံးဖြတ်ပါ။

**အဖြေ**

၂။ 'တရုတ်နိုင်ငံအပေါ် မြန်မာနိုင်ငံသားများ၏ အမြင်သဘောထား – အမျိုးသားအဆင့် လေ့လာချက်' သုတေသနလုပ်ငန်းစဉ်ကို လိုက်နာမှုမရှိပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းလေ့လာချက်တွင် အဆင့် ၃ (သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာပြီး နိဂုံးချုပ် ကောက်ချက်ချပါ) ကို လုပ်ဆောင်ခြင်း မရှိသည့်အတွက် ဖြစ်သည်။

## ဆွေးနွေးချက်

- တစ်တန်းလုံးအနေဖြင့် သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၂။ ခွဲခြမ်းစိတ်ဖြာရန် (အသုံးဝင်သော သတင်းအချက်အလက်များ) အချက်အလက်များ ရရှိလိမ့်မည် မဟုတ်သည့်အတွက် သုတေသနကို ကောင်းစွာ လုပ်ဆောင်နိုင်လိမ့်မည် မဟုတ်ပေ။

၃။ သတင်းအချက်အလက်များ ရရှိနိုင်မည်ဖြစ်သော်လည်း ၎င်းတို့ကို ခွဲခြမ်းစိတ်ဖြာခြင်း သို့မဟုတ် အနှစ်ချုပ်ရေးသားခြင်း ရရှိလိမ့်မည်မဟုတ်ပေ။ ၎င်းအချက်အလက်များသည် သင်သုတေသနပြုစုနေသော အကြောင်းအရာကို လူအများ နားလည်လာစေရန် အထောက်အကူပြုနိုင်လိမ့်မည် မဟုတ်ပေ။

၄။ လူအများက သင်၏ သုတေသနကို သိရှိမည်မဟုတ်သည့် အတွက် ၎င်းသုတေသနကြောင့် နားလည်သဘောပေါက်ခြင်း တိုးတက်လာမည် မဟုတ်ပေ သို့မဟုတ် အပြုသဘောဆောင်သော သက်ရောက်မှု ရှိလာစေလိမ့်မည် မဟုတ်ပေ။

# ၁.၃ သုတေသန မေးခွန်းများ စဉ်းစားဖော်ထုတ်ခြင်း

## အကြိုလေ့လာချက်

- မေးခွန်းကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- အရေးကြီးဆုံး ကိစ္စရပ်များအကြောင်း အခြားလူများနှင့် ပြောဆိုပါ။
- သင်၏ခေါင်းစဉ်နှင့် ပတ်သက်သည့် စာအုပ်များ၊ ဝက်ဘ်ဆိုဒ်များနှင့် အခြားအချက်အလက်များကို ဖတ်ရှုပါ။
- ဖြစ်နိုင်ခြေရှိသော မေးခွန်းများ စဉ်းစားဖော်ထုတ်ပါ။

## လုပ်ငန်းစဉ် – သင်၏ သုတေသန လုပ်ဆောင်ချက်အပေါ် လွှမ်းမိုးမှုရှိသည့် အကြောင်းရင်းများ

၁။ အဖွဲ့ငယ်များဖြင့် ကျောင်းသားများက အကြောင်းရင်း တစ်ခုချင်းစီသည် ၎င်းတို့ ရွေးချယ်ထားသော သုတေသန ခေါင်းစဉ်တစ်ခုအပေါ် မည်သို့လွှမ်းမိုးမှုရှိနိုင်ကြောင်း ဆွေးနွေးပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

**လေ့လာသင်ယူနေသည့် ပညာရေးနယ်ပယ်**

- ခေါင်းစဉ်တစ်ခုကို အတော်ကြာလေ့လာခဲ့ပြီးပါက အဆိုပါ ခေါင်းစဉ်အကြောင်း ပိုမိုသိရှိပြီး ၎င်းနှင့် ပတ်သက်၍ ထိရောက်စွာ သုတေသန ပြုစုနိုင်မည်ဖြစ်သည်။

**အလုပ်အကိုင်**

- အလုပ်အကိုင်ကြောင့် တိကျသော အကြောင်းအရာ တစ်ခုခုနှင့် ပတ်သက်၍ သုတေသန လုပ်ဆောင်ရနိုင်သည်။
- သင်လုပ်ကိုင်နေသော အဖွဲ့အစည်းသည် တိကျသော ကိစ္စရပ်တစ်ခုခုအပေါ် အထူးအာရုံစိုက်ခြင်းလည်း ဖြစ်နိုင်ပါသည်။
- အလုပ်အကိုင်က ခေါင်းစဉ်တစ်ခုခုနှင့် ပတ်သက်သည့် ဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံများကို ရရှိစေနိုင်ပါသည်။

**သင်၏ လူမှုအဖွဲ့အစည်းအတွင်း အရေးကြီးသော ကိစ္စရပ်များ**

- သင်၏ လူမှုအဖွဲ့အစည်းအတွက် အရေးကြီးသော ကိစ္စရပ်များအကြောင်း သုတေသနလုပ်ဆောင်လျှင် ပံ့ပိုးမှုများကို ပိုမိုရရှိနိုင်ပါလိမ့်မည်။

**စိတ်ဝင်စားမှုများ**

- တစ်စုံတစ်ခုအပေါ်တွင် စိတ်ဝင်စားပါက အဆိုပါ အကြောင်းအရာနှင့် ပတ်သက်ပြီး သုတေသနပြုစုရန် စိတ်တက်ကြွမှု ပိုရှိနိုင်ပါသည်။

**ထောက်ပံ့ငွေကြေး**

- ငွေကြေးထောက်ပံ့သူများက တိကျသော ခေါင်းစဉ်တစ်ခု အကြောင်း သုတေသနပြုစုရန် သင့်ကို အလုပ်ခန့်အပ်နိုင် ပါသည်။
- ခေါင်းစဉ်တစ်ခုသည် အာရုံစိုက်ခြင်းခံလာရပါက ၎င်းနှင့် ပတ်သက်ပြီး လုပ်ဆောင်သည့် သုတေသန ကုန်ကျစရိတ်များအတွက် ထောက်ပံ့မှုရရှိရန် ပိုလွယ်ကူနိုင်ပါသည်။

၂။ အဖွဲ့ငယ်များက ၎င်းတို့ရွေးချယ်ထားသော သုတေသန ခေါင်းစဉ်အပေါ် လွှမ်းမိုးမှုရှိနိုင်သည့် အခြားသော အကြောင်းရင်းများကို ထပ်ပေါင်းထည့်ပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- လုပ်ဆောင်ပြီးသား သုတေသနများ
- သုတေသနပြုစုရန် လွယ်ကူခြင်းရှိ/မရှိ
- လက်ရှိအဖြစ်အပျက်များ

## လေ့ကျင့်ခန်း

- ကျောင်းသားများက ခေါင်းစဉ်များကို ကတော့ပုံကားချပ်ထဲတွင် ဖြန့်ကြက်မေးခွန်းများမှနေ၍ (ထိပ်ဆုံး) အသေးစိတ်တိကျသော ခေါင်းစဉ်များအဖြစ် (အောက်ဆုံး) ဖြည့်စွက်ပါ။

**အဖြေများ**

၁။ (က)
၂။ (စ)
၃။ (ဆ)
၄။ (ည)
၅။ (ဃ)
၆။ (ဂ)
၇။ (ဈ)
၈။ (ဇ)
၉။ (င)
၁၀။ (ခ)

**အပိုဆောင်းလုပ်ငန်း – ဖြန့်ကြက်ခေါင်းစဉ် သို့မဟုတ် အသေးစိတ်တိကျသောခေါင်းစဉ် ဖြစ်ပါသလား။**

ကျောင်းသားများက ယခုမှစတင်မည့် သုတေသီသစ်များအတွက် အသေးစိတ်တိကျသောခေါင်းစဉ်များနှင့် ဖြန့်ကြက်ခေါင်းစဉ်များတို့ထဲမှ မည်သည့်ခေါင်းစဉ်ကို အသုံးပြုရန်ပိုကောင်းကြောင်း ဆွေးနွေးရမည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက မေးခွန်းတစ်ခုချင်းစီအတွက် အကောင်းဆုံးအဖြေကို ရွေးချယ်ရမည်။

**အဖြေများ**

၁။ (ဂ)

၂။ (ဂ)

၃။ (ဃ)

## သင်တို့၏ သုတေသနစီမံကိန်း – သုတေသနခေါင်းစဉ်

**မှတ်ချက်။** ။ ဤလုပ်ငန်းသည် ကျောင်းသားများကို သုတေသနစီမံကိန်းတစ်ခုအား အစမှအဆုံးထိ ပြင်ဆင်ဖန်တီးပြီး လက်တွေ့လုပ်ဆောင်စေရန် ဒီဇိုင်းရေးဆွဲထားသည့် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်း ၁၆ ခုထဲမှ ပထမဆုံးတစ်ခုဖြစ်သည်။

ကျောင်းသားများ သင်ယူရရှိလာသော ဗဟုသုတနှင့် ကျွမ်းကျင်မှုအသစ်များကို ၎င်းတို့ ကြိုက်နှစ်သက်ရာ သုတေသနစီမံကိန်းတစ်ခုတွင် ကိုယ်တိုင်လက်တွေ့ အသုံးချတတ်အောင် တိုက်တွန်းပေးရန်အတွက် ၎င်းလုပ်ငန်းစဉ်များကို စာအုပ်၏အစမှ အဆုံးထိ အခန်းငယ်တိုင်းတွင် ဖြန့်ကြက်ထည့်သွင်းဖော်ပြထားပါသည်။

သုတေသနစီမံကိန်းတစ်ခုအား ဒီဇိုင်းရေးဆွဲခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်း ဖြစ်စဉ်မှတစ်ဆင့် ကျောင်းသားများကို ညွှန်ကြားပေးရန်အတွက် ၎င်းလုပ်ငန်းစဉ်များကို အသုံးပြုပါ။

- ကျောင်းသားများက ၎င်းတို့စိတ်ဝင်စားသော သုတေသန ခေါင်းစဉ်တစ်ခုကို စဉ်းစားရမည်။

၁။ ၎င်းခေါင်းစဉ်နှင့် ပတ်သက်ပြီး ဆက်လက်ရှာဖွေရန်အတွက် ဆောင်ရွက်နိုင်သော တစ်ဆင့်ခံသုတေသန နည်းလမ်းများကို စဉ်းစားဆုံးဖြတ်ပါ။

၂။ ကျောင်းသားများက ခေါင်းစဉ်ကို စီမံခန့်ခွဲနိုင်ပြီး လက်တွေ့ဆန်သော သုတေသနခေါင်းစဉ် ဖြစ်လာသည်အထိ ဆွဲချုံ့ရမည်။

- ၎င်းတို့၏ သုတေသန မေးခွန်းများသည် ယေဘုယျဆန်လွန်းခြင်း သို့မဟုတ် မရှင်းမလင်း ဖြစ်နေခြင်းတို့မရှိအောင် စစ်ဆေးပါ။

၃။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက သုတေသန ခေါင်းစဉ်တစ်ခု ခွဲခြားဖော်ထုတ်ရာတွင် အသုံးပြုသွားမည့် တစ်ဆင့်ခံသုတေသနနှင့် ခေါင်းစဉ်ဆွဲချုံ့ခြင်း ဖြစ်စဉ်တို့ကို ဆွေးနွေးသွားရမည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက သုတေသန မေးခွန်းများစာရင်းကို ဖတ်ရှုပြီး မည်သည့်စာရင်းသည် သုတေသနပြုစုရန် ပိုလွယ်ကူကြောင်း စဉ်းစားဆုံးဖြတ်ပါ။

**အဖြေ**

စာရင်း ၂ – အဘယ်ကြောင့်ဆိုသော် သုတေသန မေးခွန်းများကို အသေးစိတ်တိကျသော မေးခွန်းများအဖြစ် ဆွဲချုံ့ထားသည့်အတွက်ဖြစ်သည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက သုတေသန မေးခွန်းတစ်ခုစီသည် ရှင်းလင်းမှုရှိ/ မရှိနှင့် အဘယ်ကြောင့် ရှင်းလင်းမှုရှိ/ မရှိ ရကြောင်း ဆုံးဖြတ်ရမည်။

**အဖြေများ**

၁။ မရှင်းလင်းပါ – 'လူများ' ဆိုသည့် မေးခွန်းမှာ ယေဘုယျကျလွန်းပြီး ဆိုင်ကလုန်းနာဂစ်ကဲ့သို့သော သဘာဝဘေးအန္တရာယ်တစ်ခုဆိုသည့် အဓိပ္ပာယ်မှာလည်း နားလည်ရန် ရှုပ်ထွေးပါသည် – ၎င်းမှာ ဆိုင်ကလုန်း တစ်ခုတည်းကို ဆိုလိုပါသလား။ ရေကြီးခြင်း သို့မဟုတ် မြေငလျင်စသည်တို့လည်း ပါဝင်ပါသလား။

၂။ ရှင်းလင်းသည်။

၃။ ရှင်းလင်းသည်။

၄။ မရှင်းလင်းပါ – 'ပြဿနာများ' ဆိုသည်မှာ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ဘာသာစကား အခက်အခဲရှိခြင်းတို့ အပါအဝင် များစွာသော ကိစ္စရပ်များကို ဆိုလိုနိုင်ပါသည်။ 'လူနည်းစုများ' ဆိုသည်မှာ တိုင်းရင်းသားအစုအဖွဲ့၊ ဘာသာရေးအစုအဖွဲ့များ၊ LGBT အစုအဖွဲ့များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ အစရှိသဖြင့် အဓိပ္ပာယ်ပေါ်နိုင်ပါသည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက မေးခွန်းများကို ဖြန့်ကြက်မှုအရှိဆုံး မေးခွန်းများမှနေ၍ အသေးစိတ်တိကျသော မေးခွန်းများ အဖြစ် အဆင့်လိုက်သတ်မှတ်ပါ။

**အဖြေများ**

၅၊ ၂၊ ၄၊ ၁၊ ၃

## လုပ်ငန်းစဉ် – အသေးစိတ်တိကျစွာ စဉ်းစားပြီး မေးခွန်းများကို ပြန်လည်ရေးချပါ

၁။ တစ်ဦးချင်းစီဖြင့် ကျောင်းသားများက သုတေသန မေးခွန်းများကို ရှင်းလင်းပြီး အသေးစိတ်တိကျ၍ သုတေသန ပြုစုနိုင်သည့် မေးခွန်းများအဖြစ် ပြန်လည်ရေးသားရမည်။

- မည်သည့်အဖြေမဆို တိကျသော နေရာဒေသ၊ လူငယ်များ အတွက် ကျွမ်းကျင်မှုများနှင့် ပတ်သက်သည့် အတွေးအမြင် တစ်ခုရှိသည့် သတ်မှတ်ထားသော အစုအဖွဲ့တစ်ဖွဲ့၊ လူငယ်များအကြား တိကျသော အသက်အရွယ်အတွင်းရှိ လူငယ်အစုအဖွဲ့များ စသည်တို့ ပါဝင်သင့်ပါသည်။ ကျွမ်းကျင်မှုအမျိုးအစားများသည်လည်း ပိုမိုတိကျစွာ ဖော်ပြနိုင်ပါသည် – ဥပမာ – အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုများ၊ ပညာရေးဆိုင်ရာ ကျွမ်းကျင်မှုများ၊ ဆက်သွယ်ရေး ကျွမ်းကျင်မှုများ အစရှိသဖြင့်။

၂။ နှစ်ယောက်တစ်တွဲ သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက ၎င်းတို့၏ မေးခွန်းများကို နှိုင်းယှဉ်ပြီး အကောင်းဆုံးမေးခွန်းတစ်ခုကို ရွေးချယ်ဆုံးဖြတ်ရမည်။

၃။ တစ်တန်းလုံးအနေဖြင့် သုတေသနမေးခွန်းအတွက် အသင့်တော်ဆုံး စကားလုံးများကို ဆုံးဖြတ်ရွေးချယ်ရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- လားရှိုးအထက်တန်းကျောင်း ဆရာ/မများက ထင်မြင်ယူဆထားသည့် လူငယ်များတွင်ရှိသင့်သော အရေးကြီးဆုံး ကျွမ်းကျင်မှုများမှာ အဘယ်နည်း။
- စစ်ကိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူး များက သတ်မှတ်ဆုံးဖြတ်ထားသော ကျောင်းထွက်သည့် လူငယ်များတွင်ရှိသင့်သော အရေးကြီးဆုံး ကျွမ်းကျင်မှုများမှာ အဘယ်နည်း။
- မြိတ်မြို့ရှိ ပြည်သူ့ကျန်းမာရေးအရာရှိများက ဆယ်တန်းကျောင်းသားများသည် မည်သည့် ကျွမ်းကျင်မှုများကို သင်ယူတတ်ကျွမ်းခြင်းရှိထားရန် အရေးကြီးသည်ဟု ထင်မြင်လက်ခံထားကြသနည်း။

## လုပ်ငန်းစဉ် – သုတေသနမေးခွန်းများကို သုံးသပ်အကဲဖြတ်ခြင်း

> **မှတ်ချက်။** ။ ကျောင်းသားနည်းသော စာသင်ခန်း တစ်ခန်းတွင် ခေါင်းစဉ်အရေအတွက်ကို လျှော့ချနိုင်သည် သို့မဟုတ် တစ်ဦးလျှင် ခေါင်းစဉ်တစ်ခုစီ ရွေးချယ်ခွင့် ပြုနိုင်သည်။

၁။ ၄–၆ ဦးပါသော အဖွဲ့ငယ်များဖြင့် ကျောင်းသားများက ခေါင်းစဉ်များစာရင်းကို ဆုံးဖြတ်ပြီး အဖွဲ့ဝင်တစ်ဦး သို့မဟုတ် နှစ်ယောက်တစ်တွဲစီအား ခေါင်းစဉ်တစ်ခုစီ တာဝန်ပေးပါ။

- ကျောင်းသားများက ၎င်းတို့၏ ခေါင်းစဉ်များအတွက် သုတေသနမေးခွန်းများ ရေးချရမည်။

၂။ အဖွဲ့များက သုတေသန မေးခွန်းတစ်ခုစီကို ရှင်းလင်းမှုရှိပြီး အသေးစိတ်တိကျ၍ သုတေသနပြုစုနိုင်စေရန် တည်းဖြတ်ပါ။

- ကျောင်းသားများက ၎င်းတို့၏ နောက်ဆုံးသုတေသန မေးခွန်းများကို စာရွက်ချပ်ကြီးပေါ်တွင် ရေးချရမည် သို့မဟုတ် မေးခွန်းများကို စာရွက်ပိုင်းလေးများပေါ်တွင် သီးခြားစီရေးသားရမည်။
- ၎င်းတို့၏ မေးခွန်းများကို နံရံပေါ်တွင်ကပ်ရမည်။

၃။ ကျောင်းသားများက အခန်းတစ်ပိုက်ပတ်သွား၍ အခြား အဖွဲ့များ၏ သုတေသန မေးခွန်းများကို လိုက်လံကြည့်ရှုရမည်။

- ၎င်းတို့က မေးခွန်းများဘေးတွင် အဆိုပါ မေးခွန်းတစ်ခုချင်းစီအား ပိုမိုကောင်းမွန်လာအောင် အကြံဉာဏ်များ ရေးသားရမည်။
- အဖွဲ့များက ၎င်းတို့၏ မေးခွန်းများပေါ်ရှိ သုံးသပ်အကြံပြုချက်များကို ဖတ်ရှုရမည်။

## ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများက ဖြစ်ရပ်လေ့လာချက်များကို ဖတ်ရှုပါ။

၁။ ၎င်းတို့က သုတေသနကို အတိုချုံး အနှစ်ချုပ်ဖော်ပြရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေ**

ပညာရေးစွမ်းဆောင်မှုအပေါ် လူမှုမီဒီယာ၏ သက်ရောက်မှုကို သုတေသနပြုစုရန်။ သုတေသနအတွက် ဒေတာများကို စစ်တမ်းဖြင့် ကောက်ယူပြီး ခွဲခြမ်းစိတ်စစ်ခြင်းကို SPSS ကွန်ပျူတာ ပရိုဂရမ်ဖြင့် လုပ်ဆောင်ခဲ့သည်။

၂။ ရှာဖွေတွေ့ရှိချက်များက မေးခွန်းများကို ဖြေဆိုပေးခဲ့သည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

(က) – ၎င်းသုတေသနသည် အဆိုပါ တက္ကသိုလ်ရှိ ကျောင်းသားများအတွက် အရေးပါပြီး အသုံးဝင်ခဲ့ပါသည်။
- ၎င်းတက္ကသိုလ်ရှိ ကျောင်းသားများလည်း အလွယ်တကူ ဖတ်ရှုနိုင်ပါသည်။
- ၎င်းတွင်ရှိသော အရင်းအမြစ်များနှင့် အချိန်ကလည်း သုတေသနပြုစုရန် လုံလုံလောက်လောက် ရှိခဲ့ပါသည်။

(ခ) – ပါဝင်ဖြေကြားသူများအနေဖြင့် သုတေသနအကြောင်း နားလည်စေရန်လည်း သေသေချာချာ ကြိုးစားခဲ့ပါသည်။
- ပါဝင်ဖြေကြားသူအားလုံးက ဆန္ဒရှိစွာ သဘောတူပြီး ဖြေကြားပေးခဲ့သည်။

(ဂ) – SPSS အသုံးပြုရခြင်းမှာ ၎င်းသည် ရှုပ်ထွေးသည့် ကွန်ပျူတာ ပရိုဂရမ်တစ်ခုဖြစ်သည့်အတွက်ကြောင့် ဖြစ်သည်။
- ပါဝင်ဖြေကြားပေးမည့်သူများက အလုပ်ရှုပ်နေပါက၊ ပါဝင်ဖြေကြားလိုစိတ်ရှိလာစေရန် ဖွဲ့ဆောင်ခြင်း။
- ပါဝင်ဖြေကြားသူများက သုတေသနအကြောင်း နားလည်သဘောပေါက်စေရန် ဂရုတစိုက် ဆောင်ရွက်ခြင်း။

## သင်တို့၏ သုတေသနစီမံကိန်း – ရှင်းလင်းမှုရှိပြီး အသေးစိတ်တိကျသော သုတေသနပြုလုပ်နိုင်ပါသလား

**မှတ်ချက်။** ။ ဤလုပ်ငန်းသည် ကျောင်းသားများကို သုတေသနစီမံကိန်းတစ်ခုအား အစမှအဆုံးထိ ပြင်ဆင်ဖန်တီးပြီး လက်တွေ့လုပ်ဆောင်စေရန် ဒီဇိုင်းရေးဆွဲထားသည့် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်း ၁၆ ခုထဲမှ ဒုတိယတစ်ခုဖြစ်သည်။

၎င်းသည် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်းများအားလုံးအတွက် ခေါင်းစဉ်တစ်ခုတည်းကိုသာ တောက်လျှောက်အသုံးပြုသွားမည်ဆိုပါက ထိရောက်မှုရှိနိုင်ပါသည်။ သို့သော် ကျောင်းသားများက ၎င်းလုပ်ငန်းများကို လုပ်ဆောင်နေချိန်တွင် ၎င်းတို့ ရွေးချယ်ထားသော ယခင်သုတေသနခေါင်းစဉ်များ သို့မဟုတ် မေးခွန်းများသည် လက်တွေ့ကျမှု မရှိတော့ခြင်း၊ စိတ်ဝင်စားမှုမရှိခြင်း သို့မဟုတ် အသုံးဝင်မှုမရှိခြင်းတို့ကို တွေ့မြင်လာနိုင်သည် သို့မဟုတ် အခြားခေါင်းစဉ် သို့မဟုတ် မေးခွန်းကို ပိုမိုစိတ်ဝင်စားလာနိုင်ပါသည်။

၁။ ကျောင်းသားများက ၎င်းတို့၏ သုတေသနမေးခွန်းကို သုံးသပ်အကဲဖြတ်ပြီး ၎င်းမေးခွန်းသည် ရှင်းလင်းပြီး အသေးစိတ်တိကျ၍ သုတေသနပြုစုနိုင်စွမ်းရှိ/မရှိ ဆုံးဖြတ်ရမည်။ လိုအပ်သကဲ့သို့ ပြုပြင်ပြောင်းလဲပေးရမည်။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက မိမိတွဲဖက်၏ သုတေသန မေးခွန်းများကို စစ်ဆေးပြီး ၎င်းတို့ကို ရှင်းလင်းမှုရှိပြီး အသေးစိတ်တိကျ၍ သုတေသနပြုစုနိုင်သည့် မေးခွန်းများအဖြစ် တိုးတက်ကောင်းမွန်လာစေရန် အပြန်အလှန် အကြံပြုချက်များ ပြောကြားပေးရမည်။

## ဆွေးနွေးချက်

- တစ်တန်းလုံးအနေဖြင့် သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ – ဦးတည်ချက်ရှိပါသည်။
– လူများ/ လူမှုအဖွဲ့အစည်းများအတွက် အသုံးဝင်ပါသည်။
– ဤမေးခွန်းအား ဖြေဆိုရန်အတွက် သုတေသန လုပ်ဆောင်နိုင်ပါသည်။
– ဤမေးခွန်းကို ယခင်က သုတေသန မပြုစုခဲ့ရသေးပါ။

၂။ – ဟုတ်ပါသည်။ စိတ်ဝင်စားမှုရှိခြင်းက သုတေသနပြုစုရန် ပိုမိုလွယ်ကူစေပါသည်။
– မဟုတ်ပါ။ သင်စိတ်ဝင်စားမှု မရှိသေးသည့် အကြောင်းအရာတစ်ခုခုကို သုတေသနပြုစုမည်ဆိုလျှင် အကြောင်းအရာအသစ်များကို သင်ယူသိရှိလာပါလိမ့်မည်။

# ၁.၄ သုတေသီကောင်းတစ်ဦး၏ သရုပ်လက္ခဏာရုပ်များ

အကြံပြုလေ့လာချက်

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ – စိတ်ရှည်ခြင်း
– စနစ်တကျရှိခြင်း
– အလုပ်ကြိုးစားခြင်း

၂။ – ဖွဲ့စည်းတည်ဆောက်ခြင်း ကျွမ်းကျင်မှုများ
– လူမှုဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုများ
– စာအရေးအသား ကျွမ်းကျင်မှုများ
– မိမိကိုယ်ကိုယ် ယုံကြည်မှုရှိခြင်း
– အသင်းအဖွဲ့ဖြင့် လုပ်ဆောင်ခြင်း ကျွမ်းကျင်မှုများ

## လေ့ကျင့်ခန်း

- ကျောင်းသားများက အခြေအနေပြဖြစ်ရပ်တစ်ခုချင်းစီကို ရှေ့စာမျက်နှာမှ သုတေသီကောင်းတစ်ဦး၏ သရုပ်လက္ခဏာရပ်များ (သိလိုစိတ်ပြင်းပြခြင်း၊ ခွဲခြမ်းစိတ်စစ်နိုင်ခြင်းနှင့် စနစ်တကျရှိခြင်း) တို့ဖြင့် တွဲစပ်ရမည်။

**အဖြေများ**

၁။ သိလိုစိတ်ပြင်းပြခြင်း

၂။ စနစ်တကျရှိခြင်း

၃။ ခွဲခြမ်းစိတ်စစ်နိုင်ခြင်း

## လေ့ကျင့်ခန်း

- ကျောင်းသားများက သုတေသီများ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ရှုပြီး တစ်ဦးချင်းစီအတွက် မေးခွန်းများကို ဖြေဆိုပါ။

**အဖြေများ**

၁။ (က) မြန်မာနိုင်ငံရှိ လက်ကိုင်ဖုန်း သုံးစွဲသူများအကြား ကျား/မ ကွာဟမှု။

(ခ) မြန်မာနိုင်ငံ၏ ကိုလိုနီခေတ်သမိုင်းကြောင်း။

(ဂ) ဆိုင်ကလုန်းနာဂစ်၏ သက်ရောက်မှုများ။

၂။ (က) – အကြောင်းအရာအသစ်များကို သင်ယူလေ့လာခြင်း။

(ခ) – အရေးကြီးသော သမိုင်းကြောင်းဆိုင်ရာ မေးခွန်းများအတွက် အဖြေများရှာဖွေခြင်း။

– သမိုင်းကြောင်းဆိုင်ရာ ရင်းမြစ်များကို ရှာဖွေဖော်ထုတ်ခြင်း။

(ဂ) – အခြေအနေတစ်ခုနှင့် ပတ်သက်ပြီး တိုက်ရိုက် နားလည်နိုင်ရန်အတွက် အခြားလူများနှင့် စကားပြောဆိုခြင်း။

၃။ (က) ဗဟုသုတကြွယ်ဝခြင်း၊ စိတ်လွတ်လပ်ပွင့်လင်းမှုရှိခြင်း၊ တက်ကြွမှုရှိခြင်း။

(ခ) သိလိုစိတ်ပြင်းပြခြင်း၊ စိတ်လွတ်လပ်ပွင့်လင်းမှုရှိခြင်း၊ ရိုးသားမှုရှိခြင်း၊ ဘက်လိုက်မှုမရှိခြင်း။

(ဂ) အခြေအနေတစ်ရပ်ကို ရှုထောင့်မျိုးစုံမှ ခွဲခြမ်းစိတ်စစ်နိုင်ခြင်း၊ ဘက်လိုက်မှုမရှိခြင်း၊ လိုက်လျော ညီထွေမှုရှိအောင် ပြောင်းလဲနိုင်စွမ်းရှိခြင်း။

## လုပ်ငန်းစဉ် – မိမိကိုယ်ကိုယ် ပြန်လည်သုံးသပ်ခြင်း

၁။ တစ်ဦးချင်းစီဖြင့် ကျောင်းသားများက အခန်းငယ် ၁.၄ တွင် ဆွေးနွေးခဲ့ပြီးသော သုတေသီ၏ သရုပ်လက္ခဏာရပ်များထဲမှ မည်သည့်အချက်များသည် ၎င်းတို့တွင်ရှိသည်ဟု ခံစားရကြောင်း ခွဲခြားဖော်ထုတ်ရမည်။

၂။ ကျောင်းသားများက သုတေသီ၏ လက္ခဏာရပ်များထဲမှ မည်သည့်လက္ခဏာရပ်များကို ပိုမိုတိုးတက်လာအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း ခွဲခြားဖော်ထုတ်ရမည်။

၃။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက သုတေသီများအနေဖြင့် ၎င်းတို့၏ အားသာချက်နှင့် အားနည်းချက်များကို နှိုင်းယှဉ်ရမည်။

## လုပ်ငန်းစဉ် – သုတေသန၏ အပြုသဘောဆောင်ချက်များနှင့် အပျက်သဘောဆောင်ချက်များ

၁။ တစ်ဦးချင်းစီ သို့မဟုတ် နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက ထုတ်ပြန်ချက်တစ်ချက်စီတိုင်းသည် (က–ည အထဲမှ) သုတေသန၏ အပြုသဘော သို့မဟုတ် အပျက်သဘောတစ်ခုဖြစ်ကြောင်း ဆုံးဖြတ်ရမည်။

**အဖြေများ**

(က) အပြုသဘော

(ခ) အပျက်သဘော

(ဂ) အပြုသဘော

(ဃ) အပျက်သဘော

(င) အပျက်သဘော

(စ) အပြုသဘော

(ဆ) အပျက်သဘော

(ဇ) အပြုသဘော

(ဈ) အပျက်သဘော

(ည) အပြုသဘော

၂။ ကျောင်းသားများက သုတေသီများ၏ မှတ်ချက်များ (မီးခိုးရောင် လေးထောင့်ကွက်ထဲမှ i-x) ကို ဖတ်ရှုပြီး ၎င်းမှတ်ချက်များကို အပြုသဘောနှင့် အပျက်သဘောများဖြင့် တွဲစပ်ပါ။ မှတ်ချက်များသည် တစ်ခုထက်ပိုသော အပြုသဘောနှင့် အပျက်သဘောများဖြင့် တွဲစပ်နိုင်ပါသည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

i. (က)၊ (ည)

ii. (က)၊ (စ)၊ (ည)

iii. (ဃ)၊ (င)

iv. (ဂ)၊ (င)၊ (ဆ)

v. (ဂ)

vi. (ဃ)၊ (င)

vii. (စ)

viii. (က)၊ (ဂ)၊ (ဇ)

ix. (ခ)၊ (င)

x. (ဈ)

> **မှတ်ချက်။** ။ သုတေသနသည် အနာဂတ်တွင် မည်သည့်အရာများ ဖြစ်ပျက်လာမည်ဖြစ်ကြောင်း တိကျစွာ မခန့်မှန်းနိုင်ချေ။ သို့သော် အနာဂတ်တွင် ဖြစ်ပျက်လာမည့် အရာများကို တိကျစွာ မဖြေကြားနိုင်သည့်တိုင် လက်ရှိကာလတွင် ပြုစုခဲ့သော သုတေသနသည် အနာဂတ်တွင် ဖြစ်လာနိုင်ခြေရှိသောအရာများကို ဖော်ပြနိုင်ပါသည်။

၃။ အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မှတ်ချက် (i-x) နှင့် သဘောတူညီမှု ရှိ/ မရှိ ဆွေးနွေးရမည်။

၄။ အဖွဲ့ငယ်များက သုတေသနပြုစုခြင်း၏ အခြားသော အပြုသဘောနှင့် အပျက်သဘောများကို ထပ်မံ၍ စာရင်းပြုစုရေးသားရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

**ကောင်းကျိုးများ**

- သုတေသနသည် ပြဿနာများကို ကူညီဖြေရှင်းပေးနိုင်ပါသည်။
- သုတေသနသည် လူများ၏ အသိပညာကို တိုးပွားလာစေပါသည်။

**ဆိုးကျိုးများ**

- သုတေသနပြုစုရန် အချိန်များစွာပေးရပါသည်။
- သုတေသနသည် လူများကို စိတ်အနှောင့်အယှက်ဖြစ်စေနိုင်ပါသည်။

## ဆွေးနွေးချက်

- တစ်တန်းလုံးအနေဖြင့်ဖြစ်စေ သို့မဟုတ် အဖွဲ့ငယ်များဖြင့်ဖြစ်စေ၊ ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- ဤနည်းအားဖြင့် သုတေသနရလဒ်များသည် တိကျမှုရှိပြီး ယုံကြည်လက်ခံနိုင်စွမ်း ရှိစေပါသည်။
- ဤနည်းအားဖြင့် အခြားလူများက သင်၏သုတေသနလုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပြီး ဆင်တူသောရလဒ်များကို ရရှိစေပါသည်။

# အခန်း ၂ –
# သုတေသန နည်းလမ်းများ

# ၂.၁ မူရင်းသုတေသနနှင့် တစ်ဆင့်ခံသုတေသန

**မှတ်ချက်။** ။ မြန်မာနိုင်ငံတွင် မူရင်းသုတေသန လုပ်ဆောင်နေသော အဖွဲ့အစည်းများ၏ ဝက်ဘ်ဆိုဒ်လင့်ခ်များကို အောက်တွင်ဖော်ပြထားပါသည်။
https://emref.org/en
https://asiafoundation.org/where-we-work/myanmar/
https://www.burnet.edu.au/countries/2_myanmar_burma

## အကြံပြုလေ့လာချက်

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ – လူမှုမီဒီယာဆိုင်ရာ သုတေသန
– အခြားနိုင်ငံများ သို့မဟုတ် ကမ္ဘာ့ရေးရာဆိုင်ရာ သုတေသန
– အတိတ်ကာလမှ အဖြစ်အပျက်များဆိုင်ရာ သုတေသန

၂။ – လူများ၏ အတွေးအမြင်များနှင့် အပြုအမူများဆိုင်ရာ သုတေသန
– လူမှုအဖွဲ့အစည်းများနှင့် ၎င်းတို့၏ အကြောင်းအရာများ ဆိုင်ရာ သုတေသန

## လေ့ကျင့်ခန်း

- ကျောင်းသားများက မေးခွန်းများကို ဖြေဆိုရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ တစ်စုံတစ်ယောက်က ဒေတာများကို ကောက်ယူပြီးသား ဖြစ်သည့်အတွက် သုတေသီက ဒေတာများကို ကောက်ယူရန် ငွေကြေး သို့မဟုတ် အချိန်သုံးစွဲရန် မလိုအပ်တော့ပေ။
၂။ သင်သုတေသနပြုစုလိုသော ခေါင်းစဉ်နှင့် ပတ်သက်၍ လုပ်ဆောင်ခဲ့ပြီးသား အခြားသော သုတေသနစာတမ်း။
၃။ တစ်ဆင့်ခံသုတေသနကို တစ်ခါတစ်ရံတွင် စာကြည့်စားပွဲ သုတေသနဟုလည်း ခေါ်တွင်ကြသည်။ အဘယ်ကြောင့် ဆိုသော် ၎င်းကို စာကြည့်တိုက်များ၊ အိမ် သို့မဟုတ် ရုံးခန်းနှင့် စာကြည့်စားပွဲတစ်ခုတွင် လုပ်ဆောင်ကြသည့် အတွက်ကြောင့်ဖြစ်သည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက အခြေအနေပြဖြစ်ရပ်တစ်ခုချင်းစီသည် မူရင်းသုတေသန သို့မဟုတ် တစ်ဆင့်ခံသုတေသနတို့၏ ဥပမာများ ဟုတ်/မဟုတ် ဆုံးဖြတ်ရမည်။

**အဖြေများ**

၁။ မူရင်းသုတေသန
၂။ တစ်ဆင့်ခံသုတေသန
၃။ တစ်ဆင့်ခံသုတေသန
၄။ မူရင်းသုတေသန
၅။ မူရင်းသုတေသန
၆။ မူရင်းသုတေသန
၇။ တစ်ဆင့်ခံသုတေသန
၈။ မူရင်းသုတေသန (မှတ်ချက် – ဤဥပမာတွင် အကျဉ်းသားများက ကဗျာများကို ရေးသားခဲ့သော်လည်း၊ ၎င်းကဗျာများကို ယခင်က စုဆောင်းထားခြင်း သို့မဟုတ် ခွဲခြမ်းစိတ်စစ်ထားခြင်း မရှိသည့်အတွက် အဆိုပါ သုတေသနကို မူရင်းသုတေသနအဖြစ် သတ်မှတ်ပါသည်။)

## လုပ်ငန်းစဉ် – မူရင်းသုတေသနနှင့် တစ်ဆင့်ခံသုတေသန

- ကျောင်းသားများက အခြေအနေပြဖြစ်ရပ်များကို ဖတ်ရှုရမည်။

၁။ တစ်ဦးချင်း သို့မဟုတ် နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက အခြေအနေပြဖြစ်ရပ် တစ်ခုချင်းစီထဲရှိ မူရင်းသုတေသနနှင့် တစ်ဆင့်ခံသုတေသနတို့ကို ခွဲခြားဖော်ထုတ်ရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

(က)

**မူရင်းသုတေသန**

– ဆရာ/မများနှင့် စကားပြောခြင်း

– ဒေသခံအလုပ်အကိုင် ရှာဖွေရေးဌာနများနှင့် စကားပြောဆိုခြင်း

– NGO များနှင့် စကားပြောဆိုခြင်း

**တစ်ဆင့်ခံသုတေသန**

– ကျောင်းသားဟောင်းများစာရင်း

– ကျေးလက်ဒေသ အလုပ်လက်မဲ့များဆိုင်ရာ NGO အစီရင်ခံစာတမ်းများ

(ခ)

**မူရင်းသုတေသန**

– မိသားစုများကို လူတွေ့မေးမြန်းခြင်း

– သက်ကြီးရွယ်အိုများကို လူတွေ့မေးမြန်းခြင်း

– လူအိုစောင့်ရှောက်ရေးဂေဟာများမှ လူနာများနှင့် ဝန်ထမ်းများကို လူတွေ့မေးမြန်းခြင်း

**တစ်ဆင့်ခံသုတေသန**

– မြန်မာနိုင်ငံရှိ ဥပဒေများဆိုင်ရာ NGO အစီရင်ခံစာတမ်းများ

– ယခင်အစိုးရများ၏ ကျန်းမာရေးဆိုင်ရာ မူဝါဒများ

– မြန်မာပြည်သူများ၏ ကျန်းမာရေးပြဿနာများဆိုင်ရာ စစ်တမ်းဒေတာများ

၂။ နှစ်ယောက်တစ်တွဲ သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက အခြေအနေပြဖြစ်ရပ်တစ်ခုချင်းစီအတွက် ထပ်မံလုပ်ဆောင်နိုင်ခြေရှိသော မူရင်းသုတေသနနှင့် တစ်ဆင့်ခံသုတေသနတို့ကို စာရင်းပြုစုရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

(က)

**မူရင်းသုတေသန**

– ကျောင်းသားများ၊ ရပ်ရွာခေါင်းဆောင်များနှင့် စကားပြောဆိုခြင်း။

**တစ်ဆင့်ခံသုတေသန**

– မွန်ပြည်နယ်ရှိ အလုပ်အကိုင်အကြောင်းဆိုင်ရာ NGO အစိုးရ၏ အစီရင်ခံစာတမ်းများကို ဖတ်ရှုပါ။

– အစိုးရထံမှ ကျောင်းထွက်နှုန်းမှတ်တမ်းများကို ဖတ်ရှုပါ။

(ခ)

**မူရင်းသုတေသန**

– ရပ်ရွာခေါင်းဆောင်များ၊ နယ်ခံ NGO များနှင့် အရပ်ဖက်အဖွဲ့အစည်းများကို လူတွေ့မေးမြန်းခြင်း။

**တစ်ဆင့်ခံသုတေသန**

– အခြားဒေသ/နိုင်ငံများရှိ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုအဖွဲ့အစည်းအခြေပြု ချဉ်းကပ်နည်းလမ်းများဆိုင်ရာ စာအုပ်များ သို့မဟုတ် ဆောင်းပါးများကို ဖတ်ရှုပါ။

## သင်တို့၏ သုတေသနစီမံကိန်း – မူရင်းသုတေသနနှင့် တစ်ဆင့်ခံသုတေသန

**မှတ်ချက်။** ။ ဤလုပ်ငန်းသည် ကျောင်းသားများကို သုတေသနစီမံကိန်းတစ်ခုအား အစမှအဆုံးထိ ပြင်ဆင်ဖန်တီးပြီး လက်တွေ့လုပ်ဆောင်စေရန် ဒီဇိုင်းရေးဆွဲထားသည့် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်း ၁၆ ခုထဲမှ တတိယတစ်ခုဖြစ်သည်။

၎င်းသည် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်းများအားလုံးအတွက် ခေါင်းစဉ်တစ်ခုတည်းကိုသာ တောက်လျှောက်အသုံးပြုသွားမည် ဆိုပါက ထိရောက်မှုရှိနိုင်ပါသည်။ သို့သော် ကျောင်းသားများက ၎င်းလုပ်ငန်းများကို လုပ်ဆောင်နေချိန်တွင် ၎င်းတို့ရွေးချယ်ထားသော ယခင်သုတေသန ခေါင်းစဉ်များ သို့မဟုတ် မေးခွန်းများသည် လက်တွေ့ကျမှု မရှိတော့ခြင်း၊ စိတ်ဝင်စားမှုမရှိခြင်း သို့မဟုတ် အသုံးဝင်မှုမရှိခြင်းတို့ကို တွေ့မြင်လာနိုင်သည် သို့မဟုတ် အခြားခေါင်းစဉ် (သို့) မေးခွန်းကို ပိုမိုစိတ်ဝင်စားလာနိုင်ပါသည်။

၁။ ကျောင်းသားများက အောက်ပါအချက်များကို စာရင်းပြုစုရမည်။
   - မေးခွန်းများကို ဖြေဆိုရန်အတွက် လုပ်ဆောင်ရန် လိုအပ်နိုင်သော မူရင်းသုတေသန
   - မေးခွန်းများကို ဖြေဆိုရန်အတွက် လုပ်ဆောင်ရန် လိုအပ်နိုင်သော တစ်ဆင့်ခံသုတေသန

၂။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက ၎င်းတို့၏ ရလဒ်များကို နှိုင်းယှဉ်ဆွေးနွေးရမည်။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ သင်၏ လူမှုအဖွဲ့အစည်းအတွင်းရှိ လူများအပေါ် သက်ရောက်မှုရှိသည့် လက်ရှိအဖြစ်အပျက်တစ်ခုခုအား သုတေသနပြုစုနေသည့်အခါ အဆိုပါနယ်ခံလူများနှင့် စကားပြောဆိုနိုင်သည်။ ဥပမာ – လမ်း (သို့) စက်ရုံကဲ့သို့သော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အသစ်တစ်ခုခု၏ သက်ရောက်မှုကို သုတေသနပြုစုရန်၊ ဒေသခံများ၏ နေထိုင်မှုအခြေအနေကို သုတေသနပြုစုရန်၊ ၎င်းရပ်ရွာအဖွဲ့အစည်းအတွင်းရှိ အဖြစ်အပျက်များဆိုင်ရာ အမြင်များနှင့် အတွေ့အကြုံများရယူရန် သို့မဟုတ် ကျန်းမာရေး (သို့) ပညာရေး လက်လှမ်းမီရရှိမှုဆိုင်ရာ အမြင်များ သိရှိရန်။

၂။ – သင် သုတေသနပြုစုနေသော အဖြစ်အပျက်သည် လွန်ခဲ့သောနှစ်များစွာက ဖြစ်ပျက်ခဲ့ပြီး သုတေသနပြုစု၍ စာတမ်းရေးသားထုတ်ဝေခဲ့ပြီးဖြစ်လျှင်။
   - ၎င်းအဖြစ်အပျက်ကို တွေ့ကြုံခဲ့ရသူ တစ်ဦးတစ်ယောက်မှ မရှိတော့သည့်အခါ။
   - သင်၏ လူမှုအဖွဲ့အစည်းအတွင်းရှိ အဖြစ်အပျက်တွင် အစိုးရ၊ NGO များ၊ စီးပွားရေးလုပ်ငန်းများ အစရှိသဖြင့် ပါဝင်ခဲ့ပြီး အွန်လိုင်းအစီရင်ခံစာများကဲ့သို့သော အသုံးဝင်၍ ယုံကြည်လက်ခံနိုင်သော တစ်ဆင့်ခံ သတင်းအချက်အလက်များ ရရှိနိုင်လျှင်။

# ၂.၂ အရေအတွက်စံပြု သုတေသန

**မှတ်ချက်။** ။ အရေအတွက်စံပြုနည်းလမ်းကို သုတေသန စီမံကိန်းအကြီးစားတွင် မကြာခဏအသုံးပြုကြသည်။ ကျောင်းသားများက အရေအတွက်စံပြု သုတေသနကို ဆောင်ရွက်လိုပါက၊ ကိန်းဂဏန်းအချက်အလက် ဒေတာများကို ကောက်ယူရန် (စစ်တမ်းမှ)၊ ဘက်လိုက်မှုမရှိရန် (အများလက်ခံနိုင်သော)၊ သုတေသန အစိတ်အပိုင်းအားလုံးကို တစ်သမတ်တည်း ဆောင်ရွက်ရန် (ယုံကြည်လက်ခံနိုင်စွမ်း) နှင့် သုတေသနပြုစုနေသော အကြောင်းအရာကို တိကျစွာ တိုင်းတာပေးသည့် (ကိုးစားနိုင်စွမ်း) ဒေတာကောက်ယူခြင်း နည်းလမ်းများ ဖန်တီးရန် ရည်မှန်းသင့်ပါသည်။ သို့သော် ဤသုတေသန မိတ်ဆက်စာအုပ်ကို သင်ယူစဉ် လုပ်ဆောင်သော အသေးစား သုတေသန စီမံကိန်းများ၏ ရလဒ်များသည် ကြီးမားကျယ်ပြန့်သော လူဦးရေအတွက် အသုံးချနိုင်လိမ့်မည် (ယေဘုယျကောက်ချက်ဆွဲနိုင်စွမ်း) မဟုတ်ပေ။

အရေအတွက်စံပြု သုတေသနနှင့် ဆက်စပ်ပြီး ထပ်မံသိရှိလိုပါက https://www.skillsyouneed.com/learn/quantitative-and-qualitative.html တွင်ကြည့်ပါ။

## အကြိုလေ့လာချက်

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ အရေအတွက်စံပြုဒေတာသည် ကိန်းဂဏန်းများဖြစ်ပြီး တိုင်းတာမှုများ ပါဝင်သည်။ အရည်အသွေးစံပြုဒေတာသည် အများအားဖြင့် အကြောင်းအရာများကို ရှင်းလင်းဖော်ပြသည့် စကားလုံးများဖြစ်သည်။

၂။ ၎င်းတို့သည် သုတေသနပြုစုရာတွင် မတူညီသည့် နည်းလမ်းများကို ဖော်ပြနေပါသည်။ အချို့သော သုတေသန မေးခွန်းများကို ကိန်းဂဏန်းများ၊ ရေတွက်ခြင်းနှင့် တိုင်းတာခြင်း (အရေအတွက်စံပြု သုတေသန) ဖြင့် ဖြေကြားရန် လိုအပ်ပါသည်။ အခြားသုတေသနများအတွက် စကားလုံးများဖြင့် ဖြေကြားရန် (အရည်အသွေးစံပြု သုတေသန) လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် စကားလုံးများသည် ကိန်းဂဏန်းဒေတာဖြင့် ဖော်ပြ၍ မရနိုင်သော အသေးစိတ် အချက်အလက်များကို ပံ့ပိုးပေးနိုင်ပြီး အခြေအနေများကို ပိုမိုကောင်းမွန်အောင် ရှင်းပြပေးနိုင်သည့်အတွက်ကြောင့်ဖြစ်သည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက အခြေအနေပြဖြစ်ရပ်တစ်ခုချင်းစီကို အရေအတွက်စံပြု သုတေသန၏ သရုပ်လက္ခဏာရပ်များထဲမှ (ကိန်းဂဏန်းအချက်အလက် ဒေတာ၊ ယေဘုယျကောက်ချက်ဆွဲနိုင်စွမ်းနှင့် ခမ္မခိဌာန်ကျခြင်း) တစ်ခုဖြင့် တွဲစပ်ရမည်။

**အဖြေများ**

၁။ ခမ္မခိဌာန်ကျခြင်း

၂။ ကိန်းဂဏန်းအချက်အလက်ဒေတာ

၃။ ယေဘုယျကောက်ချက်ဆွဲနိုင်စွမ်း

**မှတ်ချက်။** ။ ကိုးစားနိုင်စွမ်းနှင့် အကျုံးဝင်စွမ်းတို့နှင့် ဆက်စပ်ပြီး ထပ်မံသိရှိလိုပါက https://socialresearchmethods.net/kb/relandval.php တွင် ကြည့်ပါ။

## လုပ်ငန်းစဉ် – ကိုးစားနိုင်စွမ်းနှင့် အကျုံးဝင်စွမ်း

၁။ တစ်ဦးချင်း သို့မဟုတ် နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက အခြေအနေပြဖြစ်ရပ်ကို ဖတ်ရှုပြီး ၎င်းတို့သည် ကိုးစားနိုင်စွမ်း ရှိ/မရှိ ဆုံးဖြတ်ရမည်။

**အဖြေ**

ကိုးစားနိုင်စွမ်းမရှိချေ။ အဘယ်ကြောင့်ဆိုသော် သုတေသီသည် မတူညီသည့် အစုအဖွဲ့များကို မတူကွဲပြားသည့် နည်းလမ်းဖြင့် မေးခွန်းများ မေးမြန်းသည့်အတွက်ဖြစ်သည်။

၂။ ကျောင်းသားများက အခြေအနေပြဖြစ်ရပ်ကို ကိုးစားနိုင်စွမ်း ပိုရှိလာစေနိုင်သည့် နည်းလမ်းများကို စာရင်းပြုစုပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေ**

အခြေအနေပြဖြစ်ရပ်တွင် သုတေသီက မတူညီသည့် အစုအဖွဲ့များကို တူညီသော မေးခွန်းများဖြင့် တူညီသော နေရာနှင့် အချိန်ကာလအတွင်း မေးမြန်းလျှင် ၎င်းအခြေအနေပြ ဖြစ်ရပ်သည် ကိုးစားနိုင်စွမ်း ပိုရှိလာမည်ဖြစ်သည်။

၃။ ကျောင်းသားများက အခြေအနေပြဖြစ်ရပ်ကို ဖတ်ရှုပြီး ၎င်းဖြစ်ရပ်သည် အကျုံးဝင်စွမ်း ရှိ/မရှိ ဆုံးဖြတ်ရမည်။

**အဖြေ**

အကျုံးမဝင်ပါ။ အဘယ်ကြောင့်ဆိုသော် သုတေသီသည် စစ်တွေမြို့မှ ဆရာ/မများကိုသာလျှင် မေးမြန်းကြည့်ပြီး ရခိုင်ပြည်နယ်၏ အခြားမြို့များမှ ဆရာ/မများကို ထည့်သွင်း မေးမြန်းခြင်း မပြုသည့်အတွက်ကြောင့်ဖြစ်သည်။

၄။ ကျောင်းသားများက အခြေအနေပြဖြစ်ရပ်ကို အကျုံးဝင်စွမ်း ပိုရှိလာစေနိုင်သည့် နည်းလမ်းများကို စာရင်းပြုစုပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေ**

အကယ်၍ စစ်တွေမြို့သာမက ရခိုင်ပြည်နယ်၏ အခြား မြို့များမှ ဆရာ/မများကိုပါ မေးခွန်းများ မေးမြန်းခဲ့မည် ဆိုလျှင် အဆိုပါအခြေအနေပြဖြစ်ရပ်သည် အကျုံးဝင်နိုင်စွမ်း ပိုရှိလာမည်ဖြစ်သည်။

**အပိုဆောင်းလုပ်ငန်း – ဝေါဟာရများကို အဓိပ္ပာယ်ဖွင့်ဆိုပါ။**

၁။ ကျောင်းသားများက ကိုးစားနိုင်စွမ်း၏ အဓိပ္ပာယ်ကို ဝါကျတစ်ကြောင်းတည်းဖြင့် ဖော်ပြပါ။

၂။ ကျောင်းသားများက အကျုံးဝင်စွမ်း၏ အဓိပ္ပာယ်ကို ဝါကျတစ်ကြောင်းတည်းဖြင့် ဖော်ပြပါ။

၃။ ကျောင်းသားများက ၎င်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အွန်လိုင်း သို့မဟုတ် အဘိဓာန်စာအုပ်များဖြင့် နှိုင်းယှဉ်ပါ။

## ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများက ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုပါ။

၁။ ဖြစ်ရပ်လေ့လာချက်ထဲမှ အရေးအတွက်စံပြု သုတေသန၏ သရုပ်လက္ခဏာရပ်များကို ခွဲခြားဖော်ထုတ်ရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

**ကိန်းဂဏန်းအချက်အလက် ဒေတာများ –** သုတေသီများက စစ်တမ်းလွှာကို အသုံးပြု၍ ပါဝင်ဖြေကြားသူများကို အကြောင်းအရာ၏ အရေးပါမှုအလိုက် အဆင့်ခွဲသတ်မှတ်ခိုင်းခဲ့သည်။ (ရှာဖွေတွေ့ရှိချက်များအရ ပါဝင်သူ ၄၉.၆% က တရားဥပဒေစိုးမိုးရေးကို ဦးစားပေးခဲ့ကြပြီး ၆၄.၇% က လာဘ်စားမှုသည် ဆက်လက်ဖြစ်ပွားနေသော ပြဿနာတစ်ခုဖြစ်သည်ဟု ယူဆထားကြသည်။

**ယေဘုယျကောက်ချက်ဆွဲနိုင်စွမ်း –** စစ်တမ်းကောက်ယူခြင်းကို မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုစလုံးတွင် ကောက်ယူခဲ့သည့်အတွက် ယေဘုယျကောက်ချက်ဆွဲနိုင်စွမ်း ပိုရှိစေပါသည်။ သို့သော် အချို့သက်ကြီးရွယ်အိုများက ပါဝင်ဖြေကြားရန် မဝံ့မရဲဖြစ်နေခဲ့ကြပါသည်။

**ဓမ္မဓိဋ္ဌာန်ကျခြင်း –** ပါဝင်ဖြေဆိုသူများကို ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် တရားဥပဒေစိုးမိုးရေးကဲ့သို့သော အပြုသဘောဆောင်သည့် အကြောင်းအရာများ၊ လာဘ်စားမှုနှင့် ပဋိပက္ခကဲ့သို့သော အပျက်သဘောဆောင်သည့် အကြောင်းအရာများ နှစ်ခုစလုံး နှင့် ပတ်သက်ပြီး မေးခွန်းများ မေးမြန်းခဲ့ပါသည်။

**ကိုးစားနိုင်စွမ်း –** တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် တူညီသော မေးခွန်းများပါသည့် စစ်တမ်းမေးခွန်းလွှာများကို အသုံးပြု၍ မေးမြန်းခဲ့ပါသည်။

**အကျုံးဝင်စွမ်း –** သုတေသနသည် နယ်ခံအစိုးရနှင့် သက်ဆိုင်သော အသိအမြင် ဗဟုသုတကို လေ့လာခဲ့ခြင်း ဖြစ်သည်။ မေးခွန်းများဖြင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ တရားဥပဒေစိုးမိုးရေးကို နားလည်သဘောပေါက်မှု၊ ပဋိပက္ခနှင့် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် လျှပ်စစ်မီးစသည့် ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းတို့ အကြောင်းကို ဒေသခံပြည်သူများအား မေးမြန်းခြင်းဖြင့် နယ်ခံအစိုးရနှင့် ပတ်သက်သည့် အသိအမြင်ဗဟုသုတတို့ကို တိုင်းတာကြည့်ရန် ကြိုးစားခဲ့ပါသည်။

၂။ ကျောင်းသားများက သုတေသီများအနေဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ ရနိုင်ခြေရှိသော စိန်ခေါ်မှုများကို စိတ်ကူးကြည့်ရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- အချို့လူများ (ဥပမာ – လူကြီးများ၊ စစ်တမ်းလွှာဖြေဆိုရန် စိတ်လက်သက်တောင့်သက်သာမရှိခြင်း) သို့မဟုတ် လူငယ်များကို ပိုပြီးလူတွေ့မေးမြန်းခဲ့သည့်အတွက် ဘက်လိုက်မှုရှိနိုင်သော လူတွေ့မေးမြန်းခြင်းများ။
- ဥပဒေ၊ ပဋိပက္ခ၊ လာဘ်စားမှု (သို့မဟုတ်) နယ်ခံ အုပ်ချုပ်ရေးမှူးများ စသည့် ထိလွယ်ရှလွယ် ဖြစ်နိုင်သော ခေါင်းစဉ်များအကြောင်း မေးမြန်းသည့်အခါတွင် ဖြေဆိုရန် စိတ်လက်သက်တောင့်သက်သာမရှိသူများ၊ ရိုးသားစွာဖြေဆိုရန် မဝံ့မရဲဖြစ်နေသူများ။

## သင်တို့၏ သုတေသနစီမံကိန်း – အရေအတွက်စံပြု သုတေသန

**မှတ်ချက်။** ။ ဤလုပ်ငန်းသည် ကျောင်းသားများကို သုတေသနစီမံကိန်းတစ်ခုအား အစမှအဆုံးထိ ပြင်ဆင်ဖန်တီးပြီး လက်တွေ့လုပ်ဆောင်စေရန် ဒီဇိုင်းရေးဆွဲထားသည့် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်း ၁၆ ခုထဲမှ လေးခုမြောက်ဖြစ်သည်။

၎င်းသည် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်းများ အားလုံးအတွက် ခေါင်းစဉ်တစ်ခုတည်းကိုသာ တောက်လျှောက်အသုံးပြုသွားမည်ဆိုပါက ထိရောက်မှုရှိနိုင်ပါသည်။ သို့သော် ကျောင်းသားများက ၎င်းလုပ်ငန်းများကို လုပ်ဆောင်နေချိန်တွင် ၎င်းတို့ရွေးချယ်ထားသော ယခင်သုတေသန ခေါင်းစဉ်များ သို့မဟုတ် မေးခွန်းများသည် လက်တွေ့ကျမှုမရှိတော့ခြင်း၊ စိတ်ဝင်စားမှုမရှိခြင်း သို့မဟုတ် အသုံးဝင်မှုမရှိခြင်းတို့ကို တွေ့မြင်လာနိုင်သည် သို့မဟုတ် အခြားခေါင်းစဉ် (သို့) မေးခွန်းကို ပိုမိုစိတ်ဝင်စားလာနိုင်ပါသည်။

၁။ ကျောင်းသားများက ၎င်းတို့၏ စီမံကိန်းတွင် ထည့်သွင်းအသုံးပြုသွားမည့် မည်သို့သော အရေအတွက်စံပြု သုတေသနများကိုမဆို ခွဲခြားဖော်ထုတ်ရမည်။

- ကျောင်းသားများက ကိန်းဂဏန်းအချက်လက် ဒေတာများ (စစ်တမ်းမှ ထုတ်နှုတ်ထားသော) ပါဝင်သည့် ဥပမာများ ပါဝင်မှုရှိ/မရှိ စစ်ဆေးပေးပါ။

၂။ ကျောင်းသားများက ၎င်းတို့၏ အရေအတွက်စံပြု သုတေသနသည် ကိန်းဂဏန်းများပါဝင်ခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်း၊ ကိုးစားနိုင်စွမ်းနှင့် အကျုံးဝင်စွမ်းရှိစေမည့် နည်းလမ်းများကို စဉ်းစားရမည်။

- အထက်ပါ သဘောတရားများကို ကျောင်းသားများ နားလည်မှု ရှိ/မရှိ စစ်ဆေးပါ – ကျောင်းသားများက စာမျက်နှာ ၃၄–၃၅ ရှိ ရှင်းပြချက်များနှင့် ဥပမာများကို ရည်ညွှန်းကိုးကားနိုင်သည်။ ဥပမာ –
  - **ကိန်းဂဏန်း –** လူဦးရေတွင် တစ်စုံတစ်ရာ မည်မျှရှိသနည်း၊ တစ်စုံတစ်ရာကို မည်မျှလုပ်ဆောင်ကြသနည်း စသည့် အရေအတွက် သို့မဟုတ် ရာခိုင်နှုန်းများ ပါဝင်သည့် မေးခွန်းများ မေးမြန်းရန် စစ်တမ်းလွှာ အသုံးပြုခြင်း။
  - **ဓမ္မဓိဋ္ဌာန်ကျကျ –** ၎င်းတို့၏ အရေအတွက်စံပြု သုတေသနသည် ကောင်းကျိုးနှင့် ဆိုးကျိုးနှစ်ခုစလုံးကို တိုင်းတာသင့်ပြီး သုတေသနအပေါ် လွှမ်းမိုးနိုင်သည့် ၎င်းတို့၏ ဘက်လိုက်မှုများကိုလည်း ခွင့်မပြုသင့်ပေ။
  - **ကိုးစားနိုင်စွမ်း –** သုတေသနကို တစ်ကြိမ်စီတိုင်းတွင် တစ်သမတ်တည်း စနစ်တကျလုပ်ဆောင်ခြင်း။
  - **အကျုံးဝင်စွမ်း –** အသုံးပြုသည့် အရေအတွက်စံပြု သုတေသန နည်းလမ်းများသည် တိုင်းတာရမည့် အရာများကို တိကျစွာတိုင်းတာခြင်း။

၃။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက ၎င်းတို့၏ အရေအတွက်စံပြု သုတေသနအစီအစဉ်နှင့် ၎င်းသုတေသနကို ဓမ္မဓိဋ္ဌာန်ကျခြင်း၊ ကိုးစားနိုင်စွမ်းနှင့် အကျုံးဝင်စွမ်းရှိအောင် ဆောင်ရွက်ရာတွင် တွေ့ကြုံရနိုင်သည့် အခက်အခဲများကို ဆွေးနွေးရမည်။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

- ခေါင်းစဉ်တစ်ခုနှင့် ပတ်သက်ပြီး မည်သို့နည်း (သို့) အဘယ်ကြောင့်နည်း စသည့် မေးခွန်းများ မေးမြန်းသည့် သုတေသန
- အခြေအနေတစ်ရပ်၏ ဆက်စပ်အကြောင်းအရာ (သို့) နောက်ခံအကြောင်းရင်းများကို အသေးစိတ်နားလည်ရန် ကြိုးစားသည့် သုတေသန
- လူများ၏ ယုံကြည်ချက်များ သို့မဟုတ် လုပ်ဆောင်ချက်များ၏ အကြောင်းရင်းခံများကို နားလည်ရန်ကြိုးစားသည့် သုတေသန
- မတူညီသည့်လူများ၏ အကြောင်းအရာတစ်ခုအပေါ် ထားရှိသည့် ရှုထောင့်များကို နားလည်လိုသည့် သုတေသန

# ၂.၃ အရည်အသွေးစံပြု သုတေသန

**မှတ်ချက်။** ။ အရည်အသွေးစံပြု သုတေသနနှင့် ဆက်စပ်ပြီး ထပ်မံသိရှိလိုပါက https://socialresearchmethods.net/kb/qual.php တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျောင်းသားများက အရည်အသွေးစံပြု သုတေသနကို လုပ်ဆောင်မည်ဆိုပါက အသေးစိတ်ဒေတာများ ကောက်ယူခြင်း (လူတွေ့မေးမြန်းခြင်း သို့မဟုတ် ဦးတည်အုပ်စု ဆွေးနွေးဝိုင်းများမှတစ်ဆင့်) ပါဝင်ဖြေကြားသူများ၏ အမြင်များအပေါ် ပြန်လည်သုံးသပ်ခြင်း (ပုဂ္ဂလဓိဋ္ဌာန်ကျခြင်း)၊ ၎င်းတို့၏ သုတေသနလုပ်ငန်းစဉ် အစိတ်အပိုင်းအားလုံးကို အသေးစိတ်မှတ်စုရေးသားထားခြင်း (အတည်ပြုနိုင်စွမ်း) နှင့် ရှာဖွေတွေ့ရှိချက်များကို ပါဝင်ဖြေကြားသူများနှင့်အတူ စစ်ဆေးခြင်းဖြင့် ဒေတာများ၏ တိကျမှုကို စစ်ဆေးခြင်း (အများယုံကြည်လက်ခံနိုင်စွမ်း) တို့ကို ဆောင်ရွက်ရန် ရည်မှန်းထားသင့်ပါသည်။

အတည်ပြုနိုင်စွမ်းနှင့် အများယုံကြည်လက်ခံနိုင်စွမ်း (ကိုးစားနိုင်စွမ်းနှင့် အကျုံးဝင်နိုင်စွမ်းတို့အတိုင်း) တို့သည် အရည်သွေးမြင့် သုတေသနတစ်ခု ဆောင်ရွက်ရန်အတွက် အရေးကြီးပါသည်။ သို့သော် ၎င်းတို့သည် ရှုပ်ထွေးသည့် သဘောတရားများဖြစ်သည့်အတွက် ကျောင်းသားများ အနေဖြင့် နားမလည်ဘဲ စိတ်ရှုပ်ထွေးစေနိုင်ပါသည်။

ယခုမှစတင်မည့် သုတေသီအသစ်များအတွက် ၎င်းသဘောတရားများကို အပြည့်အစုံနားလည်ထားရန် မဖြစ်မနေ မလိုအပ်ပေ – လူမှုသုတေသနအကြောင်း ဆက်လက်သင်ယူသွားမည်ဆိုလျှင် အနာဂတ်တွင် တွေ့မြင်လေ့လာသွားရပါလိမ့်မည်။

အတည်ပြုနိုင်စွမ်းနှင့် အများယုံကြည်လက်ခံနိုင်စွမ်းအကြောင်း ထပ်မံသိရှိလိုပါက https://socialresearchmethods.net/kb/qualval.php တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## အကြိုလေ့လာချက်

- ကျောင်းသားများက ထုတ်ပြန်ချက်များသည် မှန်ကန်မှု ရှိ/ မရှိ ဖြေကြားရမည် (သို့) ခန့်မှန်းရမည်။
- စာသားများကို ဖတ်ရှုပြီး ၎င်းတို့၏ အဖြေများကို စစ်ဆေးရမည်။

**အဖြေများ**

၁။ မမှန်ပါ။

၂။ မှန်ပါသည်။

၃။ မှန်ပါသည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက အခြေအနေပြဖြစ်ရပ်တစ်ခုစီတိုင်းကို အရည်အသွေးစံပြု သုတေသန၏ သရုပ်လက္ခဏာရပ်များ (စာမျက်နှာ ၃၈ မှ က–ဂ) – ကိန်းဂဏန်းအချက်အလက် မဟုတ်သည့် ဒေတာများ၊ အသေးစိတ်ဒေတာများနှင့် ပုဂ္ဂလဓိဋ္ဌာန်ကျခြင်းတို့ထဲမှ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုပြီး တွဲစပ်ပေးရမည်။

**အဖြေများ**

၁။ ကိန်းဂဏန်းအချက်အလက်မဟုတ်သည့် ဒေတာများ

၂။ ကိန်းဂဏန်းအချက်အလက်မဟုတ်သည့် ဒေတာများ၊ အသေးစိတ်ဒေတာများ

၃။ ကိန်းဂဏန်းအချက်အလက်မဟုတ်သည့် ဒေတာများ၊ ပုဂ္ဂလဓိဋ္ဌာန်ကျခြင်း

## လေ့ကျင့်ခန်း

- ကျောင်းသားများက ထုတ်ပြန်ချက်များသည် မှန်/မှား ဆုံးဖြတ်ရမည်။
- မှားယွင်းနေပါက မှန်ကန်သော ထုတ်ပြန်ချက်တစ်ခုအဖြစ် ပြင်ဆင်ရေးသားရမည်။

**အဖြေများ**

၁။ မှားပါသည် – အတည်ပြုနိုင်စွမ်းဆိုသည်မှာ အခြား သုတေသီများက ရလဒ်များ တူညီမှု ရှိ/မရှိ စစ်ဆေးရန် သင်၏သုတေသနကို နောက်တစ်ကြိမ် လုပ်ဆောင်နိုင်စေရန် ဂရုပြုဆောင်ရွက်ထားခြင်းဖြစ်သည်။

၂။ မှန်ပါသည်။

၃။ မှားပါသည် – အများယုံကြည်လက်ခံနိုင်စွမ်း ဆိုသည်မှာ သုတေသနရလဒ်များသည် ပါဝင်ဖြေကြားသူများ၏ ရှုထောင့်မှကြည့်လျှင် တိကျမှု ရှိ/မရှိ စစ်ဆေးခြင်းဖြစ်သည်။

၄။ မှန်ပါသည်။

## လုပ်ငန်းစဉ် – အတည်ပြုနိုင်စွမ်းနှင့် အများယုံကြည်လက်ခံနိုင်စွမ်း ရှိပါသလား

၁။ တစ်ဦးချင်းစီ သို့မဟုတ် နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက အခြေအနေပြဖြစ်ရပ်ကို ဖတ်ရှုပြီး ၎င်းဖြစ်ရပ်သည် အတည်ပြုနိုင်စွမ်းရှိ/မရှိ ဆုံးဖြတ်ရမည်။

**အဖြေ**

ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အစီရင်ခံစာတမ်းထဲတွင် နည်းလမ်းများ၊ မေးခွန်းများနှင့် လူတွေ့မေးမြန်းခြင်းတို့ကို အသေးစိတ် ဖော်ပြထားသည့်အတွက်ကြောင့်ဖြစ်သည်။

၂။ ကျောင်းသားများက အခြေအနေပြဖြစ်ရပ်ကို ဖတ်ရှုပြီး ၎င်းဖြစ်ရပ်သည် အများယုံကြည်လက်ခံနိုင်စွမ်း ရှိ/မရှိ ဆုံးဖြတ်ရမည်။

**အဖြေ**

မရှိပါ။ အဘယ်ကြောင့်ဆိုသော် သုတေသီက ရှာဖွေတွေ့ရှိချက်များကို ပါဝင်ဖြေကြားသူများ၏ ရှုထောင့်မှ ကြည့်လျှင် တိကျမှု ရှိ/မရှိ စစ်ဆေးရန် ၎င်းတို့ကို တင်ပြခဲ့ခြင်း မရှိသည့်အတွက်ကြောင့်ဖြစ်သည်။

## ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများက ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုပါ။

၁။ ကျောင်းသားများက ဖြစ်ရပ်လေ့လာချက်ထဲရှိ အရည်အသွေးစံပြု သုတေသန၏ သရုပ်လက္ခဏာရပ်များကို ခွဲခြားဖော်ထုတ်ရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေ

**ကိန်းဂဏန်းအချက်အလက်မဟုတ်သော ဒေတာများ** – ဒေတာများတွင် ဆွေးနွေးဝိုင်း၊ လူတွေ့မေးမြန်းခြင်း၊ ကိုယ်ဟန်အမူအရာကို စောင့်ကြည့်သည့်အခါနှင့် လူတို့၏ စကားပြောသည့်ပုံစံတို့ကို ရေးသားထားသည့် မှတ်စုတိုများ ပါဝင်သည်။

**အသေးစိတ်ဒေတာများ** – အမျိုးသမီးများနှင့် ဆောင်ရွက်သော အလုပ်ရုံဆွေးနွေးပွဲသည် နှစ်ရက်တာ ကြာမြင့်ခဲ့ပြီး ၎င်းတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အတွေ့အကြုံများ၊ ဦးစားပေးအကြောင်းအရာများနှင့် မျှော်လင့်ချက်များဆိုင်ရာ မေးခွန်းများကို မေးမြန်းခဲ့ပါသည်။

**ပုဂ္ဂလဓိဋ္ဌာန်ကျခြင်း** – သုတေသနတွင် အမျိုးသမီးများ၏ ပုဂ္ဂိုလ်ရေးဆန်သော အတွေ့အကြုံများ၊ မျှော်လင့်ချက်များ၊ အမြင်ရှုထောင့်များ၊ ခံစားချက်များနှင့် လိုအပ်ချက်များကို မေးမြန်းခဲ့ပါသည်။

**အတည်ပြုနိုင်စွမ်း** – သုတေသန အစီရင်ခံစာတွင် နည်းလမ်းများ၊ အလုပ်ရုံဆွေးနွေးပွဲ လုပ်ငန်းစဉ်များ၊ ဆွေးနွေးချက်များ၊ လူတွေ့မေးမြန်းခြင်းများ၊ မေးခွန်းများ၊ ပါဝင်ဖြေကြားသူ ရွေးချယ်မှု၊ မှတ်စုတိုနှင့် စောင့်ကြည့် လေ့လာမှုတို့ကို ခွဲခြမ်းစိတ်ဖြာချက်တို့ဆိုင်ရာ အသေးစိတ် ဖော်ပြချက်များ ပါဝင်သည်။

**အများယုံကြည်လက်ခံနိုင်စွမ်း** – ရှာဖွေတွေ့ရှိချက်များကို ပါဝင်ဖြေကြားသူများနှင့် ဖလှယ်မျှဝေခဲ့ခြင်း ရှိ/မရှိ စာပိုဒ်များထဲတွင် ဖော်ပြခဲ့ခြင်းမရှိချေ။

၂။ ကျောင်းသားများက ဤခေါင်းစဉ်နှင့် ပတ်သက်ပြီး လုပ်ဆောင်နိုင်ခြေရှိသော အရေအတွက်စံပြု သုတေသနကို စိတ်ကူးစဉ်းစားကြည့်ရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

ပါဝင်ဖြေကြားသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အတွေ့အကြုံများ မဟုတ်သော ယေဘုယျ နောက်ခံအကြောင်းရင်းများနှင့် ပတ်သက်သည့် အရေအတွက်စံပြု ဒေတာများကို စုဆောင်းရန်အတွက် စစ်တမ်းမေးခွန်းလွှာကို အသုံးပြုနိုင်ပါသည်။ ဥပမာ – ရွှေ့ပြောင်းခဲ့ရသော နေရာဒေသများ၊ ပညာရေး၊ ဝင်ငွေ၊ တိုင်းရင်းသား လူမျိုး၊ ကိုးကွယ်သည့်ဘာသာ အစရှိသဖြင့်။ ၎င်းအချက်အလက်များသည် ပါဝင်ဖြေကြားသူများ၏ နောက်ခံအကြောင်းရင်းနှင့် ၎င်းတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အတွေ့အကြုံများအကြား ဆက်နွှယ်မှုများကို ရှာဖွေရာတွင် အထောက်အကူပေးနိုင်ပါလိမ့်မည်။

## သင်တို့၏ သုတေသနစီမံကိန်း – အရည်အသွေးစံပြု သုတေသန

**မှတ်ချက်။** ။ ဤလုပ်ငန်းသည် ကျောင်းသားများကို သုတေသနစီမံကိန်းတစ်ခုအား အစမှအဆုံးထိ ပြင်ဆင်ဖန်တီးပြီး လက်တွေ့လုပ်ဆောင်စေရန် ဒီဇိုင်းရေးဆွဲထားသည့် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်း ၁၆ ခုထဲမှ ငါးခုမြောက်ဖြစ်သည်။ ၎င်းသည် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်းများ အားလုံးအတွက် ခေါင်းစဉ်တစ်ခုတည်းကိုသာ တောက်လျှောက်အသုံးပြုသွားမည် ဆိုပါက ထိရောက်မှုရှိနိုင်ပါသည်။ သို့သော် ကျောင်းသားများက ၎င်းလုပ်ငန်းများကို လုပ်ဆောင်နေချိန်တွင် ၎င်းတို့ရွေးချယ်ထားသော ယခင် သုတေသန ခေါင်းစဉ်များ သို့မဟုတ် မေးခွန်းများသည် လက်တွေ့ကျမှု မရှိတော့ခြင်း၊ စိတ်ဝင်စားမှုမရှိခြင်း သို့မဟုတ် အသုံးဝင်မှုမရှိခြင်းတို့ကို တွေ့မြင်လာနိုင်သည် သို့မဟုတ် အခြားခေါင်းစဉ် သို့မဟုတ် မေးခွန်းကို ပိုမို စိတ်ဝင်စားလာနိုင်ပါသည်။

၁။ ကျောင်းသားများက ၎င်းတို့၏ စီမံကိန်းထဲတွင် ထည့်သွင်း အသုံးပြုနိုင်မည့် အရည်အသွေးစံပြု သုတေသနများကို ခွဲခြားဖော်ထုတ်ရမည်။

- ကျောင်းသားများက ကိန်းဂဏန်းမဟုတ်သည့် ဒေတာများ (လူတွေ့မေးမြန်းမှုများနှင့် စောင့်ကြည့်လေ့လာခြင်းမှ ထုတ်နုတ်ထားသော) ပါဝင်သည့် ဥပမာများ ပါဝင်မှု ရှိ/မရှိ စစ်ဆေးပေးပါ။

၂။ ကျောင်းသားများက ၎င်းတို့၏ အရေအတွက်စံပြု သုတေသနသည် အတည်ပြုနိုင်စွမ်းနှင့် အများယုံကြည် လက်ခံနိုင်စွမ်းရှိစေမည့် နည်းလမ်းများကို စဉ်းစားရမည်။

- အထက်ပါ သဘောတရားများကို ကျောင်းသားများ နားလည်မှု ရှိ/မရှိ စစ်ဆေးပါ – ကျောင်းသားများက စာမျက်နှာ ၃၉ ရှိ ရှင်းပြချက်များနှင့် ဥပမာများကို ရည်ညွှန်းကိုးကားနိုင်သည်။ ဥပမာ –
  - **အတည်ပြုနိုင်စွမ်း –** သုတေသန လုပ်ငန်းစဉ်၏ အဆင့်များအားလုံးကို ဆောင်ရွက်ပုံအား တိကျစွာ အသေးစိတ် မှတ်တမ်းတင်ထားခြင်း။
  - **အများယုံကြည်လက်ခံနိုင်စွမ်း –** ပါဝင်ဖြေကြားသူများ ထံမှ ကောက်ယူခဲ့သော ဒေတာများ၏ တိကျမှုနှင့် ၎င်းတို့ ပြင်ဆင်ထည့်သွင်းချင်သည့် အခြားအချက်အလက်များ သို့မဟုတ် ပြောင်းလဲချက်များနှင့် ပတ်သက်သည့် ပြန်လည်အကြံပြုချက်များ ရယူခြင်း။

၃။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက ၎င်းတို့၏ အရည်အသွေးစံပြု သုတေသန အစီအစဉ်နှင့် ၎င်းသုတေသနကို အတည်ပြုနိုင်စွမ်းနှင့် အများယုံကြည် လက်ခံနိုင်စွမ်းရှိအောင် ဆောင်ရွက်ရာတွင် တွေ့ကြုံရနိုင်သည့် အခက်အခဲများကို ဆွေးနွေးရမည်။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- ကောင်းမွန်သော အပြောအဆိုနှင့် အနာအကြား စွမ်းရည်များ။
- ပါဝင်ဖြေကြားသူများနှင့် ယုံကြည်မှု တည်ဆောက်နိုင်စွမ်း။
- ဒေတာကောက်ယူခြင်းသည် အချိန်ကြာနိုင်သည့်အတွက် စိတ်ရှည်ခြင်း။
- စကားပြောဆိုဆွေးနွေးရာတွင် ခေါင်းစဉ်တစ်ခုမှ အခြားတစ်ခုသို့ ပြောင်းလဲနိုင်သည့်အတွက် ပြုလွယ်ပြောင်းလွယ်ရှိခြင်း။

# ၂.၄ ရောထွေးထားသည့် သုတေသန နည်းလမ်းများ

## အကြိုလေ့လာချက်

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

### ဖြစ်နိုင်ခြေရှိသော အဖြေ

အရေအတွက်စံပြုနှင့် အရည်အသွေးစံပြု နည်းလမ်းနှစ်ခု စလုံးကို အသုံးပြုခြင်းဆိုသည်မှာ မတူညီသည့် နည်းလမ်းများမှ ရလဒ်များသည် – စစ်တမ်းလွှာ၊ လူတွေ့မေးမြန်းခြင်း အစရှိသဖြင့် – တူညီသောရလဒ်များ ထွက်ပေါ်လာခြင်း ရှိ/မရှိနှင့် အများယုံကြည်လက်ခံနိုင်စွမ်း ရှိ/မရှိ နှိုင်းယှဉ်နိုင်ပါသည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက ဥပမာတစ်ခုချင်းစီကို ၎င်းတို့၏ အရေအတွက်စံပြု သုတေသနနည်းလမ်း၊ အရည်အသွေးစံပြု သုတေသနနည်းလမ်း သို့မဟုတ် ရောထွေးထားသည့် နည်းလမ်းများဖြင့် တွဲစပ်ရမည်။

### အဖြေများ

၁။ **ရောထွေးထားသည့် နည်းလမ်း –** မေးခွန်းများကို လူတွေ့မေးမြန်းခြင်း (အရည်အသွေးစံပြု) သို့မဟုတ် စစ်တမ်းလွှာများ (အရေအတွက်စံပြု) နည်းလမ်းများဖြင့် မေးမြန်းနိုင်ပါသည်။

၂။ **အရည်အသွေးစံပြု နည်းလမ်း –** ဓာတ်ပုံများသည် တွက်ချက်၍ မရနိုင်သည့်အတွက် ၎င်းတို့သည် အသေးစိတ် အရည်အသွေးစံပြု အချက်အလက်များကို ပံ့ပိုးပေးပါသည်။

၃။ **ရောထွေးထားသည့် နည်းလမ်း –** ၎င်းနည်းလမ်းသည် အရေအတွက်စံပြု ဒေတာများ (ပါဝင်ဖြေကြားသူ ၈၆.၇%) ကို အသုံးပြုပြီး အရည်အသွေးစံပြု ဒေတာများ (ကျွန်ုပ်တို့၏ လူတွေ့မေးမြန်းမှုများတွင်လည်း အတည်ပြုခဲ့ပါသည်) နှင့် နှိုင်းယှဉ်ကြည့်ပါသည်။

၄။ **အရည်အသွေးစံပြု နည်းလမ်း –** လူတွေ့မေးမြန်းမှုများတွင် ပြောသည့်အကြောင်းအရာများ၊ ယုံကြည်လက်ခံထားကြသည့် အရာများသည် အရည်အသွေးစံပြု (နှင့် ပုဂ္ဂလဓိဋ္ဌာန် ကျသည့်) ဒေတာများဖြစ်သည်။

၅။ **အရေအတွက်စံပြု နည်းလမ်း –** ကိန်းဂဏန်းဒေတာများ ပံ့ပိုးပေးသည့် စစ်တမ်းမေးခွန်းတစ်ခုဖြစ်သည်။

၆။ **ရောထွေးထားသည့် နည်းလမ်းများ –** သမားရိုးကျ မဟုတ်သည့် စကားစမြည်ပြောဆိုမှုများသည် အသေးစိတ်ကျသော အရည်အသွေးစံပြု ဒေတာများကို ရရှိစေပါသည်။ အသက်အရွယ်၊ ကျား/မနှင့် အလုပ်အကိုင် စသည်တို့ကို စစ်တမ်းထဲတွင် ထည့်သွင်းမေးမြန်းပြီး အရေအတွက်စံပြု ကိန်းဂဏန်းဒေတာများ ပံ့ပိုးပေးနိုင်ပါသည်။

၇။ **အရည်အသွေးစံပြု နည်းလမ်း –** စောင့်ကြည့်လေ့လာခြင်းများသည် အသေးစိတ် အရည်အသွေးစံပြု ဒေတာများ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

## လုပ်ငန်းစဉ် – သုတေသနလုပ်ဆောင်ရာတွင် နည်းလမ်းများကို ရောထွေးအသုံးပြုခြင်း

- ကျောင်းသားများက စာမျက်နှာ ၃၇ နှင့် ၄၁ ရှိ သုတေသန ဥပမာများကို ဖတ်ရှုရမည်။
- နှစ်ယောက်တစ်တွဲစီ သို့မဟုတ် အဖွဲ့ငယ်များဖြင့် စီမံကိန်း တစ်ခုချင်းစီတွင် ရောထွေးထားသည့် နည်းလမ်းများကို မည်သို့အသုံးချနိုင်ကြောင်း ဆုံးဖြတ်ရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ သုတေသီများက ပါဝင်ဖြေကြားသူများသည် ၎င်းတို့၏ ရပ်ရွာအဖွဲ့အစည်းအတွင်း ပြဿနာများကို မည်သို့ ရင်ဆိုင်တွေ့ကြုံရကြောင်းနှင့် တရားဥပဒေစိုးမိုးရေးနှင့် လာဘ်စားမှုတို့သည့် အရေးကြီးသည့် ပြဿနာဖြစ်ကြောင်း ယုံကြည်ထားရသည့် အကြောင်းရင်းခံများကို ပိုမိုရှာဖွေရန်အတွက် အသေးစိတ် အရည်အသွေးစံပြု လူတွေ့မေးမြန်းမှုများကို အသုံးပြုကြသည်။

၂။ သုတေသီများက ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ အမျိုးသမီးများကို ၎င်းတို့၏ အသက်အရွယ်၊ ကလေးအရေအတွက် (ကလေးရှိလျှင်) နှင့် ယခင်က ရွှေ့ပြောင်းနေထိုင်ခဲ့ရသည့်နေရာများ စသည့် အချက်အလက်များကို စစ်တမ်းကောက်ယူမေးမြန်းနိုင်သည်။

## လုပ်ငန်းစဉ် – အရေအတွက်စံပြုနှင့် အရည်အသွေးစံပြု သုတေသနတို့ကို နှိုင်းယှဉ်ခြင်း

၁။ တစ်ဦးချင်းစီဖြင့် ကျောင်းသားများက လူ ၁၀ ဦးအား မေးခွန်းများ (၁–၄) ကို မေးမြန်းပြီး အဖြေများကို မှတ်တမ်းတင်ရမည်။

- ၎င်းတို့၏ အတန်းဖော်များကို မေးမြန်းနိုင်သည် သို့မဟုတ် အိမ်စာအဖြစ် မိသားစုဝင်များ၊ မိတ်ဆွေများ (သို့) ၎င်းတို့၏ လူမှုအဖွဲ့အစည်းအတွင်း နေထိုင်သူများကို မေးမြန်းနိုင်သည်။

၂။ ဒေတာများကို ဖွဲ့စည်းပြီး အနှစ်ချုပ်ရေးသားရမည်။

၃။ အဖွဲ့ငယ်များဖြင့် ရှာဖွေတွေ့ရှိချက်များကို ဆွေးနွေးရမည်။

၄။ အဖွဲ့ငယ်များဖြင့် မေးခွန်းများ (က–ဂ) ကို လူ ၃ ဦးအား မေးမြန်း၍ အဖြေများကို မှတ်တမ်းတင်ရမည်။

၅။ ရလဒ်များကို ဖွဲ့စည်းပြီး အနှစ်ချုပ်ရေးသားရမည်။

- အရည်အသွေးစံပြု လူတွေ့မေးမြန်းခြင်း မေးခွန်းများက သတင်းအချက်အလက်များ ပိုမိုရရှိစေပြီး ကျောင်းသားများ အနေဖြင့် သေချာစွာဖွဲ့စည်းရန် အခက်တွေ့နိုင်ပါသည်။ ကျောင်းသားများက ၎င်းတို့ရရှိလာသော အဖြေများထဲမှ နမူနာများကို အနှစ်ချုပ်ရေးသားရန်နှင့် ခွဲခြားဖော်ထုတ်ရန် ကြိုးစားမှုရှိ/ မရှိ စစ်ဆေးပါ။

၆။ တစ်တန်းလုံးအနေဖြင့် ရှာဖွေတွေ့ရှိချက်များကို ဆွေးနွေးရမည်။

- ကျောင်းသားများက အရေအတွက်စံပြုနှင့် အရည်အသွေးစံပြု သုတေသနတို့တွင် ရရှိလာသော အဖြေများကို နှိုင်းယှဉ်ရမည်။

၇။ ၎င်းတို့က မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

(က) ပထမပိုင်း မေးခွန်းများသည် အပိတ်မေးခွန်းများ ဖြစ်ကြပြီး ဒုတိယပိုင်းမေးခွန်းများသည် အဖွင့်မေးခွန်းများ ဖြစ်ကြသည်။ ပထမပိုင်း မေးခွန်းများတွင် ဖြေကြားသူများသည် ရေးသားဖော်ပြထားသော အဖြေများထဲမှ ရွေးချယ်ရမည်ဖြစ်ပြီး ဒုတိယပိုင်း မေးခွန်းများအတွက် ကိုယ်တိုင်ရေးသား ဖြေကြားနိုင်ပါသည်။

(ခ) ပထမပိုင်းမေးခွန်းများက ကိန်းဂဏန်းဒေတာများကို ရရှိစေပြီး ဒုတိယပိုင်းမေးခွန်းများက အသေးစိတ် အဖြေများကို စကားလုံးများဖြင့် ဖော်ပြပေးပါသည်။

(ဂ) ပထမပိုင်း အရေအတွက်စံပြု မေးခွန်းများထဲမှ ဒေတာများကို ဖွဲ့စည်းရန် ပိုလွယ်ကူပါသည်။ အဘယ်ကြောင့်ဆိုသော် ဇယားထဲရှိ အပိတ်မေးခွန်း တစ်ခုစီတိုင်းအတွက် ကန့်သတ်ထားသောအဖြေများ သတ်မှတ်ထားသောကြောင့်ဖြစ်သည်။ တုံ့ပြန်ဖြေကြားချက်များကို နှိုင်းယှဉ်နိုင်သည့် အရေအတွက်များအဖြစ် ပေါင်းစပ်နိုင်ပါသည်။

ဒုတိယပိုင်း အရည်အသွေးစံပြု အဖွင့်မေးခွန်းများမှ ဒေတာများတွင် ဖြေကြားချက်များထဲက နမူနာများကို ရှာဖွေရန်နှင့် နားလည်အောင် ဂရုတစိုက်ဖတ်ရှုရန် လိုအပ်သည့် စာသားဖြင့် ရေးသားထားသော အချက်အလက်များစွာ ရှိပါသည်။

## လုပ်ငန်းစဉ် – ရောထွေးထားသည့် သုတေသန နည်းလမ်းများတွင် အသုံးပြုသည့် မေးခွန်းများ

၁။ ကျောင်းသားများက အရေအတွက်စံပြု မေးခွန်း ၃ ခုနှင့် အရည်အသွေးစံပြု မေးခွန်း ၃ ခုတို့ကို ကျပန်းအနေဖြင့် ရေးချ၍ စာရင်းပြုစုရမည်။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် ၎င်းတို့၏ စာရင်းများကို လဲလှယ်ပြီး တွဲဖက်များက မည်သည့်မေးခွန်းများသည် အရေအတွက်စံပြု မေးခွန်းများဖြစ်ကြပြီး မည်သည့်မေးခွန်းများသည် အရည်အသွေးစံပြု မေးခွန်းများဖြစ်ကြောင်း ခွဲခြားဖော်ထုတ်ရမည်။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

# အခန်း ၃ –
# သုတေသန ကျင့်ဝတ်များ

# ၃.၁ ထိခိုက်နာကျင်စေမှု

**မှတ်ချက်။** ။ သုတေသန ကျင့်ဝတ်များနှင့် ဆက်စပ်ပြီး ထပ်မံသိရှိလိုပါက https://www.fhi360.org/sites/default/files/webpages/RETC-CR/en/RH/Training/trainmat/ethicscurr/RETCCREn/pr/Contents/SectionIV/b4sl32.html တွင် ဝင်ရောက်ဖတ်ရှုပါ။

သုတေသန ကျင့်ဝတ်များဆိုင်ရာ ဖြစ်ရပ်လေ့လာချက်များ အတွက် https://www.fhi360.org/sites/default/files/webpages/RETC-CR/en/RH/Training/trainmat/ethicscurr/RETCCREn/ss/CaseStudies/cspg1.html တွင် ဝင်ရောက်ဖတ်ရှုပါ။

## အကြိုလေ့လာချက်

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ – သုတေသနသည် ထိလွယ်ရှလွယ်ဖြစ်နိုင်သော ခေါင်းစဉ်တစ်ခုအပေါ်တွင် (ဥပမာ – တရားမဝင် လုပ်ငန်းများအကြောင်း သုတေသန) လုပ်ဆောင်နေပါက တစ်သီးပုဂ္ဂလများ သို့မဟုတ် လူမှုအဖွဲ့အစည်း တစ်ရပ်လုံးအနေဖြင့် အာဏာပိုင်များနှင့် ရင်ဆိုင်ဖြေရှင်း ရနိုင်ပါသည်။

– သုတေသနကြောင့် လူမှုအဖွဲ့အစည်းတစ်ရပ်အတွင်းရှိ လူများအကြား ပြဿနာဖြစ်ပွားနိုင်စေပါသည် (ဥပမာ – နိုင်ငံရေး (သို့) ဘာသာရေးကဲ့သို့သော ထိရှလွယ် အကြောင်းအရာများ)

– သုတေသနပြုစုခြင်းသည် ပါဝင်ဖြေကြားသူများအတွက် အချိန်ကာလကြာမြင့်ခြင်း (သို့) ငွေကုန်ကြေးကျများ စေခြင်း ရှိပါက အဆိုပါလူများအတွက် ပြဿနာများ ဖြစ်ပွားစေနိုင်ပါသည်။ (ဥပမာ – အလုပ်မှခွင့်ယူရခြင်း (သို့) ခရီးဝေးသွားလာရခြင်း)

၂။ – ၎င်းတို့၏ သုတေသနသည် ပါဝင်ဖြေကြားပေးမည့် လူများ။ လူမှုအဖွဲ့အစည်းများအပေါ် ထိခိုက်နာကျင်စေမှု မဖြစ်ပွားစေလိုပါက –

– သုတေသနတွင် ပါဝင်မည့်လူများ၏ သရုပ်လက္ခဏာများကို ကာကွယ်ပေးရမည်။

– ပါဝင်ဖြေကြားသူများထံမှ ဒေတာများကို တိကျစွာ ကောက်ယူ၍ ရှာဖွေတွေ့ရှိချက်များကို ရိုးသားစွာ အစီရင်ခံတင်ပြရမည်။

## လုပ်ငန်းစဉ် – ဖြစ်နိုင်ခြေရှိသော ပြဿနာများကို ကြိုတင်ခန့်မှန်းပါ

- ကျောင်းသားများက အခြေအနေပြဖြစ်ရပ်ကို ဖတ်ရှုရမည်။
- တစ်ဦးချင်းစီ သို့မဟုတ် နှစ်ယောက်တွဲစီ သို့မဟုတ် အဖွဲ့ငယ်များဖြင့် ဤသုတေသနကြောင့် ဖြစ်ပွားလာနိုင်ခြေရှိသော ထိခိုက်နာကျင်စေမှုများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

– သုတေသီက မူးယစ်ဆေးဝါးသုံးစွဲသူများကို တက္ကသိုလ်မှ တာဝန်ရှိသူများ သို့မဟုတ် အစိုးရထံသို့ ထုတ်ဖော်ပြောပြနိုင်ပြီး ၎င်းတို့အနေဖြင့် ဆိုးဆိုးဝါးဝါး ဒုက္ခရောက်နိုင်သည်။

– သုတေသီက ကျောင်းသားများ၏ ခွင့်ပြုချက် မတောင်းခံဘဲ ၎င်းတို့ကို ဓာတ်ပုံရိုက်ယူထားနိုင်သည်။

– သုတေသီက ကျောင်းသားများကို ငွေကြေးဖြင့် ကမ်းလှမ်းသည့်အတွက် ကျောင်းသားများက အချက်အလက်များကို လုပ်ကြံဖန်တီး ပြောကြားနိုင်သည်။

– ကျောင်းသားများက သုတေသီထံမှရရှိသည့် ငွေကြေးဖြင့် မူးယစ်ဆေးဝါးများကို ဝယ်ယူသုံးစွဲနိုင်သည်။

## လုပ်ငန်းစဉ် – ထိခိုက်နာကျင်စေမှုများကို ခွဲခြားဖော်ထုတ်ပါ

၁။ အခြေအနေ ဖြစ်ရပ်တစ်ခုစီတိုင်းတွင် ကျောင်းသားများက ထိခိုက်နာကျင်ခံစားရသူများနှင့် သုတေသီကြောင့် ဖြစ်ပေါ်လာနိုင်သော ထိခိုက်နာကျင်စေမှု အမျိုးအစားများကို ခွဲခြားဖော်ထုတ်ရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

(က) – သုတေသီနှင့် လူမှုအဖွဲ့အစည်းများအနေဖြင့် တရားရေးဆိုင်ရာ ထိခိုက်နစ်နာမှုများကို ခံစားရနိုင်သည်။ အဘယ်ကြောင့်ဆိုသော် မြေယာပိုင်ဆိုင်မှု အခွင့်အရေးသည် ထိလွယ်ရှလွယ်ရှိသည့် နိုင်ငံရေးခေါင်းစဉ်တစ်ခု ဖြစ်သည့်အတွက်ကြောင့်ဖြစ်သည်။

– အဆိုပါ လူမှုအဖွဲ့အစည်းအတွင်းရှိ လူများက ပါဝင်ဖြေကြားသူများကို သိရှိသွားပါက ၎င်းတို့အကြားရှိ ဆက်ဆံရေးများကို လူမှုရေးဆိုင်ရာ ထိခိုက်နစ်နာမှုများ ဖြစ်စေပါသည် (မြေယာပိုင်ဆိုင်မှု ပဋိပက္ခများ ရှိနေကြသည်)။

(ခ) – ကျောင်းသားများက လူမှုရေးဆိုင်ရာ ထိခိုက်နစ်နာမှုများ ခံစားရနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အခြားသူများ၏ အနိုင်ကျင့်မှုကိုခံရကြောင်း လူအများရှေ့တွင် ဆွေးနွေးသည့်အခါတွင် အဆိုပါလူအုပ်ထဲ၌ အနိုင်ကျင့်ခဲ့သူများ ပါဝင်နေပါက အခြေအနေကို ပိုမိုဆိုးရွားသွားစေနိုင်သောကြောင့်ဖြစ်သည်။

– ကျောင်းသားများက ၎င်းတို့၏ ခက်ခဲသော အတွေ့အကြုံများကို ပြန်လည်စဉ်းစားရပြီး ဖွင့်ဟပြောဆိုရသည့်အခါတွင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုများ ခံစားရနိုင်ပါသည်။

(ဂ) – သုတေသီနှင့် တေးဂီတအဖွဲ့သည် တရားရေးဆိုင်ရာ ထိခိုက်နစ်နာမှုများ ခံစားရနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သရုပ်ပြပွဲတွင် တေးဂီတအဖွဲ့ကို မှတ်တမ်းတင် ဗွီဒီယိုရိုက်ကူးခြင်းသည် အာဏာပိုင်များနှင့် ပြဿနာဖြစ်ပွားစေနိုင်ပါသည်။

(ဃ) – လမ်းတွင် ယာဉ်မတော်တဆဖြစ်ပါက သုတေသီအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများ ခံစားရနိုင်ပါသည်။

(င) – သုတေသီအနေဖြင့် နေ့စဉ်နေ့တိုင်း ဝမ်းနည်းဖွယ် ဘဝအကြောင်းများ နားထောင်ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို တွေ့ကြုံခံစားရနိုင်ပါသည်။

– ပါဝင်ဖြေကြားသူများအနေဖြင့် ၎င်းတို့၏ ဝမ်းနည်းဖွယ် အတွေ့အကြုံများကို ပြန်လည်စဉ်းစားရပါက စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကို တွေ့ကြုံခံစားရနိုင်ပါသည်။

(စ) – အိမ်ရှင်များက သုတေသနနှင့် ပတ်သက်ပြီး စိတ်ဆိုးဒေါသထွက်ပါက သုတေသီနှင့် အိမ်အကူအလုပ်သမားများအနေဖြင့် အကြမ်းဖက်ခံရမှုကြောင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများ ခံစားရနိုင်ပါသည်။

– အိမ်အကူအလုပ်သမားများအနေဖြင့် အိမ်ရှင်က စိတ်ဆိုးပြီး အလုပ်ထုတ်သည့်အခါမျိုးတွင် အလုပ်လက်မဲ့ဖြစ်သည့်အတွက်ကြောင့် စီးပွားရေးဆိုင်ရာ ထိခိုက်နစ်နာမှုများ ခံစားရနိုင်ပါသည်။

၂။ ကျောင်းသားများက အခြေအနေပြဖြစ်ရပ်တစ်ခုချင်းစီရှိ ထိခိုက်နစ်နာမှုများကို လျှော့ချနိုင်မည့် နည်းလမ်းများကို ခွဲခြားဖော်ထုတ်ရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

(က) – လူတွေ့မေးမြန်းခြင်းများကို တစ်ကြိမ်လျှင် တစ်ဦးစီနှင့် တွေ့ဆုံပြီး ဖြေကြားပေးသူများ၏ ကိုယ်ရေးရာဇဝင်ကို လျှို့ဝှက်ပေးထားရမည်။

(ခ) – မေးသည့် မေးခွန်းများက ကျောင်းသားများကို အလွန်အမင်း စိတ်ထိခိုက်မှုဖြစ်စေပါက မေးမြန်းခြင်းကို ရပ်ဆိုင်းရမည် သို့မဟုတ် ခေတ္တအနားပေးရမည်။

– အခြားကျောင်းသားများ၏ အမည်များကို ဖော်ပြခိုင်းခြင်းအား ရှောင်ကျဉ်ပါ။

– ဤထိရှလွယ်ခေါင်းစဉ်နှင့် ပတ်သက်ပြီး လူတွေ့မေးမြန်းရာတွင် အဖွဲ့လိုက်ဆွေးနွေးခြင်း မဟုတ်ဘဲ ကျောင်းသားများကို (အထူးသဖြင့် အနိုင်ကျင့်ခံရသူများဖြစ်ပါက) တစ်ဦးချင်းစီ သီးသန့်မေးမြန်းပါ။

(ဂ) – သုတေသီက သရုပ်ပြပွဲသို့ မတက်ရောက်သင့်ပါ သို့မဟုတ် သရုပ်ပြပွဲတွင် တေးဂီတအဖွဲ့ကို မှတ်တမ်းတင်ရိုက်ကူးခြင်း မပြုလုပ်သင့်ပါ (၎င်းတို့၏ သဘောတူညီချက်မရရှိဘဲ – ကြိုတင်သဘောတူညီထားခြင်း မရှိဘဲ)။ တေးဂီတအဖွဲ့ထံမှ ရိုက်ကူးရန်အတွက် သဘောတူညီချက် ရရှိထားသည့်တိုင် သုတေသနစီမံကိန်းပြင်ပမှ လူများကို ပြသခြင်း သို့မဟုတ် အွန်လိုင်းတွင် မျှဝေခြင်းတို့ကို မပြုလုပ်သင့်ပါ။ (အခန်း၄ ၃.၂ တွင် သဘောတူညီချက်ရယူခြင်းနှင့် လျှို့ဝှက်ထားခြင်းတို့အကြောင်းကို ထပ်မံရှင်းပြထားပါသည်။)

(ဃ) – သုတေသီက ခရီးမထွက်ခွာမီ လမ်းခရီးနှင့် ရာသီဥတုအခြေအနေများကို ရှာဖွေလေ့လာထားသင့်ပါသည်။ ခရီးသွားလျှင် တတ်နိုင်သမျှ လုံခြုံမှုရှိစေရန် ကြိုးစားပြီး ဆိုင်ကယ်ဦးထုပ်နှင့် ကာကွယ်ပေးနိုင်သော အဝတ်အစားများ ဝတ်ဆင်သင့်ပါသည်။

(င) – ပါဝင်ဖြေကြားသူတစ်ဦးဦးက လူတွေ့မေးမြန်းခြင်းကာလအတွင်း အလွန်အမင်း ဝမ်းနည်းမှုခံစားလာရပါက ကူညီပံ့ပိုးပေးနိုင်သည့်အရာများကို စိတ်ပညာကျွမ်းကျင်သူများ သို့မဟုတ် အတွေ့အကြုံရှိသော သုတေသီများထံမှ အကြံဉာဏ်များတောင်းခံပါ။ ပါဝင်ဖြေကြားသူများကို ဆွေးနွေးလမ်းညွှန်မှု သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးသည့် အဖွဲ့အစည်းများ၏ ဆက်သွယ်ရန် လိပ်စာများကို ပြောပြပေးပါ။

- – ဝမ်းနည်းဖွယ်ရာ ဘဝဇာတ်ကြောင်းများကို နားထောင်ခြင်းကြောင့် သုတေသီအတွက် ဖြစ်လာနိုင်ခြေရှိသော စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုကို လျှော့ချရန် တစ်နေ့တာအတွင်း လူအနည်းငယ်ကိုသာ လူတွေ့မေးမြန်းခြင်း ပြုလုပ်ပါ။

(စ) – ရိုက်နှက်ခံထားရသော အလုပ်သမားများ၏ ဓာတ်ပုံများကို ထည့်သွင်းမထုတ်ဖော်သင့်ပါ။

# ၃.၂ ကျင့်ဝတ်ညီ သုတေသန၏ အင်္ဂါရပ်များ

**အကြံပြုလေ့လာချက်**

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ သုတေသန အကြောင်းအရာများ၊ ဖြစ်နိုင်ခြေရှိသော ထိခိုက်နစ်နာမှုများနှင့် ၎င်းတို့၏ လူမှုအဖွဲ့အစည်းအတွက် ဖြစ်နိုင်ခြေရှိသော အကျိုးကျေးဇူးများ စသည်တို့ကို ပါဝင်ဖြေကြားသူများထံ အသိပေးပြောကြားရန် လိုအပ်ပါသည်။

၂။ ပါဝင်ဖြေကြားသူများနှင့် သုတေသနအတွက် ပြောပြဖြေကြားပေးခဲ့သည့် သတင်းအချက်အလက်များကို သုတေသီ တစ်ဦးတည်းသာ သိရှိထားပါသည်။

၃။ အဘယ်ကြောင့်ဆိုသော် သုတေသန ရှာဖွေတွေ့ရှိချက်များသည် အဆိုပါ လူမှုအဖွဲ့အစည်းပေါ် သက်ရောက်မှုရှိသည့် အဖွဲ့အစည်းများ (သို့) အစိုးရ၏ ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးမှု ရှိနိုင်သည့်အတွက်ဖြစ်သည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက မေးခွန်းတစ်ခုချင်းစီအတွက် အကောင်းဆုံးအဖြေကို ရွေးချယ်ရမည်။

**အဖြေများ**

၁။ (က)

၂။ (ဃ)

၃။ (ဂ)

## လုပ်ငန်းစဉ် – ပြဿနာကို ခွဲခြားဖော်ထုတ်ပါ

- ကျောင်းသားများက အခြေအနေပြဖြစ်ရပ်များကို ဖတ်ရှုရမည်။

၁။ နှစ်ယောက်တစ်တွဲစီ သို့မဟုတ် အဖွဲ့ငယ်များဖြင့် အခြေအနေပြဖြစ်ရပ်များကို ကျင့်ဝတ်ညီသုတေသန၏ အင်္ဂါရပ်များထဲမှ လစ်ဟာနေသည့်အချက်တစ်ခုခုဖြင့် တွဲစပ်ရမည်။

**အဖြေများ**

(က) ရိုးသားမှု

(ခ) သဘောတူညီချက် တောင်းခံခြင်း

(ဂ) လျှို့ဝှက်ထားခြင်း

၂။ ကျောင်းသားများက အခြေအနေပြဖြစ်ရပ်ထဲမှ သုတေသီ အနေဖြင့် ၎င်းတို့၏ သုတေသနကို ပိုပြီးကျင့်ဝတ်ညီစေရန် မည်သို့လုပ်ဆောင်နိုင်ကြောင်း ဆွေးနွေးရမည်။

**အဖြေများ**

(က) သုတေသနတွင် အင်တာနက်နည်းပညာအသစ်များ အသုံးပြုခြင်း အောင်မြင်ခဲ့သည့် စီးပွားရေးလုပ်ငန်း ဒေတာများကို ထည့်သွင်းဖော်ပြသကဲ့သို့ နည်းပညာ အသစ်များ အသုံးပြုသော်လည်း အောင်မြင်မှုမရှိခဲ့သည့် စီးပွားရေးလုပ်ငန်းများ၏ ဒေတာများကို ထည့်သွင်း ဖော်ပြခြင်းဖြင့် သုတေသနကို ပိုပြီးရိုးသားမှုရှိစေရန်နှင့် ပိုမိုတိကျစေနိုင်ပါသည်။

(ခ) သုတေသီက သုတေသနစီမံကိန်းတွင် သဘောတူညီချက် လက်မှတ်ရေးထိုးရန် ငြင်းဆိုသည့် ကျောင်းသားများကို ထည့်သွင်းဖော်ပြခြင်း မပြုလုပ်သင့်ပေ။ ၎င်းအနေဖြင့် အစီရင်ခံစာကို အပြီးသတ်ရေးသားပြီး မထုတ်ဝေခင် အဆိုပါကျောင်းသားများ၏ မည်သည့် ဒေတာများကိုမဆို ဖယ်ထုတ်သင့်ပါသည်။

(ဂ) သုတေသီက ပါဝင်ဖြေကြားသူများ၏ ဖြေကြားချက်များ ထဲမှ သုတေသနခေါင်းစဉ်နှင့် ဆက်နွယ်မှုရှိသည့် အချက်အလက်များကိုသာ ထည့်သွင်းဖော်ပြပြီး ပါဝင်ဖြေကြားသူကို အလွယ်တကူသိနိုင်သည့် မည်သည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကိုမဆို မထည့်သွင်းမိစေရန် အထူးဂရုပြုသင့်ပါသည်။

## လုပ်ငန်းစဉ် – ကျင့်ဝတ်ညီ သုတေသနအတွက် လမ်းညွှန်ချက်များ

- နှစ်ယောက်တွဲစီ သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက ကျင့်ဝတ်ညီသုတေသနအတွက် လိုက်နာရန် စည်းမျဉ်းဥပမာနှစ်ခုကို ဖတ်ရှုရမည်။

၁။ ၎င်းဥပမာနှစ်ခုသည် မည်သို့ ဆင်တူညီနေကြကြောင်း ခွဲခြားဖော်ထုတ်ရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေ**

ဥပမာနှစ်ခုစလုံးတွင် ထိခိုက်နာကျင်စေမှုများကို ဖော်ပြထားပြီး ၎င်းတို့နှစ်ခုစလုံး၌ သုတေသနတွင် ရိုးသားမှုရှိရန်ကိုလည်း သွယ်ဝိုက်သော နည်းလမ်းဖြင့် အကြံပြုထားပါသည် (ESOMAR ဥပမာတွင် ပွင့်လင်း မြင်သာမှုရှိခြင်းနှင့် UNESCO ဥပမာတွင် သုတေသန၏ အရည်အသွေး)။

၂။ ၎င်းဥပမာနှစ်ခုသည် မည်သို့ ကွဲပြားခြားနားကြကြောင်း ခွဲခြားဖော်ထုတ်ရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေ**

ESOMAR ဥပမာတွင် လျှို့ဝှက်ထားမှုကို (ပုဂ္ဂိုလ်ရေးဆိုင်ရာ ဒေတာများကို ကာကွယ်ခြင်း) သွယ်ဝိုက်စွာ အကြံပြုထားသော်လည်း UNESCO ဥပမာတွင် မဖော်ပြထားပါ။ UNESCO ဥပမာတွင် ဥပဒေဆိုင်ရာ အကြောင်းအရာများကို ဖော်ပြထားသော်လည်း ESOMAR ဥပမာတွင် မဖော်ပြထားပါ။

၃။ ကျောင်းသားများက လမ်းညွှန်ချက်များစာရင်း (ဤစာအုပ် အတွက် သီးသန့်ရေးသားထားသည်) ကို ဖတ်ရှုရမည်။

- လမ်းညွှန်ချက်များ (က–စ) ကို လိုက်နာရန် စည်းမျဉ်းများနှင့် တွဲစပ်ရမည်။

**အဖြေများ**

(က) ESOMAR iii and UNESCO iii

(ခ) ESOMAR i and ii

(ဂ) ESOMAR iii and UNESCO iii

(ဃ) ESOMAR iii and UNESCO iii

(င) ESOMAR i and UNESCO i

၄။ နှစ်ယောက်တစ်တွဲစီ (သို့) အဖွဲ့ငယ်များဖြင့် ကျောင်းသားများက ကျင့်ဝတ်ညီသုတေသန လမ်းညွှန်ချက်များစာရင်းတွင် အခြားသော လမ်းညွှန်ချက်များကို ထပ်မံပေါင်းထည့်ရမည်။

၅။ တစ်တန်းလုံးအနေဖြင့် ကျောင်းသားများက သုတေသန စီမံကိန်းများအတွက် ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက်များကို ရေးသားရမည်။ လိုအပ်ပါက ရှိပြီးသား ဥပမာများကို အသုံးပြုရန် သို့မဟုတ် ပြောင်းလဲရန် ရွေးချယ်နိုင်ပါသည်။

- စာရင်းစာရွက်ကို နံရံပေါ်တွင်ကပ်ပါ။ ဤဘာသာရပ် တစ်လျှောက်လုံးတွင် ၎င်းစာရင်းများကို ကိုးကားအသုံးပြု သွားရန် ကျောင်းသားများကို တိုက်တွန်းအားပေးပါ။

## လုပ်ငန်းစဉ် – လက်တွေ့လေ့ကျင့်မှု ကျင့်ဝတ်များ

- ကျောင်းသားများက ပေးထားသော အခြေအနေပြ ဖြစ်ရပ်များကို ဖတ်ရှုပြီး မေးခွန်းများကို ဖြေဆိုရမည်။
- ဖြစ်ရပ်လေ့လာချက်ဆိုင်ရာ မေးခွန်းများကို ဖြေဆိုရန်အတွက် စံနှုန်းများအဖြစ် ဖြစ်နိုင်ခြေရှိသော ထိခိုက်နာကျင်စေမှု အမျိုးအစားများ (စာ – ၄၆–၄၈ တွင် စာရင်းဖော်ပြထားသည်) နှင့် ကျင့်ဝတ်ညီသုတေသန၏ အင်္ဂါရပ်များ (စာ – ၄၉–၅၀) ကို ရှာဖွေရန် ကျောင်းသားများကို သတိပေးပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ **ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှု** – သုတေသီက အဆိုပါ ကျေးရွာသို့ သွားလာရာတွင် ထိခိုက်နာကျင်မှုများ ခံစားရနိုင်သည်။ အာဏာပိုင်များက (အခြားအစုအဖွဲ့များက) သုတေသနနှင့် ပတ်သက်ပြီး မကျေနပ်ပါက ရွာသားများအတွက် ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်ရှိနိုင်ပါသည်။

**စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်စေခြင်း** – အချို့သော လယ်သမားများသည် အတိတ်ကာလတွင် လက်နက်ကိုင် ပဋိပက္ခများကို ရင်ဆိုင်တွေ့ကြုံခဲ့ဖူးသည့်အတွက် အဆိုပါ အတွေ့အကြုံများအကြောင်း ပြောဆိုခြင်းကြောင့် စိတ်ထိခိုက်မှု ခံစားရနိုင်ပါသည်။

**တရားရေးဆိုင်ရာ ထိခိုက်နာကျင်မှု** – သုတေသီအနေဖြင့် နိုင်ငံရေးအရ ထိရှလွယ်သည့် နေရာဒေသများသို့ ခရီးသွားလာခြင်းကြောင့် ဒုက္ခရောက်နိုင်ပါသည်။ ကျေးရွာမှ ရွာသားများသည်လည်း နိုင်ငံရေးအရ ထိရှလွယ် အကြောင်းအရာများကို သုတေသီအား ပြောပြသည့်အတွက် ဒုက္ခရောက်နိုင်ပါသည်။

**လူမှုရေးဆိုင်ရာ ထိခိုက်နာကျင်မှု** – ၎င်းကျေးရွာသည် အတိတ်ကာလတွင် လက်နက်ကိုင်ပဋိပက္ခများကို ရင်ဆိုင်တွေ့ကြုံခဲ့ဖူးသည့်အတွက် အဆိုပါ ကျေးရွာအား နိုင်ငံရေး အကြောင်းအရာများ မေးမြန်းပြောဆိုခြင်းဖြင့် မတူညီသည့် နိုင်ငံရေးရှုထောင့်များရှိကြသည့် ရွာသားများ သို့မဟုတ် မတူညီသည့် နိုင်ငံရေးပါတီများ (သို့မဟုတ် လက်နက်ကိုင် အဖွဲ့များ) ကို ထောက်ခံသည့် ရွာသားများအကြား လူမှုရေးဆိုင်ရာ ထိခိုက်နာကျင်မှုများ ဖြစ်လာစေနိုင်ပါသည်။

**စီးပွားရေးဆိုင်ရာ ထိခိုက်နာကျင်မှု** – သုတေသနကြောင့် ပါဝင်ဖြေကြားသူများက အလုပ်အကိုင်ရပ်နားရပါက – အထူးသဖြင့် လူတွေ့မေးမြန်းရာတွင် အချိန်ကြာမြင့်လွန်းခြင်း – ၎င်းသုတေသနသည် အဆိုပါကျေးရွာအတွက် စီးပွားရေး ဆိုင်ရာ ထိခိုက်နစ်နာမှုများ ဖြစ်စေနိုင်ပါသည်။

**သဘောတူညီချက် တောင်းခံခြင်း** – သုတေသီက သုတေသန၏ ရည်ရွယ်ချက်၊ လူမှုအဖွဲ့အစည်းအတွက် အကျိုးကျေးဇူးများနှင့် ပါဝင်ဖြေဆိုမည့် ရွာသားများအပေါ် သက်ရောက်နိုင်ခြေရှိသည့် အန္တရာယ်များ စသည်တို့ကို ရှင်းပြပြီး သုတေသနတွင် ပါဝင်ဖြေကြားရန်အတွက် သဘောတူညီချက် တောင်းခံရန် လိုအပ်ပါသည်။

**လျှို့ဝှက်ထားခြင်း** – သုတေသီက ရွာသားများ တစ်ဦးနှင့် တစ်ဦး သို့မဟုတ် အာဏာပိုင်များနှင့် ပြဿနာမရှိစေရန် အတွက် ၎င်းတို့၏ အမည်များ၊ လိပ်စာများနှင့် နိုင်ငံရေးဆိုင်ရာ ယုံကြည်ချက်များနှင့် ပတ်သက်ပြီး သတင်းအချက်အလက်များကို လုံခြုံမှုရှိစေရန် ဂရုစိုက်သင့်ပါသည်။

**ရိုးသားမှု** – သုတေသနကို ထောက်ပံ့ပေးသော အဖွဲ့အစည်းက ကျေးလက်ဒေသများသည် ဒီမိုကရေစီကို ပိုပြီးစိတ်ဝင်စားကြကြောင်း ဖော်ပြချင်သည်။ သုတေသီက သုတေသနသည် ထောက်ပံ့ကြေးပေးသော အဖွဲ့အစည်း၏ လိုလားချက်များကို ဦးစားမပေးဘဲ ရွာသူ ရွာသားများ တင်ပြသည့်အချက်များကို ရိုးသားစွာနှင့် တိကျစွာ ဂရုတစိုက် သတိထားရမည်။ ရွာသူရွာသားများထဲတွင် မြန်မာစကား မပြောတတ်သော ရွာသားများရှိသည့်အတွက် ၎င်းတို့၏ အမြင်ရှုထောင့်များကို သုတေသနရလဒ်များတွင် ထည့်သွင်းဖော်ပြနိုင်ရန်လည်း ကြိုးစားသင့်ပါသည်။

၂။ သုတေသီက သုတေသန၏ ရည်ရွယ်ချက်၊ ကျေးရွာအတွက် အကျိုးကျေးဇူးများနှင့် ဖြစ်နိုင်ခြေရှိသော အန္တရာယ်များကို ရှင်းပြပြီးနောက် ရွာသားများနှင့် လူတွေ့မေးမြန်းခြင်းအစတွင် သဘောတူညီချက် တောင်းခံသင့်ပါသည်။

၃။ **(က) စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှု** – ဤမေးခွန်းနှင့် ပတ်သက်ပြီး ထပ်မံမေးမြန်းခြင်းမပြုဘဲ အခြားမေးခွန်းများ မေးမြန်းခြင်းဖြင့် (သို့) လူတွေ့မေးမြန်းမှုကို ရပ်တန့်ခြင်းနှင့် ပါဝင်ဖြေကြားသူအား အနားယူစေခြင်းနှင့် ဆက်လက်ဖြေကြားရန် ဆန္ဒရှိ/ မရှိ ဆုံးဖြတ်စေခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုကို လျှော့ချနိုင်ပါသည်။

**(ခ) စီးပွားရေးဆိုင်ရာ ထိခိုက်နာကျင်မှု** – ရွာသားများအတွက် ပြဿနာများစွာ ဖြစ်စေပါက အစီရင်ခံစာ ထုတ်ပြန်ရာတွင် ရွာသားများကို အတင်းတက်ရောက်ခိုင်းခြင်း မပြုလုပ်ပါနှင့်။ ဖြစ်နိုင်ပါက ပါဝင်ဖြေကြားသူများ၏ ခရီးသွားလာစရိတ်နှင့် အလုပ်ပျက်သည့် နစ်နာကြေးများကို စိုက်ထုတ်ပေးပါ။

**(ဂ) တရားရေးဆိုင်ရာ ထိခိုက်နာကျင်မှု** – ရွာသားများက နိုင်ငံရေးအကြောင်းအရာများကို ဆွေးနွေးခဲ့ပြီး အမည်များ သို့မဟုတ် ဓာတ်ပုံများဖြင့် မည်သူမည်ဝါ ခွဲခြားဖော်ထုတ်နိုင်ပါက (သို့) ထောက်ပံ့ကြေးပေးသော အဖွဲ့အစည်းက ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များကို အာဏာပိုင်များ ထံသို့ တင်ပြပါက ၎င်းရွာသားများသည် ဒုက္ခရောက်နိုင်ပါသည်။ ဤအချက်သည် လျှို့ဝှက်ထားခြင်းနှင့် သဘောတူညီချက် တောင်းခံခြင်းဆိုင်ရာ ကိစ္စရပ်တစ်ခု ဖြစ်သည်။ ပါဝင်ဖြေကြားသည့် ရွာသူရွာသားများ၏ သရုပ်လက္ခဏာကို ဆက်လက်လျှို့ဝှက်ထားနိုင်ရန်အတွက် ၎င်းတို့ကို ဖော်ထုတ်ရန် အသုံးပြုနိုင်သည့် အချက်အလက်များ၊ အမည်များနှင့် ဓာတ်ပုံများကို ဒေတာများထဲမှ ဖယ်ထုတ်ပါ။ ထောက်ပံ့ကြေးပေးသော အဖွဲ့အစည်း အနေဖြင့် ရွာသားများထံမှ မှတ်စုများ အသုံးပြုရန်အတွက် သဘောတူညီချက် စာရွက်စာတမ်းများကို (အမည်များနှင့် ဓာတ်ပုံများ ဖယ်ရှားထားသော) လိုအပ်ပါလိမ့်မည်။

## သင်တို့၏ သုတေသနစီမံကိန်း – သုတေသန ကျင့်ဝတ်များ

**မှတ်ချက်။** ။ ဤလုပ်ငန်းသည် ကျောင်းသားများကို သုတေသနစီမံကိန်းတစ်ခုအား အစမှအဆုံးထိ ပြင်ဆင် ဖန်တီးပြီး လက်တွေ့လုပ်ဆောင်စေရန် ဒီဇိုင်းရေးဆွဲထားသည့် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်း ၁၆ ခုထဲမှ ခြောက်ခုမြောက်ဖြစ်သည်။

၎င်းသည် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်းများ အားလုံးအတွက် ခေါင်းစဉ်တစ်ခုတည်းကိုသာ တောက်လျှောက်အသုံးပြုသွားမည် ဆိုပါက ထိရောက်မှုရှိနိုင် ပါသည်။ သို့သော် ကျောင်းသားများက ၎င်းလုပ်ငန်းများကို လုပ်ဆောင်နေချိန်တွင် ၎င်းတို့ရွေးချယ်ထားသော ယခင် သုတေသန ခေါင်းစဉ်များ သို့မဟုတ် မေးခွန်းများသည် လက်တွေ့ကျမှုမရှိတော့ခြင်း၊ စိတ်ဝင်စားမှုမရှိခြင်း သို့မဟုတ် အသုံးဝင်မှုမရှိခြင်းတို့ကို တွေ့မြင်လာနိုင်သည် သို့မဟုတ် အခြားခေါင်းစဉ် သို့မဟုတ် မေးခွန်းကို ပိုမို စိတ်ဝင်စားလာနိုင်ပါသည်။

၁။ ကျောင်းသားများက ၎င်းတို့ရွေးချယ်ထားသော သုတေသန စီမံကိန်းတွင် ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များ သို့မဟုတ် ပြဿနာများကို စိတ်ကူးစဉ်းစား ကြည့်ရမည် (ဥပမာ – လျှို့ဝှက်ထားခြင်း၊ ပါဝင် ဖြေကြားသူများနှင့် ၎င်းတို့ကိုယ်တိုင်၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံရေး၊ သုတေသန၏ အရည်အသွေး၊ တရားရေးဆိုင်ရာ ကိစ္စရပ်များ၊ စသဖြင့်)။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက ၎င်းတို့၏ သုတေသန စီမံကိန်းများတွင် ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်း စဉ်းစားချက်များကို ဆွေးနွေးရမည်။

၃။ ကျောင်းသားများက ကျင့်ဝတ်ဆိုင်ရာ သုတေသန လုပ်ငန်း အတွက် ညွှန်ကြားချက်များစာရင်း (စာ – ၅၁–၅၂) ကို ကြည့်ရှုပြီး အဆိုပါ ညွှန်ကြားချက်များသည် ၎င်းတို့၏ သုတေသန စီမံကိန်းနှင့် မည်သို့ ဆက်နွယ်မှုရှိကြောင်း ဆွေးနွေးရမည်။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

# အခန်း ၄ –
# စစ်တမ်းမေးခွန်းလွှာများ

# ၄.၁ စစ်တမ်းမေးခွန်းလွှာများ

**အကြိုလေ့လာချက်**

၁။ ကျောင်းသားများက စစ်တမ်းမေးခွန်းလွှာထဲရှိ မေးခွန်းများကို ဖတ်ရှုပြီး ဖြေကြားရမည်။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် ၎င်းတို့၏ အဖြေများကို နှိုင်းယှဉ်ရမည်။

၃။ တစ်တန်းလုံးအနေဖြင့် မေးခွန်းများကို ဆွေးနွေးရမည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက ထုတ်ပြန်ချက်များသည် မှန်ကန်ကြောင်း သို့မဟုတ် မှားယွင်းကြောင်း ဆုံးဖြတ်ရမည်။
- မှားယွင်းနေပါက မှန်ကန်အောင် ပြင်ဆင်ရေးသားရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ မှန်ပါသည်

၂။ မှန်ပါသည်

၃။ မှားပါသည် – လူတွေ့မေးမြန်းသူတစ်ဦးက မေးခွန်းများကို မေးမြန်းပြီး အဖြေများကို ပြင်ဆင်ဖွဲ့စည်းထားသည့် လူတွေ့မေးမြန်းမှု အဖြေလွှာထဲတွင် ဖြည့်စွက်ရေးသားပါသည်။

၄။ မှန်ပါသည်

၅။ မှားပါသည် – ဖြေကြားသူက ၎င်းတို့၏ အဖြေများကို ကိုယ်တိုင်ဖြည့်စွက်ရသည့် မေးခွန်းလွှာထဲ ဖြည့်စွက်ရသည် (သို့မဟုတ် ပေးထားသော ရွေးချယ်စရာ အဖြေများထဲမှ ရွေးချယ်ရသည်)။

၆။ မှားပါသည် – နိုင်ငံတစ်နိုင်ငံရှိ လူဦးရေအကြောင်းအရာ အချက်အလက်များကို ရှာဖွေရန်အတွက် သန်းခေါင်စာရင်း တစ်ခုကို ပုံမှန်အားဖြင့် အစိုးရက ကောက်ယူပါသည်။

## ဖြစ်ရပ်လေ့လာချက်

၁–၂။ ကျောင်းသားများက ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုပြီး မေးခွန်းများအား ဖြေကြားရမည်။

၃။ ကျောင်းသားများက စာမျက်နှာ ၁၅၂ ရှိ စစ်တမ်းမေးခွန်းလွှာကို ဖတ်ရှုရမည်။ နှစ်ယောက်တစ်တွဲစီဖြင့် တစ်ဦးက စာမျက်နှာ ၁၅၂ ရှိ ပြင်ဆင်ဖွဲ့စည်းထားသည့် လူတွေ့မေးမြန်းခြင်း မေးခွန်းလွှာထဲမှ မေးခွန်းများကို မေးမြန်းသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ လူတွေ့မေးမြန်းသူအဖြစ် သရုပ်ဆောင်ပြီး တွဲဖက်ဖြစ်သူက ပါဝင်ဖြေကြားပေးသူအဖြစ် သရုပ်ဆောင်၍ သရုပ်ဖော်တင်ဆက်မှုတစ်ခု ဆောင်ရွက်ရမည်။

၄။ ၎င်းတို့က အပြန်အလှန် ဇာတ်ကောင်ပြောင်းလဲပြီး မေးခွန်းလွှာထဲမှ မေးခွန်းများကို နောက်တစ်ကြိမ် ပြန်လည်မေးမြန်း ဖြေကြားကြရမည်။

**အဖြေများ**

၁။ မြန်မာနိုင်ငံ၏ လုပ်သားအင်အားစုနှင့် ပတ်သက်ပြီး တိကျ၍ ယုံကြည်လက်ခံနိုင်သော သတင်းအချက်အလက်များ ရရှိရန်။

၂။ ပြင်ဆင်ဖွဲ့စည်းထားသော လူတွေ့မေးမြန်းခြင်းတစ်ခု။

## ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများက ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုရမည်။

၁။ ထို့နောက် မေးခွန်းများကို ဖြေဆိုရမည်။

**အဖြေများ**

(က) ကျောင်းသားနှင့် ဆရာများ

(ခ) – ကျောင်းသားနှင့် ဆရာများအတွက် ကျွမ်းကျင်မှုများ၏ အရေးပါမှု

– ကျောင်းသားများ၏ ကျွမ်းကျင်တတ်မြောက်မှုဆိုင်ရာ ဗဟုသုတနှင့် လုပ်ကိုင်နိုင်စွမ်း တိုးတက်ပြောင်းလဲမှုနှုန်း

၂။ ကျောင်းသားများက မှခ်ဦးပညာရေးအဖွဲ့၏ သင်ယူရေး ကျွမ်းကျင်မှုဆိုင်ရာ ကျောင်းသားစစ်တမ်းမေးခွန်းလွှာကို ဖြည့်စွက်ရမည်။

၃။ နှစ်ယောက်တစ်တွဲစီဖြင့် အဖြေများကို နှိုင်းယှဉ်ရမည်။

## ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများက စာမျက်နှာ ၆၀–၆၁ ရှိ ဖြစ်ရပ်လေ့လာချက်များကို ဖတ်ရှုပါ။
- ၎င်းတို့က မေးခွန်းများကို ဖြေဆိုရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ ဖြစ်ရပ်လေ့လာချက် 'က' အတွက် မေးခွန်းလွှာများကို အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်သူများထံမှ ပြန်လည်အကြံပြုချက်များ အလွယ်တကူ လျင်မြန်စွာ ရရှိနိုင်ရန် အတွက် အသုံးပြုနိုင်ပါသည်။ ဖြစ်ရပ်လေ့လာချက် 'ခ' အတွက် မေးခွန်းလွှာများ အသုံးပြုခြင်း၏ အကျိုးကျေးဇူး တစ်ခုမှာ နိုင်ငံ၏ လူဦးရေကြီးတစ်ရပ်လုံးနှင့် ပတ်သက်သည့် အချက်အလက်များကို ကောက်ယူရန် အသုံးပြုနိုင်ပါသည်။

၂။ – ဖြစ်ရပ်လေ့လာချက်နှစ်ခုစလုံးတွင် မေးခွန်းလွှာများကို အသုံးပြုခဲ့ကြပါသည်။

– နှစ်ခုစလုံးသည် ပါဝင်ဖြေကြားသူများ၏ ကိုယ်ရေးအချက်အလက်များကို ကောက်ယူခဲ့ပါသည်။

– ကောက်ယူခဲ့သော အချက်အလက်များကို ဆုံးဖြတ်ချက်ချမှတ်ရာတွင် ထည့်သွင်းအသုံးပြုခဲ့ပါသည်။

၃။ – သန်းခေါင်စာရင်း စစ်တမ်းသည် လူဦးရေကြီးတစ်ရပ်လုံးထံမှ ဒေတာများကို ကောက်ယူခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲစစ်တမ်းကို လူနည်းစု အဖွဲ့တစ်ဖွဲ့၏ အချက်အလက်များ ကောက်ယူရာတွင် အသုံးပြုခဲ့ပါသည်။

– သန်းခေါင်စာရင်းသည် တစ်သီးပုဂ္ဂလများ၏ အချက်အလက်များကို ကောက်ယူခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲ စစ်တမ်းသည် လူများ၏ အမြင်နှင့် ပတ်သက်သည့် အချက်အလက်များကို ကောက်ယူခဲ့ပါသည်။

– သန်းခေါင်စာရင်းဒေတာများကို အစိုးရက အသုံးပြုပြီး အလုပ်ရုံဆွေးနွေးပွဲ စစ်တမ်းမှ ဒေတာများကို အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခု (ကုလသမဂ္ဂ) က အသုံးပြုခဲ့ပါသည်။

## ဆွေးနွေးချက်

၁။ တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

**ကွဲပြားခြားနားချက်များ –** တစ်ခုသည် စကားပြောဆိုခြင်း ဖြစ်ပြီး အခြားတစ်ခုသည် ရေးသားထားသည့် စာရွက်စာတမ်းများကို အသုံးပြုပါသည်။ လူတွေ့ မေးမြန်းသည့်တစ်ခုကို လုပ်ဆောင်ရန် လူနှစ်ဦး လိုအပ်ပါသည်။

**ဆင်တူညီချက်များ –** နှစ်ခုစလုံးတွင် စစ်တမ်းသုတေသနကို အသုံးပြုခဲ့ကြပြီး နှစ်ခုစလုံးတွင် မေးခွန်းများ မေးမြန်းခဲ့ပါသည်။

# ၄.၂ စစ်တမ်းမေးခွန်းလွှာ တစ်စောင် ဖန်တီး ရေးသားခြင်း

## အကြိုလေ့လာချက်

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ သုတေသနနှင့် ညွှန်ကြားချက်များဆိုင်ရာ အခြေခံ သတင်းအချက်အလက်များ။

၂။ အရေးကြီးဆုံး မေးခွန်းများနှင့် ကျေးဇူးတင်ကြောင်း ပြောကြားခြင်း။

## လေ့ကျင့်ခန်း

- ကျောင်းသားများက မေးခွန်းများ (က–ည) ကို စာမျက်နှာ ၆၂–၆၃ တွင် ဖော်ပြထားသော မေးခွန်းခေါင်းစဉ် အမျိုးအစားများ (၁–၄) အောက်တွင် ရွေးချယ်ရေးသားပါ။

**အဖြေများ**

၁။ က၊ ည

၂။ ခ၊ ဂ၊ င၊ ဆ၊ ဈ

၃။ ဃ၊ ဇ

၄။ စ

## လုပ်ငန်းစဉ် – စစ်တမ်းမေးခွန်းများ ရေးသားပါ

၁။ ကျောင်းသားများက စစ်တမ်းမေးခွန်းခေါင်းစဉ် တစ်ခုစီတိုင်း – ပုဂ္ဂိုလ်ရေးဆိုင်ရာ မေးခွန်းများ၊ စိတ်နေသဘောထားနှင့် ယုံကြည်မှုများဆိုင်ရာ မေးခွန်းများ၊ အသိအမြင်ဆိုင်ရာ မေးခွန်းများ၊ အတွေ့အကြုံဆိုင်ရာ မေးခွန်းများ – အတွက် ဥပမာ မေးခွန်းများ ရေးသားရမည်။

၂။ အဖွဲ့ငယ်များဖြင့် ကျောင်းသားများက ၎င်းတို့၏ မေးခွန်းများကို အလှည့်ကျဖတ်ပြရမည်ဖြစ်ပြီး အခြား ကျောင်းသားများက ဖတ်ပြသည့် မေးခွန်းများသည် မည်သည့် စစ်တမ်းမေးခွန်းခေါင်းစဉ်တွင် ပါဝင်ကြောင်း ခွဲခြားဖော်ထုတ်ရမည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက မေးခွန်းများသည် အဖွင့်မေးခွန်း သို့မဟုတ် အပိတ်မေးခွန်းများဖြစ်ကြောင်း ခွဲခြားဖော်ထုတ်ရမည်။

**အဖြေများ**

၁။ အပိတ်မေးခွန်းဖြစ်သည် (အဖြေမှာ ဟုတ်သည် သို့မဟုတ် မဟုတ်ပါ ဖြစ်သည်)

၂။ အပိတ်မေးခွန်းဖြစ်သည် (ရွေးချယ်ရမည့် အဖြေများကို ကန့်သတ်ထားသည်)

၃။ အဖွင့်မေးခွန်းဖြစ်သည် (ဤမေးခွန်းအတွက် အဖြေများသည် တစ်ဦးနှင့် တစ်ဦး မတူညီနိုင်ပါ)

၄။ အပိတ်မေးခွန်းဖြစ်သည် (တစ်စုံတစ်ဦး အလုပ်သို့သွားရန် အတွက် အသုံးပြုနိုင်သော သယ်ယူပို့ဆောင်ရေး အမျိုးအစားများသည် အကန့်အသတ်ရှိပါသည် – ဥပမာ – လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ဆိုက်ကား၊ ဆိုင်ကယ်၊ ကား၊ တက္ကစီ၊ ဘတ်စ်ကား၊ ရထား)

၅။ အဖွင့်မေးခွန်းဖြစ်သည် (ဝင်ရောက်ကြည့်ရှုနိုင်သည့် ဝက်ဘ်ဆိုဒ်များစွာ ရှိနေသည့်အတွက် ဖြေကြားချက်များ အားလုံးသည် ကွဲပြားခြားနားနိုင်ပါသည်)

၆။ အဖွင့်မေးခွန်းဖြစ်သည် (ဤမေးခွန်းအတွက် လူတစ်ဦးချင်းစီက မတူညီသည့် အဖြေများ ဖြေကြားနိုင်သည်)

၇။ အပိတ်မေးခွန်းဖြစ်သည် (ဖြစ်နိုင်ခြေရှိသော အကြိမ်ရေပေါင်း အကန့်အသတ်ရှိပါသည်)

## လုပ်ငန်းစဉ် – စစ်တမ်းမေးခွန်းများ ရေးသားပါ (၂)

- တစ်ဦးချင်းစီ သို့မဟုတ် နှစ်ယောက်တစ်တွဲစီ သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းအမျိုးအစား တစ်ခုချင်းစီ၏ ဥပမာများကို ဒီဇိုင်းရေးဆွဲရမည်။ ၎င်းဥပမာများသည် သုတေသနမေးခွန်းများကို ဖြေဆိုရန် အကူအညီဖြစ်စေရပါမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ အင်္ဂလိပ်စာဘာသာရပ်ကို အဘယ်ကြောင့် လေ့လာရသနည်း။

၂။ သင်္ချာဘာသာရပ်သည် အရေးကြီးသော ကျွမ်းကျင်မှုတစ်ခု ဟုတ်ပါသလား။ ဟုတ်ပါသည်။ မဟုတ်ပါ။

၃။ ၁–၁၀ နှုန်းထားအရ နည်းပညာကျွမ်းကျင်မှုသည် မည်မျှ အရေးကြီးပါသနည်း။

၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀

၄။ ‘လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုသည် ကျွန်ုပ်၏ အနာဂတ် အတွက် အရေးကြီးသော ခေါင်းစဉ်တစ်ခုဖြစ်သည်။’

၁။ လုံးဝသဘောမတူပါ

၂။ သဘောမတူပါ

၃။ ကြားနေ

၄။ သဘောတူသည်

၅။ လုံးဝသဘောတူသည်

၅။ အောက်ပါဘာသာရပ်များကို ၎င်းတို့၏ အရေးပါမှုလိုက် အဆင့်ခွဲသတ်မှတ်ပါ။ ၁ သည် အရေးပါမှု အနည်းဆုံးဖြစ်ပြီး ၆ သည် အရေးပါမှု အမြင့်ဆုံးဖြစ်သည်။

– အင်္ဂလိပ်ဘာသာ
– သင်္ချာ
– သိပ္ပံ
– IT
– လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး
– လူမှုရေးသိပ္ပံ

## ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများက ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုပါ။
- ထို့နောက် မေးခွန်းများကို ဖြေဆိုပါ။

**အဖြေများ**

**၁။** မြန်မာနိုင်ငံအတွင်းရှိ ဥပဒေ၊ စီးပွားရေးနှင့် လူ့အသိုက်အဝန်းဆိုင်ရာ သုတေသနပြုစုခြင်း။ MSR အဖွဲ့သည် ဈေးကွက်၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ သုတေသနများကိုလည်း လုပ်ဆောင်ပါသည်။

**၂။** ဝယ်ယူသုံးစွဲသူ အလေ့အထပြောင်းလဲမှု စစ်တမ်းက စီးပွားရေးလုပ်ငန်းများအနေဖြင့် ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုအသစ်များကို ဖန်တီးထုတ်လုပ်ရာတွင် အထောက်အကူပြုစေရန်အတွက် ဝယ်ယူသုံးစွဲသူများ၏ ကြိုက်နှစ်သက်မှု၊ လိုအပ်ချက်နှင့် လိုအပ်ဆန္ဒများကို ရှာဖွေဖော်ထုတ်ပေးပါသည်။

**၃။** **(က)** သည် အတွေ့အကြုံဆိုင်ရာ မေးခွန်းတစ်ခုဖြစ်ပါသည်။

**(ခ)** သည် စိတ်နေသဘောထား၊ ယုံကြည်ချက်များနှင့် စံတန်ဖိုးများဆိုင်ရာ မေးခွန်းတစ်ခုဖြစ်ပါသည်။

**၄။** **(က)** သည် အပိတ်မေးခွန်းတစ်ခုဖြစ်သည်။

**(ခ)** သည် အဆင့်ခွဲသတ်မှတ်ခိုင်းသည့် မေးခွန်းတစ်ခု ဖြစ်သည်။

**ဖြစ်နိုင်ခြေရှိသော အဖြေ**

**၅။** လျှို့ဝှက်ထားမှုဖြစ်သည်။ MSR အဖွဲ့က စစ်တမ်းမှ ရရှိလာသော ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို လျှို့ဝှက်ထားခြင်းဖြင့် လိုက်နာကျင့်သုံးပါသည်။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

**အပိုဆောင်းလုပ်ငန်း – လူမှုအဖွဲ့အစည်းမှ ဝယ်ယူသုံးစွဲသူ အလေ့အထပြောင်းလဲမှုစစ်တမ်း**

၁။ နှစ်ယောက်တစ်တွဲစီ သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက ၎င်းတို့၏ကျောင်း သို့မဟုတ် လူမှုအဖွဲ့အစည်းအတွက် အထောက်အကူဖြစ်စေမည့် ခေါင်းစဉ်တစ်ခုအတွက် ဝယ်ယူစားသုံးသူ အလေ့အထ ပြောင်းလဲမှု စစ်တမ်းတစ်ခုကို ဒီဇိုင်းရေးဆွဲရမည်။

၂။ ၎င်းစစ်တမ်းကို စာသင်ခန်းထဲတွင် စမ်းသပ်အသုံးပြုရမည်။

၃။ လက်တွေ့ကျပါက ၎င်းတို့ပတ်ဝန်းကျင်ရှိ ဒေသခံလူများကို စစ်တမ်းကောက်ယူ၍ အတန်းသို့ အစီရင်ခံတင်ပြရမည်။

# ၄.၃ လူဦးရေနှင့် စံနမူနာ ကောက်ယူခြင်း

အကြံပြုလေ့လာချက်

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ များစွာသော လူစု၊ လူဦးရေ၏ ရာခိုင်နှုန်း – ၁၀၀ – ၁၀၀၀ – လူတိုင်းအားလုံး။

> **မှတ်ချက်။** ။ သဘောတရားအရ စစ်တမ်းကောက်ယူသော လူဦးရေသည် လုံလောက်မှုရှိသည့်အခါတွင် စစ်တမ်း၏ ရလဒ်များသည် လူဦးရေကြီးတစ်ရပ်လုံးအတွက် ယေဘုယျ ကောက်ချက်ဆွဲနိုင်ပါသည်။

၂။ အမျိုးသားနှင့် အမျိုးသမီး၊ မတူခြားနားသော တိုင်းရင်းသား အစုအဖွဲ့များ၊ လူကြီးနှင့် လူငယ်၊ ရပ်ရွာအဖွဲ့အစည်း ခေါင်းဆောင်များ၊ ကျောင်းသားများ၊ အသေးစားစီးပွားရေး လုပ်ငန်းပိုင်ရှင်များ၊ ရွှေ့ပြောင်းနေထိုင်သူများ အစရှိသဖြင့် လူမှုအဖွဲ့အစည်းတစ်ခု၏ မတူညီသော အစိတ်အပိုင်းများကို ကိုယ်စားပြုသည့် မတူကွဲပြားသော အစုအဖွဲ့များ။ တစ်ဖွဲ့ချင်းစီ၏ နမူနာတစ်ခုစီကို ရရှိရန် ဂရုစိုက်သင့်ပါသည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက မေးခွန်းတစ်ခုချင်းစီအတွက် အကောင်းဆုံးအဖြေကို ရွေးချယ်ရမည်။

**အဖြေများ**

၁။ (ခ)

၂။ (က)

၃။ (ခ)

## လေ့ကျင့်ခန်း

- ကျောင်းသားများက လူဦးရေ (၁–၂) ကို သက်ဆိုင်ရာ စံနှုန်းများ (က–ဇ) တို့ဖြင့် တွဲစပ်ရမည်။

**အဖြေများ**

၁။ (ခ)၊ (ဂ)၊ (ဃ)၊ (ဆ)

၂။ (က)၊ (င)၊ (စ)၊ (ဇ)

## ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများက ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုရမည်။
- ထို့နောက် မေးခွန်းများကို ဖြေဆိုရမည်။

**အဖြေများ**

၁။ မြန်မာနိုင်ငံတွင် လက်ရှိ ဖွင့်လှစ်ထားသော စာကြည့်တိုက်များ

၂။ **(က)** အသုံးပြုနိုင်သော အဆောက်အအုံတစ်ခုရှိရမည်။

**(ဃ)** ပြည်သူများက စာကြည့်တိုက်မှ စာအုပ်များကို ငှားရမ်းနိုင်သည်။

**(င)** စာကြည့်တိုက်တွက် လက်ရှိအလုပ်လုပ်နေသော ဝန်ထမ်းများရှိရမည်။

**(စ)** စာကြည့်တိုက်တွင် စာအုပ်များ ဝယ်ယူရန်နှင့် ဝန်ထမ်းများအား လစာပေးရန် ဘတ်ဂျက်ရှိရမည်။

**(ည)** စာကြည့်တိုက်တွင် ပြည်သူများ ငှားရမ်းဖတ်ရှုနိုင်သော စာအုပ်များရှိသည်။

**မှတ်ချက်။** ။ အချို့ကျောင်းသားများက ‘ခ။ စာကြည့်တိုက်တွင် အင်တာနက် ချိတ်ဆက်အသုံးပြုနိုင်သည်’ ကို စံနှုန်းတစ်ခုအဖြစ် ရွေးချယ်နိုင်သည်။ သို့သော် ၎င်းအချက်သည် လေ့လာချက်ထဲရှိ လက်ရှိလည်ပတ်နေသော စာကြည့်တိုက်တစ်ခုအဖြစ် အသိအမှတ်ပြုခံရရန် စံနှုန်းတစ်ခု မဟုတ်ချေ။ ၎င်းအချက်သည် အခြားစံနှုန်းများဖြင့် စာကြည့်တိုက်များကို လက်ရှိလည်ပတ်နေသော စာကြည့်တိုက်တစ်ခုအဖြစ် ဖော်ထုတ်ပြီးသည့်အခါတွင် လည်ပတ်နေသော စာကြည့်တိုက်အားလုံးကို သုံးသပ်အကဲဖြတ်သွားမည့် ရင်းမြစ်တစ်ခုသာဖြစ်သည်။

## သင်တို့၏ သုတေသနစီမံကိန်း – လူဦးရေ

**မှတ်ချက်။** ။ ဤလုပ်ငန်းသည် ကျောင်းသားများကို သုတေသန စီမံကိန်းတစ်ခုအား အစမှအဆုံးထိ ပြင်ဆင်ဖန်တီးပြီး လက်တွေ့လုပ်ဆောင်စေရန် ဒီဇိုင်းရေးဆွဲထားသည့် 'သင်တို့၏ သုတေသန စီမံကိန်း' လုပ်ငန်း ၁၆ ခုထဲမှ ခုနစ်ခုမြောက်ဖြစ်သည်။

၎င်းသည် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်းများအားလုံးအတွက် ခေါင်းစဉ်တစ်ခုတည်းကိုသာ တောက်လျှောက်အသုံးပြုသွားမည် ဆိုပါက ထိရောက်မှုရှိနိုင်ပါသည်။ သို့သော် ကျောင်းသားများက ၎င်းလုပ်ငန်းများကို လုပ်ဆောင်နေချိန်တွင် ၎င်းတို့ရွေးချယ်ထားသော ယခင် သုတေသန ခေါင်းစဉ်များ သို့မဟုတ် မေးခွန်းများသည် လက်တွေ့ကျမှုမရှိတော့ခြင်း၊ စိတ်ဝင်စားမှုမရှိခြင်း သို့မဟုတ် အသုံးဝင်မှုမရှိခြင်းတို့ကို တွေ့မြင်လာနိုင်သည် သို့မဟုတ် အခြားခေါင်းစဉ် သို့မဟုတ် မေးခွန်းကို ပိုမိုစိတ်ဝင်စားလာနိုင်ပါသည်။

**မှတ်ချက်။** ။ ကျပန်းနမူနာကောက်ယူခြင်း နည်းလမ်းကို ကောင်းစွာဆောင်ရွက်ရန် ခက်ခဲပါသည်။ ယခုမှစတင်မည့် သုတေသီအသစ်များအတွက် စိစစ်ရွေးချယ်နမူနာကောက်ယူခြင်း၊ လွယ်ကူသက်သာ နမူနာကောက်ယူခြင်းနှင့် နှင်းလုံးနမူနာကောက်ယူခြင်း နည်းလမ်းများသည် ၎င်းတို့၏ သုတေသန စီမံကိန်းများအတွက် ပိုပြီးသင့်လျော်သည့်ပုံစံ တွေ့ရနိုင်ပါသည်။

သုတေသီအသစ်များအတွက် အရေးကြီးဆုံးအချက်မှာ ၎င်းတို့၏ သုတေသနတွင် ပါဝင်ဖြေကြားပေးသူများနှင့် အဆိုပါလူများအား သိရှိရှာဖွေခဲ့သည့် နည်းလမ်းများကို ရှင်းပြရာတွင် တိကျမှုရှိရန်နှင့် ရိုးသားမှုရှိရန်တို့ပဲဖြစ်သည်။

၁။ ကျောင်းသားများက ၎င်းတို့၏ သုတေသနအတွက် လူဦးရေနှင့် ၎င်းလူဦးရေအတွင်း၌ ထည့်သွင်းအသုံးပြုသွားမည့် သင့်လျော်သော စံနမူနာများကို ခွဲခြားဖော်ထုတ်ရမည်။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် ၎င်းတို့၏ လူဦးရေနှင့် သင့်လျော်သော စံနမူနာများကို ဆွေးနွေးရမည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက ထုတ်ပြန်ချက်များသည် မှန်ကန်ကြောင်း သို့မဟုတ် မှားယွင်းကြောင်း ဆုံးဖြတ်ရမည်။
- မှားယွင်းနေပါက မှန်ကန်သော ထုတ်ပြန်ချက်များဖြစ်အောင် ပြင်ဆင်ရေးသားရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ မှားပါသည် – ကျပန်းနမူနာရရှိရန်အတွက် လူဦးရေတစ်ရပ်အတွင်းမှ လူများအားလုံးသည် ရွေးချယ်ခံရခွင့် တူညီစေရန် ဘက်လိုက်မှုမရှိဘဲ ကျပန်းရွေးချယ်ရပါမည်။

၂။ မှန်ပါသည်။

၃။ မှားပါသည် – ကျပန်းနမူနာကောက်ယူခြင်း ဆိုသည်မှာ ပါဝင်ဖြေကြားမည့်သူများကို ရွေးချယ်ခံရရန် အခွင့်အရေး တူညီသည့် လူဦးရေတစ်ရပ်ထံမှ ဘက်လိုက်မှုမရှိဘဲ ရွေးချယ်ခြင်းဖြစ်သည်။

၄။ မှားပါသည် – စိစစ်ရွေးချယ် နမူနာကောက်ယူနည်းသည် လူဦးရေတစ်ရပ်အတွင်းရှိ မတူခြားနားသည့် အစုအဖွဲ့များအားလုံးထံမှ ဖြေကြားချက်များရရှိရန် ကြိုးစားပေးသည်။ နှင်းလုံးနမူနာကောက်ယူနည်းသည် လူများ၏ ဆက်ဆံရေးအပေါ်တွင် မှီခိုရပါသည်။ သို့မှသာလျှင် ပါဝင်ဖြေကြားသူများက သုတေသနလူဦးရေတွင် ထည့်သွင်းရန်အတွက် စံနှုန်းနှင့်ကိုက်ညီသော အခြားလူများကို သုတေသီနှင့် မိတ်ဆက်ပေးနိုင်ပါသည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက အခြေအနေပြဖြစ်ရပ်တစ်ခုချင်းစီသည် ကျပန်း၊ စိစစ်ရွေးချယ်၊ လွယ်ကူသက်သာ သို့မဟုတ် နှင်းလုံးနမူနာကောက်ယူနည်းများ၏ ဥပမာတစ်ခု ဟုတ်/မဟုတ် ဆုံးဖြတ်ရမည်။

**အဖြေများ**

၁။ စိစစ်ရွေးချယ် နမူနာကောက်ယူနည်း

၂။ ကျပန်းနမူနာကောက်ယူနည်း

၃။ နှင်းလုံးနမူနာကောက်ယူနည်း

၄။ လွယ်ကူသက်သာ နမူနာကောက်ယူနည်း

## လုပ်ငန်းစဉ် – အခြေအနေပြ ဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာပါ

- ကျောင်းသားများက အခြေအနေပြဖြစ်ရပ်များကို ဖတ်ရှုရမည်။

၁။ ဖြစ်ရပ်များတွင် မည်သည့် နမူနာကောက်ယူခြင်း အမျိုးအစားကို အသုံးပြုထားကြောင်း ခွဲခြားဖော်ထုတ်ရမည်။

**အဖြေများ**

(က) စိတ်စစ်ရွေးချယ် နမူနာကောက်ယူနည်း

(ခ) နှင်းလုံးနမူနာကောက်ယူနည်း

(ဂ) ကျပန်းနမူနာကောက်ယူနည်း

၂။ သုတေသီက အခြေအနေပြဖြစ်ရပ်ထဲတွင် အသုံးပြုခဲ့သော နမူနာကောက်ယူနည်းကို အဘယ်ကြောင့် အသုံးပြုခဲ့ကြောင်း ကျောင်းသားများက ခွဲခြားဖော်ထုတ်ရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

(က) သုတေသနသည် ပိုမိုကျယ်ပြန့်သည့် လူဦးရေတစ်ရပ်ကို ကိုယ်စားပြုနိုင်ရန်အတွက် မတူညီသည့် အစုအဖွဲ့များ ထံမှ လူများကို လူတွေ့မေးမြန်းချင်သည့်အတွက်ကြောင့် ဖြစ်သည်။

(ခ) သုတေသီက လယ်သမားများကို အခြားသော ပါဝင်ဖြေကြားမည့်သူများနှင့် မိတ်ဆက်ပေးရန် လိုအပ်သောကြောင့်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လယ်ယာမြေအငြင်းပွားမှု ရင်ဆိုင်နေသူများ မည်သူ မည်ဝါဖြစ်ကြောင်း လယ်သမားများက သိရှိကြပြီး လယ်သမားများ၏ မိတ်ဆက်ပေးခြင်း မပါဝင်ဘဲ ရှာဖွေရန် ခက်ခဲသည့်အတွက်ကြောင့်ဖြစ်သည်။

(ဂ) သုတေသီက နမူနာရွေးချယ်ရာတွင် အိမ်ထောင်စုများကို ဘက်လိုက်မှုမရှိဘဲ ကျပန်းရွေးချယ်နိုင်ရန်အတွက် (ဥပမာ – ငါးအိမ်တစ်စု အိမ်ထောင်စုတိုင်း) အိမ်ထောင်စုစာရင်းကို လိုအပ်ပါသည်။

၃။ ကျောင်းသားများက အသုံးပြုခဲ့သော နမူနာကောက်ယူနည်း များ၏ အားသာချက်နှင့် အားနည်းချက်များကို ခွဲခြားဖော်ထုတ်ရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

(က) အားသာချက်တစ်ချက်မှာ သုတေသီများက မြေယာပဋိပက္ခနှင့် ပတ်သက်ပြီး မတူညီသည့် အတွေ့အကြုံများနှင့် မတူညီသည့် အစုအဖွဲ့များအပေါ် သက်ရောက်မှုများကို လေ့လာသင်ယူနိုင်ပါသည်။ အားနည်းချက်တစ်ချက်မှာ သုတေသီများက ရပ်ရွာထဲရှိ လူတိုင်းအတွက် ပြဿနာ၏သက်ရောက်မှု ကွာဟချက်များနှင့် ပတ်သက်ပြီး တိကျသောဒေတာများ မရရှိနိုင်ခြင်းဖြစ်သည်။

(ခ) ဤနည်းလမ်း၏ အားသာချက်တစ်ချက်မှာ သုတေသီ အနေဖြင့် ဒေတာများကို ရိုးရှင်းလွယ်ကူစွာ ကောက်ယူ နိုင်ခြင်းပင်ဖြစ်သည်။ အားနည်းချက်တစ်ချက်မှာ သုတေသီအနေဖြင့် ရပ်ရွာအတွင်းရှိ ပိုမိုနက်ရှိုင်းသည့် အခြေအနေကို တိကျစွာ ထင်ဟပ်နိုင်စွမ်း မရှိခြင်း ဖြစ်နိုင်ပါသည်။

(ဂ) ဤနည်းလမ်း၏ အားသာချက်တစ်ချက်မှာ လူဦးရေတစ်ရပ်လုံးကို ထင်ဟပ်မှုရှိသည့် သတင်းအချက်အလက်များ ရရှိစေခြင်း ဖြစ်နိုင်ပါသည်။ အားနည်းချက်တစ်ချက်မှာ အချို့သော အိမ်ထောင်စုများ အနေဖြင့် သုတေသနတွင် ပါဝင်ဖြေကြားလိုသည့် ဆန္ဒမရှိခြင်းဖြစ်သည်။

> **မှတ်ချက်။**  ။ အခြေအနေပြဖြစ်ရပ်ထဲတွင် ဖော်ပြထားခဲ့သော နမူနာကောက်ယူနည်းကို အသုံးပြု၍ ရွေးချယ်ထားသည့် ပါဝင်ဖြေကြားသူများထံမှ ရရှိနိုင်သော အချက်အလက်များနှင့် မရရှိနိုင်သည့် အချက်အလက်များကို စဉ်းစားကြည့်ရန် တိုက်တွန်းအားပေးပါ။ အခြေအနေပြဖြစ်ရပ် (က) အတွက် အဖြေများကို ကျောင်းသားများနှင့် အတူလုပ်ဆောင်ရန် ဥပမာတစ်ခုအနေဖြင့် သင်အသုံးပြုနိုင် ပါသည်။

## ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများက ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုပါ။
- ထို့နောက် မေးခွန်းများကို ဖြေဆိုပါ။

**အဖြေများ**

၁။ မြန်မာနိုင်ငံ အပူပိုင်းဒေသရှိ အိမ်ထောင်စုများထဲမှ အချို့က ရွှေ့ပြောင်းလုပ်သားများ စေလွှတ်ကြပြီး အချို့ အိမ်ထောင်စုများက စေလွှတ်ခြင်း မရှိကြချေ။

၂။ လွယ်ကူသက်သာ နမူနာကောက်ယူနည်းနှင့် စိတ်စစ်ရွေးချယ် နမူနာကောက်ယူနည်း။ သုတေသနကို HelpAge International အဖွဲ့ လုပ်ကိုင်ခဲ့ဖူးသော မြို့နယ်များတွင် ဆောင်ရွက်သည့်အတွက် အဆိုပါ မြို့နယ်များရှိ ဒေသခံများကို သိရှိပြီးသား သို့မဟုတ် ဆက်သွယ်ရန် လိပ်စာရှိပြီးသား ဖြစ်သည့်အတွက်ကြောင့် လွယ်ကူသက်သာ နမူနာကောက်ယူနည်းကို အသုံးပြုရခြင်းဖြစ်သည်။ သုတေသီများက စစ်တမ်းများကို နှိုင်းယှဉ်နိုင်စေရန်နှင့် ရွေးချယ်ထားသည့် အိမ်ထောင်စုများသည် စံနှုန်းနှင့် ကိုက်ညီမှုရှိစေရန်အတွက် စစ်တမ်းကောက်ယူသည့် မြို့နယ်များကို စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အဆင့်နှင့် လူဦးရေ အရွယ်အစားပေါ် အခြေခံပြီး ရွေးချယ်ခဲ့သည့်အတွက် စိတ်စစ်ရွေးချယ် နမူနာ ကောက်ယူနည်းကို အသုံးပြုပါသည်။

၃။ ရွှေ့ပြောင်းလုပ်သား အနည်းဆုံးတစ်ဦးရှိသည့် အိမ်ထောင်စုများနှင့် ရွှေ့ပြောင်းလုပ်သားမရှိသည့် အိမ်ထောင်စုများ။

**ဖြစ်နိုင်ခြေရှိသော အဖြေ**

၄။ နှင်းလုံးနမူနာကောက်ယူနည်းတွင် သုတေသီအနေဖြင့် တစ်ဦးဦးက ရွှေ့ပြောင်းလုပ်သားရှိသည့် အိမ်ထောင်စု တစ်ခုကို မိတ်ဆက်ပေးရန် လိုအပ်ပြီး အဆိုပါ အိမ်ထောင်စုဝင်များမှတစ်ဆင့် အခြားသော ရွှေ့ပြောင်း လုပ်သားရှိသည့် အိမ်ထောင်စုများကို ထပ်မံမိတ်ဆက်ပေးရန် လိုအပ်ပါသည်။ ရွှေ့ပြောင်းလုပ်သားမရှိသည့် အိမ်ထောင်စုများကိုလည်း ထိုနည်းလည်းကောင်း ဆောင်ရွက်ရပါသည်။

ကျပန်းနမူနာကောက်ယူနည်းတွင် အိမ်ထောင်စုများကို ပုံမှန်ရွေးချယ်သည့်စနစ်ဖြင့် ရွေးချယ်ခြင်းပါဝင်သည် – ဥပမာ – သုတေသနပြုလုပ်သည့် မြို့နယ်မှ အိမ်ထောင်စု စာရင်းမှတ်တမ်းထဲက ၅ ကြိမ်မြောက် သို့မဟုတ် ၁၀ ကြိမ်မြောက် အိမ်ထောင်စုတိုင်းကို ရွေးချယ်ခြင်း။ ဤနည်းလမ်းတွင် တွေ့ရနိုင်သော ပြဿနာတစ်ခုမှာ အိမ်ထောင်စုစာရင်း မှတ်တမ်းကို ကြည့်ရှုခြင်းအားဖြင့် ၎င်းအိမ်ထောင်စုများသည် ရွှေ့ပြောင်းလုပ်သားရှိသော သို့မဟုတ် မရှိသော အိမ်ထောင်စုများဖြစ်ကြောင်း သုတေသီများက မသိရှိနိုင်ခြင်းပင်ဖြစ်သည်။

## သင်တို့၏ သုတေသနစီမံကိန်း – နမူနာကောက်ယူခြင်း

**မှတ်ချက်။** ။ ဤလုပ်ငန်းသည် ကျောင်းသားများကို သုတေသန စီမံကိန်းတစ်ခုအား အစမှအဆုံးထိ ပြင်ဆင် ဖန်တီးပြီး လက်တွေ့လုပ်ဆောင်စေရန် ဒီဇိုင်းရေးဆွဲထားသည့် 'သင်တို့၏ သုတေသန စီမံကိန်း' လုပ်ငန်း ၁၆ ခုထဲမှ ရှစ်ခုမြောက်ဖြစ်သည်။

၎င်းသည် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်းများ အားလုံးအတွက် ခေါင်းစဉ်တစ်ခုတည်းကိုသာ တောက်လျှောက် အသုံးပြုသွားမည် ဆိုပါက ထိရောက်မှုရှိနိုင်ပါသည်။ သို့သော် ကျောင်းသားများက ၎င်းလုပ်ငန်းများကို လုပ်ဆောင်နေချိန်တွင် ၎င်းတို့ရွေးချယ်ထားသော ယခင်သုတေသန ခေါင်းစဉ်များ သို့မဟုတ် မေးခွန်းများသည် လက်တွေ့ကျမှုမရှိတော့ခြင်း၊ စိတ်ဝင်စားမှုမရှိခြင်း သို့မဟုတ် အသုံးဝင်မှုမရှိခြင်းတို့ကို တွေ့မြင်လာနိုင်သည် သို့မဟုတ် အခြားခေါင်းစဉ် သို့မဟုတ် မေးခွန်းကို ပိုမိုစိတ်ဝင်စားလာနိုင်ပါသည်။

**မှတ်ချက်။** ။ ကျောင်းသားများက နမူနာကောက်ယူခြင်း နည်းလမ်းများကို မဆုံးဖြတ်မီ ၎င်းတို့၏ သုတေသနတွင် မည်သူများ/မည်သည့် လူဦးရေများ ပါဝင်မည်ဖြစ်ကြောင်း ပထမဦးစွာ ဂရုတစိုက် စဉ်းစားကြရန် သတိပေးပါ။

၁။ ကျောင်းသားများက ၎င်းတို့၏ သုတေသန စီမံကိန်းအတွက် မည်သည့် နမူနာကောက်ယူနည်းသည် အသင့်လျော်ဆုံး ဖြစ်ကြောင်းနှင့် ၎င်းနမူနာပုံစံကို မည်သို့ ကောက်ယူသွားမည် ဖြစ်ကြောင်း ဆုံးဖြတ်ရမည်။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက ၎င်းတို့၏ သုတေသန စီမံကိန်းတွင် နမူနာကောက်ယူနည်းများကို မည်သို့ အသုံးပြုသွားမည်ဖြစ်ကြောင်း ဆွေးနွေးရမည်။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေ**

နမူနာကောက်ယူနည်းလမ်းများအတွက် နမူနာကောက်ယူရန် လုပ်ဆောင်စရာများစွာရှိပါသည်။ ထိရောက်မှုရှိပြီး တိကျသော နမူနာကောက်ယူခြင်းသည် အလွန်ခက်ခဲပြီး မြန်မာနိုင်ငံရှိ သုတေသန အတော်များများအတွက် ဖြစ်နိုင်ခြေမရှိပေ။ နမူနာ ကောက်ယူရန်အတွက် အသုံးပြုနိုင်သည့် လူများ၊ အိမ်ထောင်စု များ၊ အဖွဲ့အစည်းများ အစရှိသဖြင့် တိကျသော နမူနာလူဦးရေ စာရင်း လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် တိကျသည့် စာရင်း များစွာ မရှိနိုင်သကဲ့သို့ စာရင်းများကို ရရှိရန်လည်း အလွန် ခက်ခဲနိုင်ပါသည်။ အချို့ဒေသများတွင် ထိရောက်မှုရှိစွာ နမူနာ ကောက်ယူခြင်း ဆောင်ရွက်ရန် ကန့်သတ်ချက်များ သို့မဟုတ် ပဋိပက္ခများကြောင့် ခက်ခဲနိုင်ပါသည်။

# ၄.၄ သင်၏စစ်တမ်း မေးခွန်းလွှာအား ရေးသားခြင်းနှင့် စီမံခန့်ခွဲခြင်း

## အကြိုလေ့လာချက်

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ – သင်တို့၏ စစ်တမ်းမေးခွန်းများနှင့် မေးခွန်းလွှာများကို ဒီဇိုင်းရေးဆွဲပြီး ရေးသားပါ။

– သင်တို့၏ ဒေတာများကို မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်သူ့ထံမှ ကောက်ယူစုဆောင်းသွားမည်ဖြစ်ကြောင်း ဖွဲ့စည်းစီစဉ်ပါ။

– ဒေတာများကို လာရောက်ကောက်ယူမည်ဖြစ်ကြောင်း ဒေသခံများကို အသိပေးပါ။

၂။ – ဒေတာများ ပျောက်ဆုံးခြင်း။

– ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များ။

– ရိုင်းစိုင်းသည့်လူများ။

– သုတေသနတွင် ပါဝင်ဖြေကြားမည့်သူများကို ရှာဖွေရန် ခက်ခဲခြင်း။

– စစ်တမ်းအတွက် လူဦးရေနှင့် နမူနာကောက်ယူခြင်း စံနှုန်းတို့ဖြင့် ကိုက်ညီသည့် လူများကို ရှာဖွေရန် ခက်ခဲခြင်း။

## လေ့ကျင့်ခန်း

- ကျောင်းသားများက စာပိုဒ်ထဲရှိ ညွှန်ကြားချက်များ (၁–၅) ကို အခြေအနေများ (က–င) တို့ဖြင့် တွဲစပ်ရမည်။

**အဖြေများ**

(က) ၅

(ခ) ၃

(ဂ) ၄

(ဃ) ၁

(င) ၂

## လုပ်ငန်းစဉ် – စီမံခန့်ခွဲခြင်း မပြုလုပ်မီ

၁။ တစ်ဦးချင်းစီအလိုက် ကျောင်းသားများက စစ်တမ်းမေးခွန်း တစ်ခုချင်းစီ၏ ပြဿနာများကို ခွဲခြားဖော်ထုတ်ရမည်။

**အဖြေများ**

(က)အမှားများ – သဒ္ဒါနှင့် စာလုံးပေါင်းသတ်ပုံ
(ခ) တစ်ချိန်တည်းတွင် မေးခွန်းနှစ်ခု မေးမြန်းခြင်း
(ဂ) တစ်သမတ်တည်းမဖြစ်ခြင်း (ရှေ့မေးခွန်းများတွင် မတူခြားသော စကားလုံး သုံးနှုန်းမှုများရှိခြင်း)
(ဃ)ဦးဆောင်လမ်းကြောင်းပေးသည့် မေးခွန်းဖြစ်သည်။
(င) ရှင်းလင်းမှုမရှိပါ (မလိုအပ်ဘဲနှင့် စကားလုံးများကို ခက်ခဲအောင် ရေးသားထားသည်)။

၂။ ကျောင်းသားများက မေးခွန်းကို ပြန်လည်ရေးသားရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

(က)လွန်ခဲ့သောတစ်ပတ်က တီဗွီမှတစ်ဆင့် သတင်းများ ရရှိခဲ့ပါသလား။
(ခ) လွန်ခဲ့သောတစ်ပတ်က ဖေ့စ်ဘွတ်မှတစ်ဆင့် သတင်းများ ရရှိခဲ့ပါသလား။ လွန်ခဲ့သောတစ်ပတ်က သတင်းစာမှ တစ်ဆင့် သတင်းများ ရရှိခဲ့ပါသလား။
(ဂ) လွန်ခဲ့သောတစ်ပတ်က ရေဒီယိုမှတစ်ဆင့် သတင်းများ ရရှိခဲ့ပါသလား။
(ဃ)သတင်းစာများကို ယုံကြည်ပါသလား။ အဘယ်ကြောင့်နည်း သို့မဟုတ် အဘယ်ကြောင့် မယုံကြည်ရသနည်း။
(င) အခြား မည်သည့် သတင်းရင်းမြစ်များကို သိရှိပါသနည်း။

၃။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက ၎င်းတို့၏ မေးခွန်းများကို မိမိ၏တွဲဖက်အတွက် ဖတ်ပြခြင်းနှင့် တွဲဖက်၏ မေးခွန်းများကို ဖြေဆိုခြင်းဖြင့် ၎င်းတို့၏ စစ်တမ်းလွှာများကို စမ်းသပ်ရမည်။ အဆင်မပြေသည့် မေးခွန်းများ သို့မဟုတ် စစ်တမ်းကိုပြောင်းလဲမည့် မည်သည့်နည်းလမ်းများကိုမဆို မှတ်စု ရေးသားရမည်။

၄။ ၎င်းအတွဲများက အခြားအတွဲတစ်တွဲဖြင့် ပေါင်းစည်းပြီး အဆင်ပြေသည့် မေးခွန်းများ (သို့) အဆင်မပြေသည့် မေးခွန်းများ နှင့် စစ်တမ်းလွှာကို ပြောင်းလဲမည့်ပုံစံများကို နှိုင်းယှဉ်ကြရမည်။

- ဆန္ဒရှိပါက တစ်တန်းလုံးအနေဖြင့် မေးခွန်းများအတွက် အကောင်းဆုံး စကားလုံးသုံးနှုန်းပုံကို ဆွေးနွေးပြီးဆုံးဖြတ်ပါ။

## သင်တို့၏ သုတေသနစီမံကိန်း – စီမံခန့်ခွဲခြင်း

**မှတ်ချက်။** ။ ဤလုပ်ငန်းသည် ကျောင်းသားများကို သုတေသန စီမံကိန်းတစ်ခုအား အစမှအဆုံးထိ ပြင်ဆင် ဖန်တီးပြီး လက်တွေ့လုပ်ဆောင်စေရန် ဒီဇိုင်းရေးဆွဲထားသည့် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်း ၁၆ ခုထဲမှ ကိုးခုမြောက်ဖြစ်သည်။
၎င်းသည် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်းများ အားလုံးအတွက် ခေါင်းစဉ်တစ်ခုတည်းကိုသာ တောက်လျှောက် အသုံးပြုသွားမည် ဆိုပါက ထိရောက်မှု ရှိနိုင်ပါသည်။ သို့သော် ကျောင်းသားများက ၎င်းလုပ်ငန်းများကို လုပ်ဆောင်နေချိန်တွင် ၎င်းတို့ရွေးချယ်ထားသော ယခင်သုတေသန ခေါင်းစဉ်များ သို့မဟုတ် မေးခွန်းများသည် လက်တွေ့ကျမှုမရှိတော့ခြင်း၊ စိတ်ဝင်စားမှုမရှိခြင်း သို့မဟုတ် အသုံးဝင်မှုမရှိခြင်းတို့ကို တွေ့မြင်လာနိုင်သည် သို့မဟုတ် အခြားခေါင်းစဉ် သို့မဟုတ် မေးခွန်းကို ပိုမိုစိတ်ဝင်စားလာနိုင်ပါသည်။

၁။ ကျောင်းသားများက ၎င်းတို့၏ သုတေသန စီမံကိန်းအတွက် စစ်တမ်းတစ်ခုကို အသုံးပြုမည်ဆိုပါက ၎င်းစစ်တမ်းကို မည်သို့ စီမံခန့်ခွဲသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ရမည်။ (ဥပမာ – ပါဝင် ဖြေကြားမည့်သူများကို မည်သို့ ဆက်သွယ်မည်နည်း၊ သို့မဟုတ် စစ်တမ်းကောက်ယူရန် အချိန်နှင့် နေရာကို မည်သို့ စီစဉ်သွား မည်နည်း၊ စစ်တမ်းကောက်ယူခြင်းကို မျက်နှာချင်းဆိုင်၊ စာတိုက်မှတစ်ဆင့်၊ အွန်လိုင်း သို့မဟုတ် လက်ကိုင်ဖုန်းဖြင့် လုပ်ဆောင်သွားမည်နည်း အစရှိသဖြင့်)။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက ၎င်းတို့၏ စစ်တမ်း ကောက်ယူမှုများကို မည်သို့ စီမံခန့်ခွဲသွားမည်ဖြစ်ကြောင်း ဆွေးနွေးရမည်။

**အပိုဆောင်းလုပ်ငန်း – သင်တို့၏ စစ်တမ်း မေးခွန်းလွှာများကို လေ့ကျင့်ပါ**

၁။ ကျောင်းသားများက ၎င်းတို့၏ သုတေသနစီမံကိန်းပေါ် အခြေခံ၍ စစ်တမ်းမေးခွန်းလွှာတစ်ခုကို ဒီဇိုင်းရေးဆွဲရမည်။
၂။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက ၎င်းတို့၏ စစ်တမ်း မေးခွန်းလွှာများကို စမ်းသပ်မေးမြန်းကြည့်ပြီး မှတ်စုရေးသားရမည်။
၃။ ၎င်းတို့က မှတ်စုများကို ပြန်လည်ဖတ်ရှုပြီး အဆိုပါ စစ်တမ်းမေးခွန်းလွှာများကို ပိုမိုတိုးတက်လာစေမည့် နည်းလမ်းများကို စဉ်းစားရမည်။

## ဆွေးနွေးချက်

- တစ်တန်းလုံးအနေဖြင့် သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

**မျက်နှာချင်းဆိုင်**

**အားသာချက်** – မရှင်းသည့်အချက်များကို ရှင်းလင်းအောင် မေးမြန်းနိုင်သည်။
**အားနည်းချက်** – ငွေကုန်ကြေးကျများသည်။

**အွန်လိုင်း**

**အားသာချက်** – ငွေကုန်ကြေးကျ မများချေ။
**အားနည်းချက်** – လူတိုင်း စာမဖတ်နိုင်ပါ သို့မဟုတ် လူတိုင်း ကွန်ပျူတာ အသုံးမပြုနိုင်ပါ။

**စာတိုက်မှတစ်ဆင့်**

**အားသာချက်** – ငွေကုန်ကြေးကျမများချေ။
**အားနည်းချက်** – စာတိုက်မှ ပေးပို့ခြင်းစနစ်သည် တစ်ခါတစ်ရံတွင် ယုံကြည်အားကိုး၍ မရချေ။

**ဖုန်းမှတစ်ဆင့်**

**အားသာချက်** – လူများနှင့် စကားပြောရန်အတွက် ခရီးသွားရန် မလိုအပ်ပေ။
**အားနည်းချက်** – တစ်စုံတစ်ရာကို ရှင်းလင်းအောင် သိရှိရန်။ မေးမြန်းရန် ခက်ခဲနိုင်ပါသည်။ တစ်ခါတစ်ရံတွင် ဖုန်းဆက်သွယ်ရေးလိုင်း မကောင်းပါ။

# အခန်း ၅ –
# လူတွေ့မေးမြန်းခြင်းများ

# ၅.၁ လူတွေ့မေးမြန်းခြင်းတစ်ခု ဆိုသည်မှာ အဘယ်နည်း

## အကြိုလေ့လာချက်

၁။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက 'သင်နှင့် သင်၏ ယဉ်ကျေးမှု' လေးထောင့်ကွက်ထဲရှိ မေးခွန်းများကို အသုံးပြု၍ ယဉ်ကျေးမှုအကြောင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လူတွေ့မေးမြန်းရမည်။

၂။ ထို့နောက် မေးခွန်းများ (က–ဂ) ကို ဆွေးနွေးရမည်။

> **မှတ်ချက်။** ။ ဆွေးနွေးရမည့် မေးခွန်းများကို မစတင်မီ 'သင်နှင့် သင်၏ယဉ်ကျေးမှု' မေးခွန်းများကို အပြန်အလှန် မေးမြန်းနိုင်ရန် ကျောင်းသားများကို အချိန် ၂၀–၃၀ မိနစ်ခန့် ခွင့်ပြုပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

(က) ၎င်းတို့သည် အဖွင့်မေးခွန်းများဖြစ်သည်။

– ၎င်းမေးခွန်းများကို ဖြေဆိုရာတွင် မေးခွန်းလွှာထဲရှိ အပိတ်မေးခွန်းများကို ဖြေဆိုခြင်းထက် အချိန်ပို ကြာမြင့်ပါသည်။

## လုပ်ငန်းစဉ် – လူတွေ့မေးမြန်းခြင်းများ၏ အားသာချက်နှင့် အားနည်းချက်များ

၁။ တစ်ဦးချင်းစီ သို့မဟုတ် နှစ်ယောက်တစ်တွဲစီဖြင့် ထုတ်ပြန်ချက် တစ်ချက်ချင်းစီသည် လူတွေ့မေးမြန်းခြင်း၏ အားသာချက် သို့မဟုတ် အားနည်းချက်ဖြစ်ကြောင်း သို့မဟုတ် နှစ်မျိုးစလုံးဖြစ်ကြောင်း ကျောင်းသားများက ဆုံးဖြတ်ရမည်။

**အဖြေများ**

(က) အားသာချက်

(ခ) အားနည်းချက်

(ဂ) အားသာချက်

(ဃ) နှစ်ခုစလုံး

(င) အားသာချက်

(စ) အားသာချက်

(ဆ) အားနည်းချက်

(ဇ) နှစ်ခုစလုံး

၂။ နှစ်ယောက်တစ်တွဲစီ သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက လူတွေ့မေးမြန်းခြင်း၏ အခြားသော အားသာချက်နှင့် အားနည်းချက်များကို စာရင်းပြုစုရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

– လူတွေ့မေးမြန်းစဉ်အတွင်း ဖြေကြားချက်များကို ရှင်းလင်းအောင် ထပ်မံမေးမြန်းနိုင်သည် (အားသာချက်)။

– အချို့လူများအနေဖြင့် ထိရှလွယ်အကြောင်းအရာများကို လူစိမ်းတစ်ဦးနှင့်အတူ ဆွေးနွေးရန်အတွက် စိတ်သက်တောင့်သက်သာ ရှိမည်မဟုတ်ပေ (အားနည်းချက်)။

– လူတွေ့မေးမြန်းခြင်းများကို မျက်နှာချင်းဆိုင် (သို့) ဖုန်းမှတစ်ဆင့် ဆောင်ရွက်နိုင်သည် (နှစ်ခုစလုံး)။

## ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများက ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုရမည်။
- ထို့နောက် မေးခွန်းများကို ဖြေဆိုရမည်။

**အဖြေ**

၁။ စစ်တမ်းသည် ပါဝင်ဖြေကြားသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ (ဥပမာ – အသက်၊ ကျား/မ၊ ဝင်ငွေနှင့် ဆေးရွက်ကြီး အသုံးပြုခြင်း) နှင့် ဆေးရွက်ကြီးသုံးစွဲခြင်း၏ သက်ရောက်မှုများနှင့် ပတ်သက်ပြီး သိရှိထားသည့် အချက်များကို မေးမြန်းသည်။ လူတွေ့မေးမြန်းခြင်းသည် ဆေးရွက်ကြီး သုံးစွဲခြင်းနှင့် သုံးစွဲခြင်း၏ သက်ရောက်မှု တို့နှင့် ပတ်သက်ပြီး ပါဝင်ဖြေကြားသူများ၏ အသိအမြင်များ (၎င်းတို့၏ အတွေးအမြင်၊ စိတ်ကူးနှင့် အမြင်များ) ကို မေးမြန်းပါသည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၂။ လူတွေ့မေးမြန်းခြင်းဖြင့် လူများ ဆေးလိပ်သောက်သုံးခြင်းနှင့် ဆေးလိပ်သောက်သုံးခြင်း၏ သက်ရောက်မှုတို့နှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို မေးမြန်းရရှိနိုင်ပါသည်။

၃။ ပါဝင်ဖြေကြားသူများအနေဖြင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ၎င်းတို့မိသားစုအပေါ် အပျက်သဘောဆောင်သည့် သက်ရောက်မှုများအကြောင်း ပြောဆိုရာတွင် စိတ်လက်ပေါ့ပါးမှုမရှိဘဲ ဖြစ်နိုင်သည်။

၄။ – သင်ဆေးရွက်ကြီးသုံးစွဲနေခြင်းနှင့် ပတ်သက်၍ မိသားစုက မည်သို့ ထင်မြင်ယူဆထားသနည်း။
- – ဆေးရွက်ကြီးအတွက် ငွေကြေးမသုံးစွဲဖြစ်လျှင် အခြား မည်သည့်အရာများအတွက် အသုံးပြုဖြစ်မည်နည်း။
- – သင် ဆေးလိပ်သောက်ခြင်းကြောင့် သင်၏မိသားစု အပေါ်တွင် မည်သို့ သက်ရောက်မှုရှိသည်ဟု ယုံကြည် လက်ခံထားပါသနည်း။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ – ပုဂ္ဂိုလ်ရေးဆိုင်ရာ သို့မဟုတ် ထိရှလွယ်ခေါင်းစဉ်များ ဆိုင်ရာ အသေးစိတ်အချက်အလက်များ လိုအပ်သည့်အခါ။
- – လူအများ တစ်စုံတစ်ရာကို အဘယ်ကြောင့် (သို့) မည်သို့ လုပ်ဆောင်ကြကြောင်း (သို့) စဉ်းစားကြကြောင်း ပိုမို သိရှိလိုသည့်အခါ
- – လူအများ၏ အတွေးအမြင်များ၊ အသိအမြင်များ သို့မဟုတ် ယုံကြည်ချက်များအကြောင်း ပိုမို သိရှိလိုသည့်အခါ

၂။ ၎င်းအခြေအနေအားလုံးတွင် စစ်တမ်းကောက်ယူခြင်းကို အသုံးမပြုနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် လူအများနှင့် အချိန်အတော်ကြာ စကားပြောဆိုရန် အသေးစိတ် အချက်အလက်များရယူရန် လိုအပ်သည့်အတွက်ကြောင့် ဖြစ်သည်။ မတူညီသည့် အဖြေများစွာ ရှိနိုင်သည့်အတွက် စစ်တမ်းမေးခွန်းလွှာဖြင့် မေးမြန်းလျှင် မေးခွန်းများ အလွန်များပြား ရှည်လျားနိုင်ပါသည်။

၃။ – အချိန်တိုအတွင်း လူများစွာထံမှ အချက်အလက်များ လိုအပ်သည့်အခါ။
- – လူတွေ့မေးမြန်းခံရမည့်သူ (များ) ၏ နေရာဒေသသို့ သွားလာရန် အခက်အခဲရှိသည့်အခါ။

# ၅.၂ လူတွေ့မေးမြန်းခြင်း ဖွဲ့စည်းပုံ

## အကြိုလေ့လာချက်

- ကျောင်းသားများက ဓာတ်ပုံများကို ကြည့်ရှုပြီး မေးခွန်းများကို ဆွေးနွေးရမည်။
- ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- နေရာသွင်ပြင် – လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင်၊ ရုံးခန်းတစ်ခန်းတွင် ကြမ်းပြင်ပေါ်တွင် ထိုင်ခြင်း။
- လူဦးရေ အရေအတွက်။
- ဓာတ်ပုံတစ်ခုတွင် တစ်စုံတစ်ယောက်က လူတွေ့မေးမြန်းနေစဉ်တွင် ပြောသည့်အကြောင်းအရာများကို ရေးချနေပါသည်။ အခြားဓာတ်ပုံများတွင် လူများက နားထောင်နေသည်။
- ဓာတ်ပုံတစ်ပုံတွင် တစ်စုံတစ်ယောက်က ကွန်ပျူတာတွင် တစ်စုံတစ်ရာကို လူများအား ပြသနေသည်။ အခြားဓာတ်ပုံများတွင် လူများက ကွန်ပျူတာကိုကြည့်၍ တစ်စုံတစ်ရာကို ဖတ်ရှုနေကြသည်။

## လုပ်ငန်းစဉ် – သုတေသန စီမံကိန်းများတွင် ဆောင်ရွက်သော လူတွေ့မေးမြန်းခြင်းများ

- ကျောင်းသားများက သုတေသန စီမံကိန်းများတွင် အသုံးပြုသော လူတွေ့မေးမြန်းခြင်း ဥပမာများကို ဖတ်ရှုရမည်။

၁။ လူတွေ့မေးမြန်းခြင်းတစ်ခုစီသည် ပြင်ဆင်ဖွဲ့စည်းထားသော၊ ပြင်ဆင်ဖွဲ့စည်းထားမှု မရှိသော သို့မဟုတ် တစ်ဝက်သာလျှင် ပြင်ဆင်ဖွဲ့စည်းထားသော မေးမြန်းမှုများ ဟုတ်/မဟုတ် ဆုံးဖြတ်ရမည်။

**အဖြေများ**

(က) ပြင်ဆင်ဖွဲ့စည်းထားသော လူတွေ့မေးမြန်းခြင်း

(ခ) တစ်ဝက်သာလျှင် ပြင်ဆင်ဖွဲ့စည်းထားသော လူတွေ့မေးမြန်းခြင်း

(ဂ) ပြင်ဆင်ဖွဲ့စည်းထားခြင်းမရှိသော လူတွေ့မေးမြန်းခြင်း

၂။ ဥပမာတစ်ခုချင်းစီသည် ပေးထားသော အခြေအနေအတွက် မှန်ကန်သော နည်းလမ်းများကို အသုံးပြုမှု ရှိ/မရှိ ကျောင်းသားများက ဆုံးဖြတ်ရမည်။

- ဆက်စပ်မှုရှိပါက ပိုမိုတိုးတက်လာမည့် နည်းလမ်းများကို အကြံပေးနိုင်ပါသည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

(က) မှန်ကန်သော နည်းလမ်းမဟုတ်နိုင်ပါ။ ပြင်ဆင်ဖွဲ့စည်းထားသော လူတွေ့မေးမြန်းခြင်းတစ်ခုသည် အထူးသဖြင့် ပါဝင်ဖြေကြားသူများစွာ ရှိသည့်အခါတွင် မေးခွန်းများ မေးမြန်းရန်နှင့် ဒေတာများကို သိမ်းဆည်းရန် လွယ်ကူနိုင်ပါသည်။ သို့သော် ပြင်ဆင်ဖွဲ့စည်းမှုနည်းသော လူတွေ့မေးမြန်းခြင်းသည် ကလေးလုပ်သားများ အတွေ့အကြုံများနှင့် နောက်ခံအကြောင်းရင်းများနှင့် ပတ်သက်ပြီး စိတ်ဝင်စားဖွယ် အဖြေများကို ရရှိနိုင်ပါသည်။ ထို့ကြောင့် လူတွေ့မေးမြန်းမှုသည် တစ်ဝက်သာလျှင် ပြင်ဆင်ဖွဲ့စည်းထားသော လူတွေ့မေးမြန်းမှုကို အသုံးပြုလျှင် ပိုကောင်းနိုင်ပါသည်။

(ခ) မှန်ကန်သော နည်းလမ်းဖြစ်ပါသည်။ တစ်ဝက်သာလျှင် ပြင်ဆင်ဖွဲ့စည်းထားသော လူတွေ့မေးမြန်းခြင်းများသည် အဓိကမေးခွန်းထဲက အချက်အလက်များကို ရရှိနေသည့် တစ်ပြိုင်နက်တည်းတွင် ဖြေကြားမည့်သူများက သေချာစွာ သိရှိထားသည့် အချက်အလက်များနှင့် နောက်ဆက်တွဲမေးခွန်းများကို မေးမြန်းခြင်းဖြင့် အချက်အလက်များ ပိုမိုရရှိစေပါသည်။

(ဂ) မှန်ကန်သောနည်းလမ်း ဖြစ်ပါသည်။ ပြင်ဆင်ဖွဲ့စည်းထားခြင်းမရှိသော လူတွေ့မေးမြန်းမှု အသုံးပြုခြင်း၏ အားသာချက်တစ်ချက်မှာ သုတေသနခေါင်းစဉ်နှင့် ပတ်သက်ပြီး သုတေသီက ဖြေကြားမည့်သူနှင့် အသေးစိတ် ဆွေးနွေး မေးမြန်းနိုင်ခြင်းဖြစ်သည် (ဤဥပမာထဲတွင် ဖေ့စ်ဘွတ်မှတစ်ဆင့် မေးမြန်းခဲ့သည်)။ ထို့အတူ ဖြေကြားမည့်သူက အရေးကြီးသည်ဟု ယူဆထားသည့် အကြောင်းအရာများကို အဓိကထား ဖြေကြားနိုင်ပြီး သုတေသီက ၎င်းအကြောင်းအရာများနှင့် ပတ်သက်၍ မေးခွန်းများ ထပ်မံမေးမြန်းနိုင်ပါသည်။

## လုပ်ငန်းစဉ် – လူတွေ့မေးမြန်းခြင်း သရုပ်ဖော်တင်ဆက်မှုများ

၁။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက ပြင်ဆင်ဖွဲ့စည်းထားသော လူတွေ့မေးမြန်းခြင်း လုပ်ထုံးလုပ်နည်းများကို အသုံးပြု၍ တစ်ယောက်တစ်လှည့်စီ အပြန်အလှန် လူတွေ့မေးမြန်းခြင်း ပြုလုပ်ရမည်။ လူတွေ့မေးမြန်းသူက မေးခွန်းများ မေးမြန်းပြီး မှတ်စုရေးသား၍ မေးမြန်းခံရသူက မေးခွန်းများကို ဖြေကြားရမည်။

- ဇာတ်ကောင်နေရာပြောင်း၍ ထပ်မံဆောင်ရွက်ရမည်။

၂။ အခြားတွဲဖက်အသစ်တစ်ဦးအား ရှာဖွေ၍ တစ်ဝက်သာလျှင် ပြင်ဆင်ဖွဲ့စည်းထားသော လူတွေ့မေးမြန်းခြင်း လုပ်ထုံးလုပ်နည်းများကို အသုံးပြု၍ အပြန်အလှန် မေးမြန်းရမည်။

- ဇာတ်ကောင်နေရာပြောင်း၍ ထပ်မံလုပ်ဆောင်ပါ။

၃။ အခြားတွဲဖက်အသစ်တစ်ဦးကို ထပ်မံရှာဖွေ၍ ပြင်ဆင်ဖွဲ့စည်းထားခြင်းမရှိသော လူတွေ့မေးမြန်းခြင်း လုပ်ထုံးလုပ်နည်းများကို အသုံးပြု၍ အပြန်အလှန်မေးမြန်းရမည်။

- ဇာတ်ကောင်နေရာပြောင်း၍ ထပ်မံဆောင်ရွက်ရမည်။

၄။ အဖွဲ့ငယ်များ သို့မဟုတ် တစ်တန်းလုံးအနေဖြင့် ကျောင်းသားများက ၎င်းတို့၏ မှတ်စုများကို ပြန်လည်ဖတ်ရှု၍ မေးခွန်းများ (က–ဃ) ကို ဆွေးနွေးရမည်။

## လုပ်ငန်းစဉ် – ပြင်ဆင်ဖွဲ့စည်းထားသော/ပြင်ဆင်ဖွဲ့စည်းမထားသော လူတွေ့မေးမြန်းခြင်း မေးခွန်းများ

- တစ်ဦးချင်းစီ သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက သုတေသန အခြေအနေပြဖြစ်ရပ်တစ်ခုချင်းစီအတွက် ပြင်ဆင်ဖွဲ့စည်းထားသော လူတွေ့မေးမြန်းခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းထားခြင်း မရှိသော လူတွေ့မေးမြန်းခြင်း မေးခွန်းများကို ရေးသားရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

**၁။ ပြင်ဆင်ဖွဲ့စည်းထားသော**

- အာလူးစိုက်ပျိုးပါသလား။
- မြေယာပိုင်ဆိုင်မှု အထောက်အထားလက်မှတ်ရှိပါသလား။
- သဘာဝမြေသြဇာ စိုက်ခင်းများအကြောင်း သိပါသလား။

**ပြင်ဆင်ဖွဲ့စည်းထားခြင်းမရှိသော**

- စိုက်ပျိုးရေးမှတစ်ဆင့် ငွေရှာရန် မည်သည့်နည်းလမ်းများသည် အကောင်းဆုံးဟု ထင်ပါသနည်း။
- အာလူးများကို အဘယ်ကြောင့် စိုက်ပျိုးရသနည်း။
- လယ်သမားများကို အစိုးရက မည်သို့ ပံ့ပိုးမှုပေးနိုင်ပါသနည်း။

**၂။ ပြင်ဆင်ဖွဲ့စည်းထားသော**

- ကျောင်းတွင် ကွန်ပျူတာ အသုံးပြုပါသလား။
- ၁ (အရေးပါမှုအနည်းဆုံး) မှ ၅ (အရေးပါမှုအများဆုံး) နှုန်းထားအရ ကွန်ပျူတာ ကျွမ်းကျင်မှုသည် မည်မျှအရေးကြီးပါသနည်း။
- အတန်းချိန်အတွင်း သင့်ဖုန်းကို အကြိမ်မည်မျှစစ်ဆေးကြည့်ပါသနည်း။
- နည်းပညာသည် သင်ယူလေ့လာရေးအတွက် ကောင်းပါသလား သို့မဟုတ် ဆိုးရွားမှုဖြစ်စေပါသလား။

**ပြင်ဆင်ဖွဲ့စည်းထားခြင်းမရှိသော**

- စာသင်ခန်းအတွင်း နည်းပညာ၏ သက်ရောက်မှုများမှာ အဘယ်နည်းဟု ထင်သနည်း။
- ကျောင်းတွင် နည်းပညာကို မည်သို့ အသုံးပြုပါသနည်း။
- လူမှုမီဒီယာနှင့် စာသင်ကျောင်းတို့အကြား ဆက်နွယ်မှုမှာ အဘယ်နည်း။

**၃။ ပြင်ဆင်ဖွဲ့စည်းထားသော**

- မြန်မာအလုပ်သမားဥပဒေဆိုင်ရာ အကြောင်းအရာများကို သိရှိပါသလား။
- မြန်မာနိုင်ငံတွင် သမဂ္ဂတစ်ခု တည်ထောင်ခွင့်ကို ဥပဒေဖြင့် ကာကွယ်ပေးထားပါသလား။

**ပြင်ဆင်ဖွဲ့စည်းထားခြင်းမရှိသော**

- မြန်မာနိုင်ငံတွင် အလုပ်သမားများအတွက် မည်သည့်ဥပဒေများ ရှိသင့်သည်ဟု ထင်ပါသနည်း။
- မြန်မာနိုင်ငံမှ အလုပ်သမားများကို မည်သည့်ဥပဒေများက ကာကွယ်ပေးပါသနည်း။

**အပိုဆောင်းလုပ်ငန်း – အတန်းလိုက်မေးခွန်းစာရင်းများ**

၁။ ကျောင်းသားများကို အခြေအနေပြဖြစ်ရပ်တစ်ခုချင်းစီအတွက် အဖွဲ့သုံးဖွဲ့ခွဲဖွဲ့ပါ။ အဖွဲ့တစ်ဖွဲ့စီက ၎င်းတို့၏ အခြေအနေပြဖြစ်ရပ်အတွက် ပြင်ဆင်ဖွဲ့စည်းထားသော မေးခွန်းများနှင့် ပြင်ဆင်ဖွဲ့စည်းထားခြင်းမရှိသော မေးခွန်းများကို စာရွက်ချပ်ကြီးပေါ်တွင် စာရင်းပြုစုရမည်။

၂။ အဖွဲ့များက ၎င်းတို့၏ စာရွက်များကို အခြားအဖွဲ့ထံသို့ လွှဲပေးရမည်။ အဖွဲ့များက အဆိုပါ အခြေအနေပြဖြစ်ရပ်အတွက် ပြင်ဆင်ဖွဲ့ထားသော မေးခွန်းများနှင့် ပြင်ဆင်ဖွဲ့စည်းထားခြင်းမရှိသော မေးခွန်းများကို ထပ်မံရေးသားစာရင်းပြုစုရမည်။

၃။ အဖွဲ့များက ၎င်းတို့၏ စာရွက်ချပ်ကြီးများကို နောက်ဆုံးတစ်ကြိမ် လက်ဆင့်ကမ်းပေးပြီး မေးခွန်းစာရင်းထဲတွင် ထပ်မံရေးထည့်ရမည်။

၄။ အခြေအနေပြဖြစ်ရပ်တစ်ခုချင်းစီအတွက် အတန်းလိုက်စုပေါင်းရေးသားထားသော မေးခွန်းများ စာရင်းစာရွက်ကို နံရံပေါ်တွင်ကပ်ပါ။

၅။ ၎င်းမေးခွန်းများကို ဆွေးနွေးပြီး မှားနေသည့် မေးခွန်းများကို မှန်ကန်အောင် ပြင်ဆင်ဖြည့်စွက်ပါ။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

# ၅.၃ လူတွေ့မေးမြန်းခြင်း လုပ်ထုံးလုပ်နည်း

## အကြိုလေ့လာချက်

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ – ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပါ။
- သုတေသနအကြောင်းကို မိတ်ဆက်ပြောကြားပေးပါ။
- ဖြည်းညင်းစွာနှင့် ရှင်းလင်းစွာပြောဆိုပါ။ ယဉ်ကျေးစွာ ပြောဆိုဆက်ဆံပါ။
- လူတွေ့မေးမြန်းစဉ်အတွင်း ဖြစ်ပေါ်လာနိုင်သည့် စိုးရိမ်မှုများ သို့မဟုတ် ရှုပ်ထွေးမှုများကို ကြိုတင်ခန့်မှန်းနိုင်ရန် ကြိုးစားပါ။
- အချိန်ယူပါ။
- မှတ်စုရေးသားပါ။

၂။ – မေးခွန်းများကို မှားယွင်းစွာ မေးမြန်းမိနိုင်ပါသည်။
- မှတ်စုရေးသားရန် မေ့လျော့နိုင်ပါသည်။
- လူတွေ့မေးမြန်းရန် သွားလာရာတွင် လမ်းပျောက်နိုင်ပါသည်။
- ဒေတာကောက်ယူရန်အတွက် မဖြစ်လာနိုင်တော့သည့် တစ်စုံတစ်ရာကို ပြုလုပ်မိနိုင်ပါသည် (ဥပမာ – နောက်ကျမှရောက်ခြင်း သို့မဟုတ် ရိုင်းစိုင်းသည့် အပြုအမူတစ်စုံတစ်ရာကို လုပ်မိခြင်း)

## လေ့ကျင့်ခန်း

၁။ ကျောင်းသားများက မေးခွန်းများ (i-x) ကို လူတွေ့မေးမြန်းခြင်း အစိတ်အပိုင်းများ (က–ဂ) တို့ဖြင့် တွဲစပ်ရမည်။

**အဖြေများ**

i. (ခ)

ii. (က)

iii. (ဂ)

iv. (က)

v. (ခ)

vi. (ခ)

vii. (ဂ)

viii. (ခ)

ix. (ခ)

x. (က)

၂။ ကျောင်းသားများက မေးခွန်းများကို မှန်ကန်သော အစဉ်များအလိုက် ရွေးချယ်စီရမည်။

**မှတ်ချက်။** ။ အချို့မေးခွန်းများအတွက် တိကျသော အစဉ်လိုက်စီ၍ မရနိုင်ပါ။ သို့သော် ကျောင်းသားများက လူတွေ့မေးမြန်းခြင်း၏ မည်သည့်အစိတ်အပိုင်းများကို ယုတ္တိကျသည့်အစဉ်များအလိုက် စီထားခြင်း ရှိ/မရှိ စစ်ဆေးပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေ**

ii, x, iv, v, ix, vi, i, viii, iii, vii

## ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများက ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုရမည်။
- ထို့နောက် မေးခွန်းများကို ဖြေဆိုရမည်။

**အဖြေများ**

၁။ လင်ယောက်ျားနှင့် အခြားအမျိုးသားများ၏ အကြမ်းဖက်မှုနှင့် နှိပ်စက်မှုများကို ခံစားရသည့် အမျိုးသမီးများ၏ အတွေ့အကြုံများ ဖြစ်ပါသည်။

၂။ – လူတွေ့မေးမြန်းခြင်းများကို တစ်ဝက်သာလျှင် ပြင်ဆင်ဖွဲ့စည်းထားပါသည်။
– သုတေသီတို့က ထိရှလွယ်မှုအနည်းဆုံး မေးခွန်းများဖြင့် စတင်ပြီး ထိရှလွယ်အဖြစ်ဆုံး မေးခွန်းများကို နောက်ဆုံးမှ မေးမြန်းသင့်ပါသည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၃။ ထိုသို့ သင်ကြားပေးသည့်အခါတွင် သုတေသီများက ထိရှလွယ်ကို ရှောင်ရှားပြီး လေးစားမှုရှိသော နည်းလမ်းဖြင့် မေးခွန်းများကို မေးမြန်းနိုင်ပါလိမ့်မည်။

၄။ ၎င်းတို့အနေဖြင့် သုတေသနအကြောင်းကို ဂရုတစိုက်နှင့် ယဉ်ကျေးစွာ ရှင်းပြနိုင်သည် ပါဝင်ဖြေကြားမည့်လူများက လျှို့ဝှက်ထားခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို သိရှိစေရန် မေးခွန်းများအားလုံးကို ဖြေကြားစရာ မလိုအပ်ကြောင်းနှင့် လူတွေ့မေးမြန်းခြင်းကို အချိန်မရွေး ရပ်တန့်နိုင်ကြောင်း သိရှိအောင် ဆောင်ရွက်နိုင်ပါသည်။

၅။ ၎င်းတို့အနေဖြင့် ဖြေကြားပေးသူများကို ကျေးဇူးတင်ကြောင်း နှင့် ဖြေကြားသူများက ၎င်းတို့ပြောသည့်အချက်များကို သုတေသနတွင် မပါဝင်စေလိုပါက သုတေသီထံသို့ ဆက်သွယ်နိုင်ကြောင်း ပြောပြနိုင်ပါသည်။ လျှို့ဝှက်ထားခြင်း နှင့် ပတ်သက်သည့် အကြောင်းအရာများကို ပြန်လည် သတိပေးနိုင်သည်။ ထို့အပြင် အကြမ်းဖက်မှုခံရသူများ အတွက် ကူညီပံ့ပိုးမှုပေးသည့် အဖွဲ့အစည်းများ၏ ဆက်သွယ်ရန် လိပ်စာများကို အမျိုးသမီးများအား ပြောပြပေးနိုင်ပါသည်။

၆။ လင်ယောက်ျားနှင့် အခြားအမျိုးသားများ၏ အကြမ်းဖက်မှုကို တွေ့ကြုံခံစားရသော ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့မှ အမျိုးသမီးများအတွက် ပံ့ပိုးကူညီပေးရန် စီမံကိန်း တစ်ခု စတင်တည်ထောင်ခြင်း။ ကျား/မ အခြေပြု အကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး နောက်ထပ်ဆောင်ရွက် သွားမည့် သုတေသနများအတွက် လမ်းကြောင်းပေးခြင်း။ ဤပြဿနာကို အသားပေးဖော်ပြရန်အတွက် စည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်ခြင်း။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ – ၎င်းမေးခွန်းများသည် ဖြေကြားသူများအပေါ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများများ ဖြစ်ပွားစေနိုင်ပါသည်။

– သုတေသနသည် တိကျမှုမရှိသော သတင်းအချက်အလက်များ ရရှိလာပါက အပျက်သဘောဆောင်သော သက်ရောက်မှုများ ဖြစ်စေနိုင်သည့် စီမံကိန်းများ သို့မဟုတ် မူဝါဒများအပေါ် လွှမ်းမိုးမှုရှိနိုင်ပါသည်။

၂။ – စတင်တွေ့ဆုံသည့်အချိန်တွင် ထိရှလွယ်ခေါင်းစဉ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် ၎င်းတို့အနေဖြင့် မေးခွန်းအားလုံးကို ဖြေကြားရန် မလိုအပ်ကြောင်း ပါဝင်ဖြေကြားသူများကို အသိပေးနိုင်ပါသည်။

– လူတွေ့မေးမြန်းခြင်း ပြီးဆုံးခါနီးအချိန်တွင် ပါဝင်ဖြေကြားသူများက ဆိုးရွားသည့်အခြေအနေတွင် ရှိနေပါက ၎င်းတို့ကို ပံ့ပိုးကူညီပေးနိုင်သည့် အချက်အလက်များကို ပြောပြပေးနိုင်ပါသည်။

## လုပ်ငန်းစဉ် – လူတွေ့မေးမြန်းခြင်းတစ်ခုအား သရုပ်ဖော်တင်ဆက်ပါ

၁။ နှစ်ယောက်တစ်တွဲစီဖြင့် လူတွေ့မေးမြန်းခြင်း လုပ်ထုံးလုပ်နည်းများကို အသုံးပြု၍ တစ်ဦးက အခြားတွဲဖက်ကို လူတွေ့မေးမြန်းရမည်။

- ကျောင်းသားများက ကျန်ရှိသည့် လူတွေ့မေးမြန်းခြင်း လုပ်ထုံးလုပ်နည်းများကို ဖတ်ရှုခြင်းဖြင့် 'သုတေသန၏ ရည်ရွယ်ချက်' ကို ကောက်ချက်ချနိုင်သင့်ပါသည်။ ဥပမာ – အစားအစာ ဘေးကင်းလုံခြုံရေးနှင့် အစားအစာမှတစ်ဆင့် ဖျားနာမှုဆိုင်ရာ ကျောင်းသားများ၏ အသိအမြင်များ။
- ကျောင်းသားများက ခေတ္တရပ်တန့်ခြင်း၊ စိတ်ဝင်စားမှုပြခြင်း သို့မဟုတ် အခြားလူက ပထမအကြိမ်တွင် နားမလည်ပါက ထပ်မံပြောဆိုပြခြင်းကဲ့သို့သော လူတွေ့မေးမြန်းခြင်း ကျွမ်းကျင်မှုများနှင့် အပြုအမူများကို အသုံးချခြင်း ရှိ/မရှိ စစ်ဆေးပါ။

၂။ ဇာတ်ကောင်ပြောင်းလဲ၍ လူတွေ့မေးမြန်းခြင်းကို နောက်တစ်ကြိမ် ထပ်မံလုပ်ဆောင်ရမည်။

၃။ ကျောင်းသားများက မည်သည့်မေးခွန်းများသည် မေးမြန်းရန် လွယ်ကူပြီး မည်သည့်မေးခွန်းများသည် ခက်ခဲကြောင်းနှင့် ထိုသို့ဖြစ်ရသည့် အကြောင်းရင်းများကို ဆွေးနွေးရမည်။

## သင်တို့၏ သုတေသနစီမံကိန်း – လူတွေ့မေးမြန်းခြင်းများ

**မှတ်ချက်။** ။ ဤလုပ်ငန်းသည် ကျောင်းသားများကို သုတေသန စီမံကိန်းတစ်ခုအား အစမှအဆုံးထိ ပြင်ဆင် ဖန်တီးပြီး လက်တွေ့လုပ်ဆောင်စေရန် ဒီဇိုင်းရေးဆွဲထားသည့် 'သင်တို့၏ သုတေသန စီမံကိန်း' လုပ်ငန်း ၁၆ ခုထဲမှ ၁၀ ခုမြောက်ဖြစ်သည်။

၎င်းသည် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်းများ အားလုံးအတွက် ခေါင်းစဉ်တစ်ခုတည်းကိုသာ တောက်လျှောက်အသုံးပြုသွားမည် ဆိုပါက ထိရောက်မှုရှိနိုင် ပါသည်။ သို့သော် ကျောင်းသားများက ၎င်းလုပ်ငန်းများကို လုပ်ဆောင်နေချိန်တွင် ၎င်းတို့ရွေးချယ်ထားသော ယခင် သုတေသန ခေါင်းစဉ်များ သို့မဟုတ် မေးခွန်းများသည် လက်တွေ့ကျမှုမရှိတော့ခြင်း၊ စိတ်ဝင်စားမှုမရှိခြင်း သို့မဟုတ် အသုံးဝင်မှုမရှိခြင်းတို့ကို တွေ့မြင်လာနိုင်သည် သို့မဟုတ် အခြားခေါင်းစဉ် သို့မဟုတ် မေးခွန်းကို ပိုမို စိတ်ဝင်စားလာနိုင်ပါသည်။

၁။ ကျောင်းသားများက ၎င်းတို့၏ သုတေသန စီမံကိန်းတွင် လူတွေ့မေးမြန်းခြင်းကို မည်သို့ အသုံးပြုနိုင်ကြောင်းနှင့် အသုံးပြုရန် သင့်လျော်မှု ရှိ/မရှိ ဆုံးဖြတ်ရမည်။

၂။ ပြင်ဆင်ဖွဲ့စည်းထားသော တစ်ဝက်သာလျှင် ပြင်ဆင် ဖွဲ့စည်းထားသော (သို့) ပြင်ဆင်ဖွဲ့ထားခြင်းမရှိသော လူတွေ့မေးမြန်းခြင်းများထဲမှ မည်သည့်အမျိုးအစားကို အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် အဘယ်ကြောင့် ၎င်းအမျိုးအစားကို အသုံးပြုရကြောင်း ဆုံးဖြတ်ရမည်။

၃။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက လူတွေ့ မေးမြန်းခြင်းများသည် ၎င်းတို့၏ သုတေသန စီမံကိန်းနှင့် မည်သို့ ဆက်နွယ်မှုရှိကြောင်း ဆွေးနွေးရမည်။

**အပိုဆောင်းလုပ်ငန်း – သင်တို့၏ လူတွေ့ မေးမြန်းခြင်းကို လေ့ကျင့်ပါ။**

၁။ ကျောင်းသားများက ၎င်းတို့၏ သုတေသန စီမံကိန်းတွင် ထည့်သွင်းအသုံးပြုသွားနိုင်သည့် လူတွေ့မေးမြန်းခြင်း မေးခွန်းဥပမာများကို ရေးသားရမည်။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက ၎င်းတို့၏ မေးခွန်းများကို မှတ်စုရေးသား၍ မေးမြန်းဖြေဆိုကြ ရမည်။

၃။ ၎င်းတို့၏ မှတ်စုများကို ပြန်လည်ဖတ်ရှုပြီး အဆိုပါ မေးခွန်းများကို ပိုမိုကောင်းမွန်လာစေနိုင်သည့် နည်းလမ်းများကို စဉ်းစားရမည်။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

# အခန်း ၆ –
# ဦးတည်အုပ်စုများ

# ၆.၁ ဦးတည်အုပ်စုများကို အဘယ်ကြောင့် အသုံးပြုရသနည်း

**မှတ်ချက်။** ။ သုတေသီများက အစုအဖွဲ့အခြေအနေမျိုးတွင် လူများ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်ဆံပုံ၊ သုတေသနခေါင်းစဉ်နှင့် ပတ်သက်ပြီး လူများတွင်ရှိသည့် ကွဲပြားခြားနားသော ရှုထောင့်များနှင့်/(သို့) ဘုံတူညီနေသော ရှုထောင့်များကို လေ့လာသင်ယူရန်အတွက် ဦးတည်အုပ်စုများကို အသုံးပြုပါသည်။ လူများက အခြားလူတစ်ဦးရှိနေသည့်အချိန်တွင် ပြုမူသည့်ပုံစံသည် သုတေသီအတွက် စိတ်ဝင်စားဖွယ်တစ်စုံတစ်ရာကို ဖော်ပြပေးပါသည်။ ဥပမာ – သုတေသီက အစုအဖွဲ့တစ်ဖွဲ့ထဲမှ ပါဝင်ဖြေကြားသူများအား မည်သို့ ခံစားရပါသနည်းဟု မေးမြန်းပါက ပျော်ပါသည်ဟု ဖြေဆိုကြမည်သာဖြစ်သည်။ အကယ်၍ သုတေသီက ဤမေးခွန်းကို လူတွေ့မေးမြန်းရာတွင် မေးမြန်းမည်ဆိုပါက အချို့လူများက စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း သို့မဟုတ် မပျော်ရွှင်ကြောင်း ဖြေကြားနိုင်ပါသည်။ သုတေသီက ပါဝင်ဖြေကြားသူများသည် ၎င်းတို့၏ အပေါင်းအဖော်များထံမှ တစ်စုံတစ်ရာကို ဖုံးကွယ်ထားသည်ဟု ကောက်ချက်ချနိုင်ပါသည်။

ဦးတည်အုပ်စုများသည် စိတ်ဝင်စားဖွယ်ကောင်းပါသည်။ အဘယ်ကြောင့်ဆိုသော် သုတေသီများက ပါဝင်ဖြေကြားသူများ ပြောသည့်အကြောင်းအရာများနှင့် အခြားလူများရှိနေသည့်အခါတွင် ပြောဆိုသည့်ပုံစံများကို ခွဲခြမ်းစိတ်ဖြာခြင်းဖြင့် အကြောင်းအရာအသစ်များကို လေ့လာသင်ယူနိုင်သောကြောင့်ဖြစ်သည်။

## အကြိုလေ့လာချက်

၁။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

၂။ ၎င်းတို့က အခြားအတွဲတစ်တွဲဖြင့် ပေါင်းစည်းပြီး မေးခွန်းများကို အဖွဲ့ငယ်များအဖြစ် ဆွေးနွေးရမည်။

၃။ ထို့နောက် မေးခွန်းများကို တစ်တန်းလုံးအနေဖြင့် ဆွေးနွေးရမည်။

၄။ တစ်တန်းလုံးအနေဖြင့် မေးခွန်းများ (က–ဂ) ကို ဆွေးနွေးရမည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက ထုတ်ပြန်ချက်များသည် မှန်ကန်ကြောင်း/မှားယွင်းကြောင်း ဆုံးဖြတ်ရမည်။
- မှားယွင်းနေပါက မှန်ကန်သော ထုတ်ပြန်ချက်များအဖြစ် ပြောင်းလဲရေးသားရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ မှားပါသည် – ဦးတည်အုပ်စုတစ်စုသည် လူတွေ့မေးမြန်းခြင်းတစ်ခုနှင့် မတူခြားနားသည့် ဒေတာများကို ရရှိစေပါသည်။ အဘယ်ကြောင့်ဆိုသော် အဖွဲ့လိုက်ဆွေးနွေးခြင်းမှ အချက်အလက်များကို ရရှိစေပြီး အဖွဲ့အတွင်း၌ လူများ အပြန်အလှန် ဆက်ဆံသည့်ပုံစံကိုလည်း ဖော်ပြသည့်အတွက် ဖြစ်သည်။

၂။ မှန်ပါသည်။

၃။ မှားပါသည် – လူတွေ့မေးမြန်းခြင်းတစ်ခုတွင် လူတစ်ဦးသာ ပါဝင်ပြီး ဦးတည်အုပ်စုတစ်စုတွင် ပါဝင်ဖြေကြားသူ ၄ ဦးမှ ၁၀ ဦးအထိ ပုံမှန်အားဖြင့် ပါဝင်ပါသည်။

၄။ မှန်ပါသည်။

## လုပ်ငန်းစဉ် – အားသာချက် သို့မဟုတ် အားနည်းချက်များ ဖြစ်ကြပါသလား

၁။ တစ်ဦးချင်းစီ သို့မဟုတ် နှစ်ယောက်တစ်တွဲ သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မှတ်ချက်များကို ဖတ်ရှုပြီး စကားပြောသူသည် ဦးတည်အုပ်စု၏ အားသာချက် သို့မဟုတ် အားနည်းချက်တို့ကို ဖော်ပြနေကြောင်း သို့မဟုတ် နှစ်ခုစလုံးကို ပြောဆိုနေခြင်းဖြစ်ကြောင်း ဆုံးဖြတ်ရမည်။

**အဖြေများ**

(က) အားသာချက်

(ခ) အားနည်းချက်

(ဂ) နှစ်ခုစလုံး

(ဃ) အားနည်းချက်

(င) နှစ်ခုစလုံး

(စ) နှစ်ခုစလုံး

(ဆ) အားနည်းချက်

၂။ အဖွဲ့များက ဦးတည်အုပ်စုများ၏ အားနည်းချက်နှင့် အားသာချက်များကို စာရင်းပြုစုရမည်။

- တစ်တန်းလုံးအနေဖြင့် သင်ပုန်းပေါ်တွင် စာရင်းပြုစုရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

**အားသာချက်များ –** ဦးတည်အုပ်စုများ လူများသည့်အခါတွင် လုပ်ဆောင်နိုင်သည်။ လူတွေ့မေးမြန်းခြင်းထက် ပိုမို တိုတောင်းသော အချိန်အတွင်း၌ သတင်းအချက်အလက် များစွာကို ရရှိနိုင်ပါသည်။

**အားနည်းချက် –** လူတစ်ဦးက ဦးတည်အုပ်စု ဆွေးနွေးဝိုင်းတွင် စိုးမိုးပြီး ပြောဆိုနေနိုင်ပါသည်။ အချို့ လူများက ရပ်ရွာအတွင်း ၎င်းတို့ထက် ရာထူးပိုမြင့်သော အာဏာကြီးသောသူ တစ်ဦးဦးရှိနေခြင်းကြောင့် လူများ ရှေ့တွင် အတွေးအမြင်များကို ပွင့်လင်းစွာ ထုတ်ဖော် ပြောဆိုလိုစိတ် မရှိခြင်းဖြစ်နိုင်သည်။

**နှစ်ခုစလုံး –** အချို့လူများအနေဖြင့် ဦးတည်အုပ်စု ဆွေးနွေးဝိုင်းများအတွင်း အငြင်းပွားမှုများရှိနိုင်သည်။ တစ်ခါတစ်ရံတွင် အချို့လူများက ဦးတည်အုပ်စု ဆွေးနွေးဝိုင်းအတွင်း ခေါင်းစဉ်တစ်ခုနှင့် ပတ်သက်ပြီး စကားရည်လုရခြင်းကို ကြိုက်နှစ်သက်ကြသည်။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဖြေဆိုရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၂။ တစ်ဦး (သို့) တစ်ဦးထက်ပိုသော ကူညီပံ့ပိုးသူများ၊ မှတ်စုရေးသားသူတစ်ဦးနှင့် အချိန်စောင့်ကြည့်သူတစ်ဦး ပါဝင်နိုင်သည်။

# ၆.၂ ဦးတည်အုပ်စုတစ်စု ဖွဲ့စည်းစီစဉ်ခြင်း

အကြံပြုလေ့လာချက်

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ – ဆက်နွှယ်မှုရှိသည့် ပါဝင်ဖြေကြားသူများကို ရှာဖွေခြင်း
– ပါဝင်ဖြေကြားမည့်သူများကို ဆက်သွယ်ခြင်း
– ဦးတည်အုပ်စုဆွေးနွေးဝိုင်းအတွက် အချိန်နှင့် နေရာ စီစဉ်ခြင်း
– ပါဝင်ဖြေကြားမည့်သူ မည်မျှ ထည့်သွင်းမေးမြန်းသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခြင်း
– မုန့်နှင့် အချိုရည်များစီစဉ်ခြင်း
– ပါဝင်ဖြေကြားသူများအကြား ဆွေးနွေးရန်နှင့် အကြံဉာဏ်များ ပြောကြားရန် တိုက်တွန်းခြင်း

၂။ – အဖွင့် မေးခွန်းများ
– ပါဝင်ဖြေကြားသူများကို စဉ်းစားစေသည့် မေးခွန်းများ
– စိတ်ဝင်စားဖွယ် မေးခွန်းများ
– ပါဝင်ဖြေကြားသူများနှင့် ဆက်နွှယ်မှုရှိသည့် မေးခွန်းများ
– ပါဝင်ဖြေကြားသူများအကြား အပြန်အလှန် ပြောဆိုဆွေးနွေးစေသည့် မေးခွန်းများ

## လေ့ကျင့်ခန်း

- ကျောင်းသားများက မေးခွန်းတစ်ခုချင်းစီအတွက် အကောင်းဆုံးအဖြေကို ရွေးချယ်ရမည်။

**အဖြေများ**

၁။ (က)

၂။ (ခ)

၃။ (ခ)

## လေ့ကျင့်ခန်း

- ကျောင်းသားများက လုပ်ငန်းခေါင်းစဉ်များ (၁–၆) ကို ရှင်းပြချက်များ (က–စ) တို့ဖြင့် တွဲစပ်ရမည်။

**အဖြေများ**

၁။ (င)

၂။ (က)

၃။ (ဃ)

၄။ (စ)

၅။ (ခ)

၆။ (ဂ)

## လုပ်ငန်းစဉ် – ဦးတည်အုပ်စုဆွေးနွေးဝိုင်းကို ပိုမိုကောင်းမွန်အောင် ကြိုးစားပါ

၁–၃။ တစ်ဦးချင်းစီ (သို့) နှစ်ယောက်တစ်တွဲ (သို့) အဖွဲ့ငယ်များဖြင့် ကျောင်းသားများက ဦးတည်အုပ်စု မေးခွန်းများကို ဖတ်ရှုပြီး မေးခွန်းများကို ဖြေကြားရမည်။

၄။ နှစ်ယောက်တစ်တွဲ (သို့) အဖွဲ့ငယ်များဖြင့် ကျောင်းသားများက ဦးတည်အုပ်စုဆွေးနွေးဝိုင်းတွင် အသုံးပြုနိုင်မည့် လုပ်ငန်းတစ်ခုကို စဉ်းစားပြီး စီစဉ်ရမည်။

- အတွေးအမြင်များအတွက် ရှေ့လေ့ကျင့်ခန်းမှ ဦးတည်အုပ်စု လုပ်ငန်းများနှင့် အခန်းငယ် ၄.၂ မှ မတူခြားနားသည့် မေးခွန်းအမျိုးအစားများကို ကြည့်ရှုရန် ကျောင်းသားများကို တိုက်တွန်းပေးပါ။
- ကျောင်းသားများက ၎င်းတို့၏ လုပ်ငန်းများကို အတန်းသို့ တင်ပြပြီး ၎င်းလုပ်ငန်းများကို ဆောင်ရွက်ရန် ဖြစ်နိုင်ခြေ ရှိ/မရှိ လက်တွေ့ဆောင်ရွက်ပြပါ။

၅။ အဖွဲ့များက ဦးတည်အုပ်စုဆွေးနွေးဝိုင်းတွင် ပါဝင်သူများကို မိတ်ဆက်ပေးသည့်အခါတွင် ပြောမည့်အချက်များ ဆွေးနွေးခြင်းမစတင်မီနှင့် ဆွေးနွေးဝိုင်းပြီးဆုံးသွားသည့် အခါတွင် ပြောပြမည့် သဘောတူညီချက်ရယူခြင်းဆိုင်ရာ ရှင်းပြချက်များကို ဖော်ပြသည့် မှတ်စုများ (သို့) စာပိုဒ်များကို ရေးသားရမည်။

- အချို့အဖွဲ့များကို ၎င်းတို့၏ စာပိုဒ်များ (သို့) မှတ်စုများကို အတန်းသို့ တင်ပြခိုင်းပါ။

၆။ ၅–၁၀ ဦးပါဝင်သော အဖွဲ့ငယ်များဖြင့် ကျောင်းသားများက ၎င်းတို့၏ ဦးတည်အုပ်စုဆွေးနွေးဝိုင်းများကို လေ့ကျင့်ရမည်။ အဖွဲ့ဝင်တိုင်းက ပါဝင်ဆောင်ရွက်ရမည်။

- ဆန္ဒရှိပါက ၎င်းတို့၏ သရုပ်ဖော်တင်ဆက်မှုကို အတန်းသို့ တင်ဆက်ပြသခိုင်းပါ။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ 'က' ကို 'သင်တို့၏ ရပ်ရွာထဲရှိ ဒေသခံများအကြား မည်သည့် ပဋိပက္ခများ ရှိကြပါသနည်း' ဟူ၍ ပြောင်းလဲနိုင်သည်။

'ဆ' ကို 'သင်တို့၏ ရပ်ရွာထဲရှိ ငြိမ်းချမ်းရေးအတွက် စိန်ခေါ်မှုများနှင့် ပတ်သက်ပြီး မည်သည်တို့ကို ပြောပြနိုင်ပါ သနည်း' ဟူ၍ ပြောင်းလဲနိုင်သည်။

၂။ 'ဃ' ကို 'ရန်ကုန်မြို့ရှိ ဘာသာရေး ပဋိပက္ခများကို မည်သည့်အရာများက ဖြစ်ပွားစေပါသနည်း' ဟူ၍ ပြောင်းလဲနိုင်သည်။

'င' ကို 'လူအများနှင့် သင်၏ဆက်ဆံရေးကို မည်သို့ ပြောင်းလဲနိုင်ပါသနည်း' ဟူ၍ ပြောင်းလဲနိုင်သည်။

၃။ 'စ' ကို 'ငြိမ်းချမ်းရေး တည်ဆောက်ရန် ကူညီပေးခဲ့သည့် အချိန်ကာလတစ်ခုခုကို ရှင်းလင်းဖော်ပြပါ' ဟူ၍ ပြောင်းလဲနိုင်သည်။

၄။ – ငြိမ်းချမ်းရေးတည်ဆောက်ရန် လူများလိုက်နာရမည့် စည်းမျဉ်းများကို စာရင်းပြုစုပါ။
– လုပ်ငန်းများစာရင်းတစ်ခုကို ဆောင်ရွက်ရန် လွယ်ကူမှု သို့မဟုတ် ခက်ခဲမှုအရ အဆင့်ခွဲသတ်မှတ်ပါ။

၅။

#### မိတ်ဆက်

'အားလုံးပဲ မင်္ဂလာပါ။ ကျွန်ုပ်အမည်က နီရှိဖြစ်ပြီး သူကတော့ မော်ဂန်ဖြစ်ပါတယ်။ ကျွန်ုပ်က ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ဆွေးနွေးဝိုင်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး မော်ဂန်ကတော့ မှတ်စုရေးမှတ်သွားပါမည်။ ဆွေးနွေးစဉ်ကာလအတွင်း သင်တို့၏ အမြင်များကို လွတ်လပ်စွာ ဖွင့်ဟပြောဆိုစေလို ပါသည်။ ဤဆွေးနွေးချက်များကို ကျွန်ုပ်တို့က အသံသွင်းယူ သွားပါမည်။ ထိုသို့ အသံသွင်းယူရခြင်းမှာ သုတေသန အတွက်သာဖြစ်ပြီး အသံဖိုင် (သို့) ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို မည်သူနှင့်မျှ ဖလှယ်မျှဝေသွားမည် မဟုတ်ပါ။'

#### သဘောတူညီချက်

'ဤသုတေသနသည် ငြိမ်းချမ်းရေးအကြောင်းဖြစ်ပြီး ငြိမ်းချမ်းရေးဆိုင်ရာ သင်တို့၏ အတွေ့အကြုံများကို သင်ယူရန် စိတ်ဝင်စားမိပါသည်။ ဤအချက်အလက်များကို ရန်ကုန်နှင့် မန္တလေးမြို့ရှိရပ်ကွက်၊ မြို့နယ်များတွင် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းအတွက် ဆောင်ရွက်ရန် စီမံကိန်းတစ်ခု ဖန်တီးရာတွင် အသုံးပြုသွားပါမည်။ မေးခွန်းတိုင်းအားလုံးကို ဖြေဆိုရန် မလိုအပ်ပါ။ ဖြေဆိုလိုစိတ် မရှိတော့ပါက အချိန်မရွေး ထွက်ခွာသွားနိုင်ပါသည်။'

#### အပိတ်

ဤအကြောင်းအရာများနှင့် ပတ်သက်ပြီး ယနေ့လာရောက် ပါဝင်ပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ နောက်ဆုံး မေးမြန်းလိုသည့် သို့မဟုတ် မှတ်ချက်ပေးလိုသည့် အချက်များ ရှိပါသေးသလား။ နောက်ထပ်မေးမြန်းစရာ မေးခွန်းများ ရှိလာပါက ကျွန်ုပ်တို့ကို ဆက်သွယ်နိုင်ရန် လိပ်စာကပ်များကို တစ်ယောက်ချင်းစီအား ပေးအပ်သွား ပါမည်။

၆။ ၅–၁၀ ဦးပါသော အဖွဲ့ငယ်များဖြင့် ကျောင်းသားများက ၎င်းတို့၏ ဦးတည်အုပ်စု ဆွေးနွေးဝိုင်းများကို လေ့ကျင့်ရမည်။ အဖွဲ့တိုင်းက ဇာတ်ကောင်တစ်နေရာရာမှ ပါဝင်ရမည်။

- ဆန္ဒရှိပါက ၎င်းတို့၏ သရုပ်ဖော်တင်ဆက်မှုများကို အတန်းသို့ တင်ဆက်ပြသခိုင်းပါ။

## ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများက ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုရမည်။
- ထို့နောက် မေးခွန်းများကို ဖြေဆိုရမည်။

**အဖြေများ**

၁။ ‘အလုပ်အကိုင်ရှာဖွေခြင်းနှင့် ပတ်သက်ပြီး ရန်ကုန်မြို့မှ လူငယ်များ၏ အတွေ့အကြုံများနှင့် အသိအမြင်များ’

၂။ လူဦးရေမှာ ရန်ကုန်မြို့တွင်းနှင့် ရန်ကုန်မြို့စွန်မှ လူငယ်များ ဖြစ်သည်။ အသုံးပြုခဲ့သည့် နမူနာကောက်ယူခြင်း နည်းလမ်းများမှာ စိစစ်ရွေးချယ်နမူနာကောက်ယူနည်းနှင့် နှင်းလုံးနမူနာကောက်ယူခြင်း ဖြစ်ပါသည်။

၃။ သုတေသီက ဦးတည်အုပ်စုဆွေးနွေးဝိုင်း မေးခွန်းများကို စမ်းသပ်ခြင်းဖြင့် ပိုမိုကောင်းမွန်အောင် ပြင်ဆင်ပြောင်းလဲခဲ့သည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၄။ (က)လူငယ်များအနေဖြင့် လွတ်လပ်စွာ (သို့) စိတ်လက်ပေါ့ပါးစွာ ဖွင့်ဟပြောဆိုနိုင်မည် မဟုတ်ပေ။

(ခ) ပြင်ဆင်ဖွဲ့စည်းထားသည့် စစ်တမ်းလွှာတစ်ခုသည် သုတေသီများအနေဖြင့် အသေးစိတ် အချက်အလက်များကို လျင်မြန်စွာရရှိရန် မတူညီသည့် ရှုထောင့်များကို သိရှိရန် သို့မဟုတ် ဦးတည်အုပ်စု ဆွေးနွေးဝိုင်းအတွင်း ပေါ်ထွက်လာသည့် ခေါင်းစဉ်အသစ်များကို စူးစမ်းလေ့လာရန် အခွင့်အရေး မပေးချေ။

## သင်တို့၏ သုတေသနစီမံကိန်း – ဦးတည်အုပ်စုများ

**မှတ်ချက် –** ဤလုပ်ငန်းသည် ကျောင်းသားများကို သုတေသန စီမံကိန်းတစ်ခုအား အစမှအဆုံးထိ ပြင်ဆင် ဖန်တီးပြီး လက်တွေ့လုပ်ဆောင်စေရန် ဒီဇိုင်းရေးဆွဲထားသည့် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်း ၁၆ ခုထဲမှ ၁၁ ခုမြောက်ဖြစ်သည်။

၎င်းသည် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်းများ အားလုံးအတွက် ခေါင်းစဉ်တစ်ခုတည်းကိုသာ တောက်လျှောက်အသုံးပြုသွားမည်ဆိုပါက ထိရောက်မှုရှိနိုင်ပါသည်။ သို့သော် ကျောင်းသားများက ၎င်းလုပ်ငန်းများကို လုပ်ဆောင်နေချိန်တွင် ၎င်းတို့ရွေးချယ်ထားသော ယခင် သုတေသန ခေါင်းစဉ်များ သို့မဟုတ် မေးခွန်းများသည် လက်တွေ့ကျမှု မရှိတော့ခြင်း၊ စိတ်ဝင်စားမှုမရှိခြင်း သို့မဟုတ် အသုံးဝင်မှုမရှိခြင်းတို့ကို တွေ့မြင်လာနိုင်သည် သို့မဟုတ် အခြားခေါင်းစဉ် သို့မဟုတ် မေးခွန်းကို ပိုမို စိတ်ဝင်စားလာနိုင်ပါသည်။

၁။ ကျောင်းသားများက ၎င်းတို့၏ သုတေသန မေးခွန်းများ အတွက် ဦးတည်အုပ်စု ဆွေးနွေးဝိုင်းတစ်ခုသည် သင့်တော်မှု ရှိ/မရှိ ဆုံးဖြတ်ရမည်။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက ဦးတည်အုပ်စု ဆွေးနွေးဝိုင်းတစ်ခုသည် ၎င်းတို့၏ သုတေသန စီမံကိန်းများနှင့် မည်သို့ ဆက်နွှယ်မှုရှိနိုင်ကြောင်း ဆွေးနွေးရမည်။

**အပိုဆောင်းလုပ်ငန်း – သင်တို့၏ ဦးတည်အုပ်စုကို လေ့ကျင့်ပါ။**

၁။ ကျောင်းသားများက ၎င်းတို့၏ သုတေသနစီမံကိန်းပေါ် မူတည်ပြီး ဦးတည်အုပ်စု အစီအစဉ်တစ်ခု ဒီဇိုင်းရေးဆွဲ ရမည်။

၂။ အဖွဲ့ငယ်များဖြင့် ၎င်းတို့၏ ဦးတည်အုပ်စု လုပ်ငန်းများ နှင့် မေးခွန်းများကို စမ်းသပ်ပြီး မှတ်စုများ ရေးသားရမည်။

၃။ ၎င်းတို့၏ မှတ်စုများကို ပြန်လည်ဖတ်ရှုပြီး လူတွေ့ မေးမြန်းခြင်း မေးခွန်းများကို ပိုမိုကောင်းမွန်လာစေမည့် နည်းလမ်းများကို စဉ်းစားရမည်။

## ဆွေးနွေးချက်

- တစ်တန်းလုံး (သို့) အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

# အခန်း ၇ –
# စောင့်ကြည့်လေ့လာခြင်း

# ၇.၁ စောင့်ကြည့်လေ့လာခြင်း

## အကြိုလေ့လာချက်

၁။ တစ်ဦးချင်းစီအလိုက် ကျောင်းသားများက ဓာတ်ပုံကို တစ်မိနစ်ခန့် ကြည့်ရှုပါ။

- အချိန်မှတ်ထားပါ။ တစ်မိနစ်ပြည့်သည့်အခါတွင် ကျောင်းသားများကို ရပ်တန့်ခိုင်းပါ။
- ကျောင်းသားများက ဓာတ်ပုံထဲမှ မှတ်မိသမျှကို တတ်နိုင်သမျှ အသေးစိတ်ရေးချရမည်။

၂။ ရေးသားထားသည့် စာအုပ်များကိုပိတ်ပါ။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက ဓာတ်ပုံထဲတွင် စူးစမ်းမိသည့်အရာများကို နှိုင်းယှဉ်ရမည်။ ထို့နောက် ကွဲလွဲစွာ မှတ်သားထားမိသည့်အရာများကို ဆွေးနွေးရမည်။

၃။ ဓာတ်ပုံပေါ်တွင် အခြေခံ၍ သုတေသန မေးခွန်းတစ်ခုကို နှစ်ယောက်တစ်တွဲစီ စဉ်းစားရမည်။

- ထို့နောက် ၎င်းတို့၏ သုတေသနမေးခွန်းများကို အတန်းသို့ ပြန်လည်ရှင်းပြရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- ရန်ကုန်မြို့တွင် မော်တော်ဆိုင်ကယ်များကို မည်သို့ အသုံးပြုကြသနည်း။
- လမ်းမတန်းမှ ဈေးဆိုင်ပိုင်ရှင်များနှင့် လမ်းမတန်းမှ ဝေးသည့်နေရာက ဈေးဆိုင်ပိုင်ရှင်များ၏ ဝင်ငွေခြားနားမှုမှာ အဘယ်နည်း။
- လမ်းဘေးဈေး၏ သက်ရောက်မှုများနှင့် ပတ်သက်ပြီး ရပ်ရွာလူထု၏ အသိအမြင်များမှာ အဘယ်နည်း။

## လေ့ကျင့်ခန်း

- ကျောင်းသားများက ထုတ်ပြန်ချက်များသည် မှန်ကန်ကြောင်း/မှားယွင်းကြောင်း ဆုံးဖြတ်ရမည်။
- မှားယွင်းနေပါက မှန်ကန်သော ထုတ်ပြန်ချက်တစ်ခုအဖြစ် ပြန်လည်ရေးသားရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ မှန်ပါသည်။

၂။ မှားပါသည် – စောင့်ကြည့်လေ့လာခြင်းကို မိသားစုအိမ်များ၊ လမ်း၊ စာကြည့်တိုက် သို့မဟုတ် ဈေး စသည်တို့ အပါအဝင် မတူညီသည့် နေရာများစွာတွင် လုပ်ဆောင်နိုင်ပါသည်။

၃။ မှန်ပါသည်။

၄။ မှားပါသည် – စောင့်ကြည့်လေ့လာခြင်း မှတ်စုတိုများကို လုပ်ဆောင်နေသည့်အချိန်အတွင်း သို့မဟုတ် ပြီးဆုံးသွားသည့်အချိန်တွင် ရေးသားကြပါသည်။

## လုပ်ငန်းစဉ် – စောင့်ကြည့်လေ့လာခြင်းများ

- ကျောင်းသားများက အခြေအနေပြဖြစ်ရပ်များကို ဖတ်ရှုရမည်။

၁။ နှစ်ယောက်တစ်တွဲစီ သို့မဟုတ် အဖွဲ့ငယ်များဖြင့် အခြေအနေပြဖြစ်ရပ်တစ်ခုချင်းစီတွင် သုတေသီက မည်သည့်အရာများကို စောင့်ကြည့်လေ့လာနေကြောင်း ခွဲခြားဖော်ထုတ်ရမည်။

**အဖြေများ**

**အခြေအနေပြဖြစ်ရပ် (၁)** – ရန်ကုန်မြို့ရှိ ဒေသခံဈေးများတွင် သက်ကြီးပိုင်းလူများ၏ ဝယ်ယူသုံးစွဲမှု ပုံစံနမူနာများ။

**အခြေအနေပြဖြစ်ရပ် (၂)** – ရှမ်းပြည်နယ်ရှိ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများစခန်းတွင် လူများက သောက်သုံးရေဆိုင်ရာ ပစ္စည်းများကို မည်သို့ အသုံးပြုသည့်ပုံစံများ။

၂။ ကျောင်းသားများက အခြေအနေပြဖြစ်ရပ်တစ်ခုချင်းစီအတွက် သုတေသန မေးခွန်းတစ်ခုစီ စဉ်းစားရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

**အခြေအနေပြဖြစ်ရပ် (၁)** – ရန်ကုန်မြို့ရှိ ဒေသခံဈေးများတွင် သက်ကြီးပိုင်းလူများ၏ ဝယ်ယူသုံးစွဲမှုပုံစံ နမူနာမှာ အဘယ်နည်း။

**အခြေအနေပြဖြစ်ရပ် (၂)** – ရှမ်းပြည်နယ်ရှိ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများစခန်းတွင် သောက်သုံးရေ၊ ရေဆိုးနုတ်စနစ်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ ပြဿနာများမှာ အဘယ်နည်း။

၃။ ကျောင်းသားများက သုတေသီအနေဖြင့် စောင့်ကြည့်လေ့လာခြင်းမှတ်စုကို မည်သည့်အချိန်တွင် ရေးသားရမည်ဖြစ်ကြောင်း ဆုံးဖြတ်ရမည် – စောင့်ကြည့်လေ့လာနေစဉ်အတွင်း သို့မဟုတ် ပြီးဆုံးသွားသည့်အခါတွင် – အဘယ်ကြောင့်နည်း။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

**အခြေအနေပြဖြစ်ရပ် (၁)** – သုတေသီက စောင့်ကြည့်လေ့လာခြင်း ပြီးသည့်အခါတွင်သာလျှင် မှတ်စုရေးသားသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူများ၏ အကြောင်းကို ဈေး၌ လိုက်လံမှတ်သားရေးသားခြင်းသည် ယဉ်ကျေးသည့်အမူအရာ မဟုတ်သောကြောင့် သို့မဟုတ် လက်တွေ့မကျသည့်အတွက်ကြောင့်ဖြစ်သည်။

**အခြေအနေပြဖြစ်ရပ် (၂)** – သုတေသီက စောင့်ကြည့်လေ့လာနေစဉ်အတွင်း မှတ်စုရေးသားသင့်ပါသည်။ စခန်းမှ လူများက သုတေသီရောက်ရှိနေသည့် အကြောင်းရင်းကို သိရှိနားလည်ထားသည့်အတွက် စိတ်လက်ပေါ့ပါးမှု ရှိနေနိုင်ပါသည်။

၄။ ကျောင်းသားများက စောင့်ကြည့်လေ့လာခြင်းဖြစ်စဉ်အတွင်း ရင်ဆိုင်ကြုံတွေ့ရနိုင်ခြေရှိသော ပြဿနာများကို ခွဲခြားဖော်ထုတ်ရမည်။

- ထို့နောက် အဆိုပါပြဿနာများအတွက် ဖြေရှင်းချက်များကို စဉ်းစားရမည်။
- အချို့အဖွဲ့များကို ၎င်းတို့စဉ်းစားထားသည့် ဖြေရှင်းချက်များကို အတန်းသို့တင်ပြခိုင်းပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

**အခြေအနေပြဖြစ်ရပ် (၁)** – နောက်မှလိုက်၍ စိုက်ကြည့်ခြင်းဖြင့် သက်ကြီးပိုင်းလူများကို စိတ်အနှောင့်အယှက် ဖြစ်စေနိုင်သည်။ သုတေသီက ဈေးဆိုင်ပိုင်ရှင်နှင့် ၎င်းတို့ စောင့်ကြည့်လေ့လာမည့် သက်ကြီးပိုင်းလူများကို သုတေသနအကြောင်း ပြောပြခြင်းဖြင့် အဆိုပါလူများကို စိတ်အနှောင့်အယှက် ကင်းစွာ ဝယ်ယူရောင်းဝယ်နိုင်စေပါလိမ့်မည်။

**အခြေအနေပြဖြစ်ရပ် (၂)** – သုတေသီက စခန်းရှိလူများ သောက်သုံးရေဆိုင်ရာ ပစ္စည်းများကို အသုံးပြုခြင်းကို စောင့်ကြည့်လေ့လာရာတွင် အခက်အခဲရှိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါလူများသည် ထိုနေရာတွင် ရှိနေသည့်အချိန်တွင် အခြားအရာများကို လုပ်ဆောင်နေနိုင်သောကြောင့်ဖြစ်သည် သို့မဟုတ် သောက်သုံးရေထောက်ပံ့ပေးမှု ပိတ်ထားခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ သုတေသီအနေဖြင့် လူများ သောက်သုံးရေဆိုင်ရာ ပစ္စည်းများကို အသုံးပြုခြင်းကို စောင့်ကြည့်လေ့လာနိုင်သည့် အကောင်းဆုံးအချိန်ကို စုံစမ်းထားခြင်းဖြင့် ပြင်ဆင်ထားသင့်ပါသည်။

**အခြေအနေပြဖြစ်ရပ် နှစ်ခုစလုံးအတွက်** – သုတေသီက ၎င်းစောင့်ကြည့်လေ့လာနေရသည့် သုတေသန၏ ရည်ရွယ်ချက်ကို စခန်းမှလူများအား ရှင်းပြနိုင်ပါသည်။

## လုပ်ငန်းစဉ် – လုပ်ငန်းတစ်ခုအား စောင့်ကြည့်လေ့လာခြင်း

၁။ ကျောင်းသားများကို အဖွဲ့နှစ်ဖွဲ့ခွဲပါ။

- အဖွဲ့ (၁) က တာဝန် ၃ ခုကို စကားမပြောဘဲ ဆောင်ရွက်ရမည်။
- အဖွဲ့ (၂) က အဖွဲ့ (၁) ၏ လုပ်ဆောင်ချက်များကို စောင့်ကြည့်လေ့လာပြီး မှတ်စုရေးမှတ်ရမည်။

၂။ တစ်တန်းလုံးအနေဖြင့် ဤသုတေသနကို ဆောင်ရွက်ရာတွင် ဖြစ်လာနိုင်ခြေရှိသော ပြဿနာများကို ခွဲခြားဖော်ထုတ်ပြီး ၎င်းတို့အတွက် ဖြေရှင်းချက်များကို စဉ်းစားကြည့်ရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

**ပြဿနာ** – ဖြစ်ပျက်နေသော အကြောင်းအရာများစွာရှိနေပြီး အသေးစိတ် မှတ်စုရေးသားရန် ခက်ခဲစေပါသည်။

**ဖြေရှင်းချက်များ** –

– ဗွီဒီယိုရိုက်ကူးထားပါ။
– မှတ်စုရေးသားရန် လူနှစ်ဦးသတ်မှတ်ထားပါ။
– အချက်အနည်းငယ်ကိုသာ အဓိကထားအာရုံစိုက်ပါ။

၃။ တစ်တန်းလုံး (သို့) အဖွဲ့ငယ်များအနေဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေ**

- အဖွဲ့တစ်ဖွဲ့ချင်းစီ၏ စောင့်ကြည့်လေ့လာခြင်းများကို တူညီသောနည်းလမ်း – တစ်နေ့တည်း၊ တစ်ချိန်တည်း၊ တစ်ပတ်တည်း၊ ဖြစ်နိုင်လျှင် သုတေသီတစ်ဦးတည်းဖြင့် – ဖြစ်စေရန် ဂရုစိုက်ပါ။ ဤနည်းဖြင့် စောင့်ကြည့်လေ့လာခြင်းကို ပိုပြီး ကိုးစားနိုင်စွမ်း ရှိစေပါသည်။ အဘယ်ကြောင့်ဆိုသော် အချိန်၊ တည်နေရာ၊ သုတေသီများ၏ မတူညီသော ဦးတည်ချက်များကြောင့် ဖြစ်လာနိုင်သည့် ကွဲပြားချက်များ နည်းပါးစေသောကြောင့်ဖြစ်သည်။
- သုတေသီ (များ) က အသုံးပြုသော စံနှုန်းများ စာရင်း တစ်ခုကို ဖော်ပြထားပါ။ သို့မှသာလျှင် တစ်ဖွဲ့ချင်းစီ၏ တူညီသောအချက်များကို စောင့်ကြည့်လေ့လာသွားမည် ဖြစ်သည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက ဥပမာများသည် ကိုယ်တိုင်ပါဝင် လုပ်ဆောင်သည့် စောင့်ကြည့်လေ့လာခြင်း ဟုတ်/မဟုတ် ခွဲခြားဖော်ထုတ်ရမည်။

**အဖြေများ**

၁။ ကိုယ်တိုင်ပါဝင်လုပ်ဆောင်သည့် စောင့်ကြည့်လေ့လာခြင်း

၂။ ကိုယ်တိုင်ပါဝင်လုပ်ဆောင်သည့် စောင့်ကြည့်လေ့လာခြင်း

၃။ မဟုတ်ပါ။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ အချိန်ကာလတစ်လျှောက် ပြောင်းလဲမှုများကို စောင့်ကြည့်လေ့လာသည့် မည်သည့် သုတေသနမဆို။ ဥပမာ – အစားအသောက်ဆိုင်များတွင် ဖော့ဘူးများ အသုံးပြုခြင်းအား ဆန့်ကျင်သည့် ပညာပေးကမ်ပိန်းများ၏ သက်ရောက်မှုနှုန်း။

၂။ သင်စောင့်ကြည့်လေ့လာနေသည့် ဆောင်ရွက်ချက်များကို လူများစွာက လုပ်ဆောင်နေသည့် ခေါင်းစဉ်တစ်ခု။

၃။ လူအများ၏ အတွေးအမြင်များနှင့် အကြံဉာဏ်များကို သိရှိခြင်းပါဝင်သည့် မေးခွန်းတစ်ခု။

**အပိုဆောင်းလုပ်ငန်း – စောင့်ကြည့်လေ့လာခြင်း (သို့) ကိုယ်တိုင်ပါဝင်လုပ်ဆောင်သည့် စောင့်ကြည့်လေ့လာခြင်း ဖြစ်ပါသလား။**

၁။ ကျောင်းသားများကို သုတေသန အခြေအနေပြ ဖြစ်ရပ်များ၏ ဥပမာများအချို့ကို ဖော်ပြပေးပါ။ ဥပမာ –

- သုတေသီတစ်ဦးက တက္ကသိုလ် ကျောင်းသားများသည် မည်သည့် မုန့်အမျိုးအစားကို ဝယ်ယူစားသုံးကြကြောင်း သိရှိလိုသည်။
- သုတေသီအဖွဲ့တစ်ဖွဲ့က အလှမယ်/အလှမောင် ပြိုင်ပွဲဝင်များအကြား ဆင်တူညီချက်များနှင့် ကွဲပြားခြားနားချက်များကို စူးစမ်းလေ့လာလိုသည်။
- သုတေသီတစ်ဦးက စိုက်ပျိုးရေး လုပ်သားများ အတွက် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအကြောင်း သိရှိလိုသည်။

၂။ တစ်တန်းလုံးအနေဖြင့် ကျောင်းသားများက အခြေအနေပြ ဖြစ်ရပ်တစ်ခုချင်းစီတွင် စောင့်ကြည့်လေ့လာခြင်း (သို့) ကိုယ်တိုင်ပါဝင်လုပ်ဆောင်သည့် စောင့်ကြည့် လေ့လာခြင်းက ပိုမိုကောင်းမွန်မှု ရှိ/မရှိ ဆွေးနွေးရမည်။

# ၇.၂ ကွင်းဆင်းမှတ်စုတိုများ

## အကြံပြုလေ့လာချက်

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၂။ – စိတ်ထဲတွင် အကြိမ်ကြိမ် ပြန်လည်ရွတ်ဆိုပါ။
– ထိုအကြောင်းကို တစ်စုံတစ်ယောက်အား ပြောကြားပါ။
– နောက်ပိုင်းတွင် ပြန်လည်မှတ်မိစေရန်အတွက် မှတ်စုတို ရေးသားထားပါ။
– ဖုန်းဖြင့် အသံသွင်းထားပါ။

## လုပ်ငန်းစဉ် – စောင့်ကြည့်လေ့လာခြင်းများအတွက် အကြံပြုချက်များ

၁။ တစ်ဦးချင်းစီ သို့မဟုတ် နှစ်ယောက်တစ်တွဲ သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက အကြံပြုချက်များကို စောင့်ကြည့်လေ့လာခြင်း မလုပ်ဆောင်မီ၊ လုပ်ဆောင်နေစဉ် အတွင်းနှင့် လုပ်ဆောင်ပြီးနောက် စသည့် အမျိုးအစား (၃) မျိုးအဖြစ် ခွဲခြားဖော်ထုတ်ရမည်။

**အဖြေများ**

**စောင့်ကြည့်လေ့လာခြင်း မလုပ်မီ** – က၊ ခ၊ စ၊ ဇ

**စောင့်ကြည့်လေ့လာနေစဉ်အတွင်း** – ဃ၊ စ၊ ဇ

**စောင့်ကြည့်လေ့လာပြီးနောက်** – ဂ၊ ဃ၊ င၊ ဆ၊ ဈ

၂။ အဖွဲ့ငယ်များဖြင့် ကျောင်းသားများက စာရင်းတစ်ခုချင်းစီ အတွက် အခြားသောအကြံပြုချက်များကို ပေါင်းထည့်ရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

**စောင့်ကြည့်လေ့လာခြင်း မလုပ်မီ** – စောင့်ကြည့်လေ့လာရန် အသုံးဝင်သည့် နေရာတစ်ခု ရှာဖွေပါ။

**စောင့်ကြည့်လေ့လာနေစဉ်အတွင်း** – သင်၏ သုတေသန ခေါင်းစဉ်နှင့် အနီးစပ်ဆုံး ဆက်နွယ်မှုရှိသည့် အရာများကို အာရုံစိုက်ပါ။

**စောင့်ကြည့်လေ့လာပြီးနောက်** – အသံသွင်းထားသော စောင့်ကြည့်လေ့လာခြင်း မှတ်စုများအားလုံးကို နားထောင်ပါ။

- ဆန္ဒရှိပါက သင်ပုန်းပေါ်တွင် တစ်တန်းလုံးအနေဖြင့် စာရင်းပြုစုထားပါ။

## လုပ်ငန်းစဉ် – ဘေးပတ်ဝန်းကျင်ကို စောင့်ကြည့်လေ့လာပါ

> မှတ်ချက် – ကျောင်းသားများက စောင့်ကြည့်လေ့လာခြင်း နည်းလမ်းတစ်ခုကို ရွေးချယ်ရန် အခက်တွေ့နေပါက ဤလုပ်ငန်း၏အစတွင် စောင့်ကြည့်လေ့လာခြင်း လုပ်ဆောင်နိုင်မည့် မတူကွဲပြားသော နည်းလမ်းများကို ပြန်လည်အသိပေးပါ။

၁။ တစ်ဦးချင်းစီ သို့မဟုတ် နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက ၎င်းတို့အနီးအနား၊ ၎င်းတို့၏ အိမ်နီးနားချင်း သို့မဟုတ် စာသင်ခန်းတစ်ဝိုက်တွင် စောင့်ကြည့်လေ့လာနိုင်သည့် ခေါင်းစဉ်တစ်ခုခုကို ရွေးချယ်ပါ။

- ၎င်းတို့ စောင့်ကြည့်လေ့လာမည့်အရာများနှင့် စောင့်ကြည့်မည့် နည်းလမ်းများကို ဆုံးဖြတ်ရမည်။ ဥပမာ –
  - တစ်ချိန်တည်းတွင် စောင့်ကြည့်လေ့လာပြီး မှတ်စုများရေးမှတ်ပါ။ သို့မဟုတ်
  - စောင့်ကြည့်လေ့လာပြီး နောက်မှ မှတ်စုရေးမှတ်ပါ။ သို့မဟုတ်
  - လုပ်ငန်းတွင် ကိုယ်တိုင်ပါဝင်ပြီး ထိုအကြောင်းကို ရေးသားပါ။ သို့မဟုတ်
  - ပြင်ဆင်ဖွဲ့စည်းထားသည့် လူတွေ့မေးမြန်းခြင်းတစ်ခုရှိ မေးခွန်းများစာရင်းနှင့် တူညီသည့် စောင့်ကြည့် လေ့လာခြင်း စံနှုန်းများစာရင်းတစ်ခုကို လိုက်နာကျင့်သုံးပါ – အစရှိသဖြင့်။

၂။ ၎င်းတို့၏ စောင့်ကြည့်လေ့လာခြင်းကို ဆောင်ရွက်ပြီး မှတ်စုများကို ရေးသားရမည်။

၃။ တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များအနေဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

၄။ ပထမဦးဆုံးအနေဖြင့် သူမက ကျောင်းသားများကို စောင့်ကြည့်လေ့လာခဲ့သည့်အတွက် ၎င်းတို့ကို မည်သည့် အပြုအမူများအကြောင်း မေးမြန်းရမည်ကို သိရှိခဲ့ ပါသည်။ ထို့နောက် သူမစောင့်ကြည့်လေ့လာခဲ့သည့် အကြောင်းအရာများနှင့် ပတ်သက်သည့် အခြားသော သတင်းအချက်အလက်များ ထပ်မံရရှိရန်အတွက် လူတွေ့မေးမြန်းခြင်းများကို အသုံးပြုခဲ့ပါသည်။ ဤသုတေသနတွင် နိုင်ငံတကာကျောင်းသားများကို ၎င်းတို့ ပြုမူနေထိုင်သည့်ပုံစံ၏ နောက်ကွယ်မှ အကြောင်းရင်းများနှင့် ထိုသို့ ပြုမူနေထိုင်ခြင်းဖြင့် ၎င်းတို့၏ အခြားသော ဘဝ နေထိုင်မှုပုံစံကို မည်သို့ သက်ရောက်ကြောင်း မေးမြန်းရန် အတွက် လူတွေ့မေးမြန်းခြင်းကို အသုံးပြုခဲ့ပါသည်။

## ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများက ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုရမည်။
- ထို့နောက် မေးခွန်းများကို ဖြေဆိုရမည်။

**အဖြေများ**

၁။ ချင်းမိုင်တက္ကသိုလ်ရှိ နိုင်ငံတကာကျောင်းသားများ ရင်ဆိုင်ကြုံတွေ့ရသော စိန်ခေါ်မှုများနှင့် ၎င်းတို့ကို ဖြေရှင်းနိုင်မည့် နည်းဗျူဟာများ။

၂။ နိုင်ငံတကာကျောင်းသားများ ထိုင်သည့်နေရာ၊ စာသင်ခန်းနှင့် စားသောက်ဆိုင်တန်းအတွင်း ၎င်းတို့ စကားပြောသူများ။

၃။ ဟုတ်ပါသည်။ တစ်ခါတစ်ရံတွင် နေ့လည်စာအတွက် အဆိုပါကျောင်းသားများနှင့် ယှဉ်တွဲစားသောက်ခြင်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

## သင်တို့၏ သုတေသနစီမံကိန်း – စောင့်ကြည့်လေ့လာခြင်းများ

**မှတ်ချက် –** ဤလုပ်ငန်းသည် ကျောင်းသားများကို သုတေသန စီမံကိန်းတစ်ခုအား အစမှအဆုံးထိ ပြင်ဆင် ဖန်တီးပြီး လက်တွေ့လုပ်ဆောင်စေရန် ဒီဇိုင်းရေးဆွဲထားသည့် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်း ၁၆ ခုထဲမှ ၁၂ ခု မြောက် ဖြစ်သည်။
၎င်းသည် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်းများ အားလုံးအတွက် ခေါင်းစဉ်တစ်ခုတည်းကိုသာ တောက်လျှောက်အသုံးပြုသွားမည် ဆိုပါက ထိရောက်မှု ရှိနိုင်ပါသည်။ သို့သော် ကျောင်းသားများက ၎င်းလုပ်ငန်းများကို လုပ်ဆောင်နေချိန်တွင် ၎င်းတို့ ရွေးချယ်ထားသော ယခင်သုတေသနခေါင်းစဉ်များ သို့မဟုတ် မေးခွန်းများသည် လက်တွေ့ကျမှု မရှိတော့ခြင်း၊ စိတ်ဝင်စားမှုမရှိခြင်း သို့မဟုတ် အသုံးဝင်မှုမရှိခြင်းတို့ကို တွေ့မြင်လာနိုင်သည် (သို့) အခြားခေါင်းစဉ် သို့မဟုတ် မေးခွန်းကို ပိုမိုစိတ်ဝင်စားလာနိုင်ပါသည်။

၁။ ကျောင်းသားများက ၎င်းတို့၏ သုတေသန မေးခွန်းအတွက် စောင့်ကြည့်လေ့လာခြင်းသည် သင့်လျော်မှု ရှိ/မရှိ ဆုံးဖြတ်ရမည်။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက စောင့်ကြည့် လေ့လာခြင်းသည် ၎င်းတို့၏ သုတေသန စီမံကိန်းများတွင် မည်သို့ အသုံးချသွားနိုင်ကြောင်း ဆွေးနွေးရမည်။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ – စောင့်ကြည့်လေ့လာနေသည့် တစ်ချိန်တည်းတွင် မှတ်စုရေးမှတ်နိုင်ခြင်း။
– ဖြစ်ပျက်မှုများပြားနေသည့်အတွက် အရေးကြီးသည့်အရာများကို လစ်ဟာသွားခြင်း။
– စောင့်ကြည့်လေ့လာပြီးမှ မှတ်စုရေးသားသည့်အခါတွင် ဖြစ်ပျက်ခဲ့သည့်အရာများကို ပြန်လည်မှတ်မိနေခြင်း။
– လူများ၏ အပြုအမူများအပေါ် သက်ရောက်မှုရှိနိုင်ခြင်း သို့မဟုတ် စောင့်ကြည့်ခံနေရသည့်အတွက် ပါဝင်သူများက စိတ်လက်ပေါ့ပါးမှုမရှိခြင်း။

# အခန်း ၈ –
# အရေအတွက်စံပြု ဒေတာများကို ခွဲခြမ်းစိတ်ဖြာခြင်း

# ၈.၁ အရေအတွက်စံပြု ဒေတာများ

အကြိုလေ့လာချက်

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ နံပါတ်များ၊ ရေတွက်ခြင်း၊ သချာ်၊ နံပါတ်များကို ဇယားထဲတွင် ရေးထည့်ခြင်း၊ ကိန်းဂဏန်း အချက်အလက်များ၊ ကားချပ်များ ရေးဆွဲခြင်း။

၂။ (က) ရောင်းချခဲ့သော သို့မဟုတ် စားသုံးခဲ့သော မတူခြားနားသည့် အစားအစာ အရေအတွက်များ

(ခ) တစ်နေ့တာအတွင်း လာရောက်စားသုံးသူ အရေအတွက်

– တစ်နေ့တာအတွင်း ရောင်းချသော စားသောက်ပွဲ အရေအတွက်

## လေ့ကျင့်ခန်း

- ကျောင်းသားများက အဆင့်များ (၁–၃) ကို လုပ်ငန်းများ (က–စ) တို့ဖြင့် တွဲစပ်ရမည်။

**အဖြေများ**

၁။ ဃ၊ စ

၂။ က၊ ခ

၃။ ဂ၊ င

**မှတ်ချက် –** ကိန်းဂဏန်းဒေတာနှင့် အမျိုးအစားဆိုင်ရာ ဒေတာများအကြား ခြားနားချက်မှာ ကိန်းဂဏန်း ဒေတာများသည် နံပါတ်များဖြစ်ပြီး အမျိုးအစားဆိုင်ရာ ဒေတာများမှာ စကားလုံးဖြစ်ကြသည်။ အချို့နံပါတ်များ ပါဝင်သော ဒေတာသည် ကိန်းဂဏန်းဒေတာများ အမြဲတမ်း မဟုတ်ကြချေ။ အဘယ်ကြောင့်ဆိုသော် နံပါတ်များ ပါဝင်သော်လည်း ကိန်းဂဏန်း အဓိပ္ပာယ်မရှိသည့် ဒေတာအချို့ ရှိနေသည့်အတွက်ဖြစ်သည်။ ဥပမာ – ဖုန်းနံပါတ်။ ဖုန်းနံပါတ်များကို စုပေါင်းပြီး ပေါင်းခြင်း၊ နှုတ်ခြင်း (သို့) တွက်ချက်ခြင်းဖြင့် အသုံးဝင်သော သို့မဟုတ် ကိန်းဂဏန်းဆန်သော အဓိပ္ပာယ်များ ထွက်ပေါ်လာ လိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် ဖုန်းနံပါတ်များ (လမ်း၊ အိမ်နံပါတ်များ) သည် နံပါတ်များဖြစ်သော်လည်း ၎င်းတို့သည် အမျိုးအစားဆိုင်ရာ ဒေတာများဖြစ်ကြသည်။

အောက်ပါလေ့ကျင့်ခန်းထဲရှိ စာသားများထဲမှ ဥပမာနှင့် **'ဆ'** နှင့် **'ဇ'** တို့သည် ကိန်းဂဏန်းများပါဝင်သော အမျိုးအစားဆိုင်ရာ ဒေတာများဖြစ်ကြသည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက မေးခွန်းများနှင့် အဖြေများသည် ကိန်းဂဏန်းဒေတာ သို့မဟုတ် အမျိုးအစားဆိုင်ရာ ဒေတာများ ဟုတ်/မဟုတ် ဆုံးဖြတ်ရမည်။

**၁။ အဖြေများ**

(က) ကိန်းဂဏန်းဆိုင်ရာဒေတာ

(ခ) ကိန်းဂဏန်းဆိုင်ရာဒေတာ

(ဂ) အမျိုးအစားဆိုင်ရာဒေတာ

(ဃ) အမျိုးအစားဆိုင်ရာဒေတာ

**၂။ အဖြေများ**

(က) ကိန်းဂဏန်းဆိုင်ရာဒေတာ

(ခ) ကိန်းဂဏန်းဆိုင်ရာဒေတာ

(ဂ) အမျိုးအစားဆိုင်ရာဒေတာ

(ဃ) အမျိုးအစားဆိုင်ရာဒေတာ

(င) ကိန်းဂဏန်းဆိုင်ရာဒေတာ

(စ) ကိန်းဂဏန်းဆိုင်ရာဒေတာ

(ဆ) အမျိုးအစားဆိုင်ရာဒေတာ

(ဇ) အမျိုးအစားဆိုင်ရာဒေတာ

## လေ့ကျင့်ခန်း

- ကျောင်းသားများက ဖြေကြားချက်များကို သင်္ကေတရေးသားပြီး ဇယားတစ်ခုထဲတွင် ဖြည့်စွက်ရမည်။

**အဖြေများ**

| | မေး ၁ | မေး ၂ | မေး ၃ | မေး ၄ |
|---|---|---|---|---|
| ပါဝင်ဖြေကြားသူ ၂ | ၃ | ၃ | ၂ | ၂ |
| ပါဝင်ဖြေကြားသူ ၃ | ၃ | ၆ | ၂ | ၁ |
| ပါဝင်ဖြေကြားသူ ၄ | ၂ | ၇ | ၁ | ၁ |

## လုပ်ငန်းစဉ် – ဒေတာမှတ်တမ်းများဖြင့် ပြဿနာဖြေရှင်းခြင်း

၁။ နှစ်ယောက်တစ်တွဲစီ သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက ဒေတာဇယားတစ်ခုကို ဒီဇိုင်းရေးဆွဲရမည်။

**မှတ်ချက် –** အချို့အဖွဲ့များအနေဖြင့် အသက်အရွယ် အပိုင်းအခြားကို ၎င်းတို့၏ ဒေတာဇယားထဲတွင် ဖြည့်စွက်သည့်အခါတွင် အကြံပေးရန် လိုအပ်သည့်အတွက် နှစ်ယောက်တစ်တွဲ (သို့) အဖွဲ့ငယ်များဖြင့် စစ်ဆေးပေးပါ – ဖြစ်နိုင်ခြေရှိသော အဖြေများကို ဥပမာတစ်ခုအနေဖြင့် ကြည့်ပါ။ (ဥပမာ – <၂၀၊ ၂၁–၃၀၊ ၃၁–၄၀.....၊ စသဖြင့်။)

### ဖြစ်နိုင်ခြေရှိသော အဖြေ

| <၂၀ | ၂၁–၃၀ | ၃၁–၄၀ | ၄၁–၅၀ | ၅၁–၆၀ | ၆၁–၇၀ | ၇၁–၈၀ | >၈၀ |
|---|---|---|---|---|---|---|---|
| ၃ | ၄ | ၃ | ၂ | ၂ | ၁ | ၃ | ၁ |

၂။ အဖွဲ့များက အခြေအနေကို ဆွေးနွေးပြီး ဖြစ်နိုင်ခြေရှိသော ဖြေရှင်းချက်များကို ခွဲခြားဖော်ထုတ်ရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေ

ဒေတာဇယားထဲတွင် 'မဖြေဆိုလိုပါ' ဟူသော ရွေးချယ်စရာ နှင့် 'အခြားသာသနာရေး' ဟူသော ရွေးချယ်စရာတို့ကို ထည့်သွင်းပေးပါ။

| ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
|---|---|---|---|---|---|---|---|
| ၃ | ၈ | ၂ | ၂ | ၁ | ၁ | ၂ | ၁ |

၀ – မဖြေဆိုလိုပါ

၁ – ဗုဒ္ဓဘာသာ

၂ – မူစလင်

၃ – ခရစ်ယာန်

၄ – ဟိန္ဒူ

၅ – တောတောင်ရေမြေ အစရှိသည်တို့ကို ကိုးကွယ်သူ

၆ – ဘာသာမဲ့

၇ – အခြားသော ကိုးကွယ်သည့်ဘာသာ

ထို့နောက် သုတေသန အစီရင်ခံစာတမ်း (အခန်း ၁၀ တွင် ကြည့်ပါ) ၏ ခွဲခြမ်းစိတ်စစ်ချက်နှင့် (သို့) ဆွေးနွေးချက်ရှိ 'အခြားသော ကိုးကွယ်သည့်ဘာသာ' မည်သည့် အမျိုးအစားများ ပါဝင်ကြောင်း ရှင်းပြပါ။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေ

ကိန်းဂဏန်းဆိုင်ရာဒေတာများကို ပိုမိုအဆင့်မြင့်သော ကိန်းဂဏန်းဆိုင်ရာ ခွဲခြမ်းစိတ်စစ်ခြင်း နည်းလမ်းများဖြင့် ခွဲခြမ်းစိတ်စစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းဒေတာများသည် ကိန်းဂဏန်းအသွင် ရှိနေနှင့်ပြီးသား ဖြစ်သည့်အတွက်ကြောင့်ဖြစ်သည်။ အမျိုးအစားဆိုင်ရာ ဒေတာများကို နံပါတ်တန်ဖိုးများပေးရန် အရင်လိုအပ်ပါသည်။

အမျိုးအစားဆိုင်ရာ ဒေတာများကို အစုအဖွဲ့များ သို့မဟုတ် အမျိုးအစားများအဖြစ် အုပ်စုဖွဲ့နိုင်ပြီး ၎င်းတို့သည် အဆိုပါအစုအဖွဲ့၏ အရွယ်အစား သို့မဟုတ် တစ်ခုနှင့် တစ်ခု ဆက်နွှယ်နေသည့် အမျိုးအစားများဆိုင်ရာ အချက်အလက်များ ဖော်ပြပေးနိုင်ပါသည်။

# ၈.၂ ရှင်းလင်းဖော်ပြပေးသော ကိန်းဂဏန်း အချက်အလက်များ

## အကြိုလေ့လာချက်

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**မှတ်ချက် –** လိုအပ်ပါက ဇယား၏ ဘယ်ဘက်ကော်လံသည် ဖြစ်နိုင်ခြေရှိသော မွေးချင်းမောင်နှမ အရေအတွက်ဖြစ်ကြောင်း (ဒေတာများပေါ် အခြေခံ၍) ရှင်းပြပါ။ ညာဘက်ခြမ်းရှိ ကော်လံသည် အဆိုပါ မောင်နှမအရေအတွက်ရှိသည့် ကျောင်းသားအရေအတွက်ဖြစ်ကြောင်း ရှင်းပြပါ။ (ဥပမာ – ကျောင်းသားနှစ်ဦးတွင် မွေးချင်းမောင်နှမ မရှိကြဘဲ၊ ကျောင်းသား ၇ ဦးတွင် မွေးချင်းမောင်နှမ ၂ ဦးစီရှိကြသည် အစရှိသဖြင့်။)

### အဖြေများ

၁။ ၂

၂။ ၄

၃။ ဤဇယားတွင် မတူခြားနားသော တန်ဖိုးများ အကြိမ်မည်မျှ ပေါ်ထွက်လာကြောင်း ဖော်ပြခြင်းဖြင့် ဒေတာများကို အနှစ်ချုပ်ထားပါသည်။ စာမျက်နှာ ၁၁၂ ရှိ ဇယားတွင် ပါဝင်ဖြေကြားသူတစ်ဦးချင်းထံမှ ဖြေကြားချက်တစ်ခုချင်းစီ အတွက် တန်ဖိုးများပါဝင်သည်။

**မှတ်ချက် –** ပျမ်းမျှကိန်း၊ အလယ်ကိန်းနှင့် ကြိမ်များကိန်း တို့ကို ဒေတာအစုတစ်စုအတွင်းရှိ ဗဟိုတန်ဖိုးများကို တွက်ချက်ရန် အသုံးပြုပါသည်။

ပျမ်းမျှကိန်းသည် ရလဒ်များကို ပြောင်းလဲနိုင်သော တန်ဖိုးကြီး (သို့) တန်ဖိုးငယ်ကိန်းများမရှိသည့် ကိန်းဂဏန်းဒေတာများ အတွက် ပျမ်းမျှကိန်းတွက်ချက်ရာတွင် အသုံးဝင်ဆုံးဖြစ်သည်။ ဥပမာ – သင်၏ ရပ်ရွာအတွင်းရှိ လူများ၏ တစ်ပတ်စာ ပျမ်းမျှဝင်ငွေကို သိရှိလိုပြီး လူတိုင်းက ဆင်တူညီသော ပမာဏရရှိသည်ဆိုပါက ပျမ်းမျှကိန်းကို အသုံးပြုပြီး ဗဟိုတန်ဖိုးကို တွက်ချက်နိုင်ပါသည်။

အလယ်ကိန်းသည် ကျန်ရှိသော ဒေတာအစုအဖွဲ့နှင့် နှိုင်းယှဉ်လျှင် ဗဟိုတန်ဖိုးကို ပြောင်းလဲနိုင်သည့် အလွန်ကြီးမားသော (သို့) အလွန်သေးငယ်သော နံပါတ်များ ပါဝင်သည့် ကိန်းဂဏန်းဒေတာများအတွက် အသုံးပြုပါသည်။ ဥပမာ – သင်၏ ရပ်ရွာအတွင်းရှိ လူများ၏ တစ်ပတ်စာ ပျမ်းမျှဝင်ငွေကို သိရှိလိုပြီး လူတစ်ဦးက အခြားလူများထက် များစွာဝင်ငွေရရှိနေပါက အလယ်ကိန်းကိုအသုံးပြုပါသည်။ အလယ်ကိန်း ဝင်ငွေတန်ဖိုးသည် ပိုမိုများပြားနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူအများက ဝင်ငွေနည်းပါးသည့် အခါတွင် လူတစ်ဦးက ဝင်ငွေမြင့်မားနေသည့်အတွက်ကြောင့် ဖြစ်သည်။ အလယ်ကိန်း (အလယ်တန်ဖိုး) သည် လူအများ ရရှိသည့် ဝင်ငွေနှင့် နီးစပ်ပါလိမ့်မည်။

ကြိမ်များကိန်းသည် ကျား/မ၊ အလုပ်အကိုင် သို့မဟုတ် လူများနေထိုင်သည့် မြို့နယ်များကဲ့သို့သော အမျိုးအစား ဆိုင်ရာ (ကိန်းဂဏန်းမဟုတ်သော) ဒေတာများအတွက် အသုံးဝင်ဆုံးဖြစ်သည်။ ဥပမာ – သင့်ရပ်ရွာထဲရှိ လူများကို မည်သည့်အလုပ်အကိုင် လုပ်ဆောင်ကြကြောင်း မေးမြန်းကြည့်လျှင် လူအများက လုပ်ဆောင်သည့် အလုပ်အကိုင်သည် ကြိမ်များကိန်း ဖြစ်ပါလိမ့်မည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက အင်္ဂလိပ်စာ စာသင်ခန်း ကျောင်းသားများ၏ မွေးချင်းမောင်နှမ ကိန်းဂဏန်းများမှ ပျမ်းမျှကိန်း၊ အလယ်ကိန်းနှင့် ကြိမ်များကိန်းတို့ကို တွက်ချက်ရမည်။
- အဖြေများကို မေးမြန်းပြီးသည့်အခါတွင် အချို့ ကျောင်းသားများကို ၎င်းတို့၏ တွက်ချက်ပုံအား သင်ပုန်းပေါ်တွင် လက်တွေ့တွက်ချက်ပြခိုင်းပါ။

**အဖြေများ**

**ပျမ်းမျှကိန်း –** ၀ + ၀ + ၁ + ၁ + ၁ + ၁ + ၁ + ၂ + ၂ + ၂ + ၂ + ၂ + ၂ + ၂ + ၃ + ၃ + ၃ + ၃ + ၅ + ၅ + ၅ = ၄၅

၄၅/ ၂၀ = ၂.၂၅

**အလယ်ကိန်း –** ၀၊ ၁၊ ၁၊ ၁၊ ၁၊ ၂၊ ၂၊ ၂၊ ၂၊ ၂၊ ၂၊ ၂၊ ၃၊ ၃၊ ၃၊ ၃၊ ၅၊ ၅၊ ၅ = ၂

**မှတ်ချက် –** ဖြေကြားချက်များသည် စုံဂဏန်းဖြစ်နေပါက (၂၀) အလယ်ကိန်းတွက်ချက်ရန် (၂ ဖြစ်သည်) အတွက် အလယ်ကိန်းများ၏ ပျမ်းမျှတန်ဖိုး (၁၀ ကြိမ်နှင့် ၁၁ ကြိမ်မြောက်) တို့ကို ရယူပါ။

**ကြိမ်များကိန်း –** ၀၊ ၀၊ ၁၊ ၁၊ ၁၊ ၁၊ ၂၊ ၂၊ ၂၊ ၂၊ ၂၊ ၂၊ ၂၊ ၃၊ ၃၊ ၃၊ ၃၊ ၅၊ ၅၊ ၅ = ၂

## လုပ်ငန်းစဉ် – ဒေတာများကို ခွဲခြမ်းစိတ်ဖြာပြီး ဒေတာဇယားတစ်ခု ဖန်တီးရေးဆွဲပါ

၁။ တစ်ဦးချင်းစီအနေဖြင့် ကျောင်းသားများက ဒေတာဇယားကို ကြည့်ရှုပြီး မေးခွန်းများကို ဖြေဆိုရမည်။

**အဖြေများ**

(က) ၃၄.၁၂၅

(ခ) ၂ နာရီ/ ၁၂၀ မိနစ်

(ဂ) အသက် ၃၅ နှစ်အောက် လူများအတွက် အားကစားသည် ပိုမိုကျော်ကြားပါသည် (ဖြေကြားသူ ၃ဦးက အားကစားဟုဖြေကြားပြီး တစ်ဦးကသာလျှင် စာဖတ်ခြင်းဟု ဖြေကြားခဲ့သည်။) အသက် ၃၅ နှစ် အထက် လူများအတွက် စာဖတ်ခြင်းသည် ပိုမို လူကြိုက်များပါသည် (ဖြေကြားသူ ၃ ဦးက စာဖတ်ခြင်းဟု ဖြေကြားပြီး တစ်ဦးကသာလျှင် အားကစားဟု ဖြေကြားခဲ့ပါသည်။)

၂။ နှစ်ယောက်တစ်တွဲစီ သို့မဟုတ် အဖွဲ့ငယ်များဖြင့် ဒေတာဇယားနောက်တစ်ခုကို ထပ်မံရေးဆွဲဖန်တီးရမည်။

- ကျောင်းသားများက လူ ၈ ဦးကို လူတွေ့မေးမြန်းရမည် ဖြစ်ပြီး မေးခွန်းများကို တစ်ပုံစံတည်း မေးမြန်းရမည်။
- ၎င်းတို့၏ ဒေတာများကို ဒေတာဇယားထဲတွင် ဖြည့်စွက်ရမည်။

၃။ ရလဒ်များကို ဆွေးနွေးပါ။

(က) ဒေတာများတွင် လူကြီးများသည် လွတ်လပ်မှု ပိုမိုရရှိကြောင်း သို့မဟုတ် နည်းပါးကြောင်းကဲ့သို့သော နမူနာပုံစံများကို ဖော်ပြနေပါသလား။

(ခ) ဒေတာများတွင် အသက်အရွယ်နှင့် အားကစား (သို့) စာဖတ်ခြင်း ကြိုက်နှစ်သက်မှု နမူနာတို့ကို ယှဉ်တွဲ ဖော်ပြထားပါသလား။

- ဆန္ဒရှိပါက ရလဒ်များအားလုံးကို အတန်းလိုက် ဆောင်ရွက်သော ဒေတာဇယားတစ်ခုအဖြစ် ပေါင်းစည်းပါ။

၄။ ဤအချက်အလက်များကို မည်သူများက အသုံးပြုမည် ဖြစ်ကြောင်းနှင့် မည်သည့်အတွက် အသုံးပြုရခြင်းဖြစ်ကြောင်း ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- ကြော်ငြာသူများက အားကစားပစ္စည်းများ သို့မဟုတ် စာအုပ်များ၊ သတင်းစာများ၊ မဂ္ဂဇင်းများကို တိကျသော အသက်အရွယ် အုပ်စုတစ်စုစုအား ရောင်းချရန် အသုံးပြုနိုင်ပါသည်။
- အများပြည်သူဆိုင်ရာ လှုံ့ဆော်မှုများက လူငယ်များ သို့မဟုတ် သက်ကြီးပိုင်းများကို အားကစား ပိုမိုလုပ်ဆောင်ရန် တိုက်တွန်းလိုသည့်အခါတွင် ဤဒေတာများကို အသုံးပြုနိုင်ပါသည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက ဒေတာအစုအဖွဲ့များကို ကြည့်ရှုပြီး ကြိမ်နှုန်းများကို ဖတ်ရှုရမည်။
- ၎င်းတို့က ကြိမ်နှုန်းပြဇယားထဲရှိ အမှားနှစ်ခုကို ခွဲခြားဖော်ထုတ်ပြီး မှန်ကန်အောင် ပြင်ဆင်ပေးရမည်။

**အဖြေများ**

– လူ ၄ ဦးက ရမှတ် ၄၀၁–၅၀၀ ကို ရရှိကြသည်။ (၆ ဦးမဟုတ်ပါ)

– လူ ၃ ဦးက ဓာတုဗေဒဘာသာရပ်သည် ၎င်းတို့၏ အကြိုက်နှစ်သက်ဆုံး ဘာသာရပ်ဟု ဖြေကြားခဲ့သည်။ (၂ ဦးမဟုတ်ပါ)

## လုပ်ငန်းစဉ် – ကြိမ်နှုန်းပြဇယား

၁။ ကျောင်းသားများက ဥပမာပေးထားသော စာသင်ခန်းမှ ကျောင်းသားများ၏ အသက်အရွယ်ဆိုင်ရာ ကြိမ်နှုန်းပြဇယားကို ကြည့်ရှုရမည်။

- တစ်တန်းလုံးအနေဖြင့် ဆင်တူညီမှုရှိသော သင်တို့၏ စာသင်ခန်းမှ ကျောင်းသားများ၏ အသက်အရွယ်ဆိုင်ရာ ကြိမ်နှုန်းပြဇယားတစ်ခုကို ရေးဆွဲပါ။

၂။ သင်တို့၏ စာသင်ခန်းနှင့် ဥပမာ စာသင်ခန်းတို့၏ ကြိမ်နှုန်းပြဇယားများကို နှိုင်းယှဉ်ပါ။

- ကျောင်းသားများက ဥပမာစာသင်ခန်းနှင့် ၎င်းတို့၏ စာသင်ခန်းမှ ကျောင်းသားများ၏ အသက်အရွယ်များကို နှိုင်းယှဉ်ခွဲခြားကြည့်ပြီး ပြောပြနိုင်သည့် အကြောင်းအရာများကို ဝါကျရေးဖွဲ့၍ စာရင်းတစ်ခု ပြုစုရမည်။ ဥပမာ –
  - ‘ဥပမာစာသင်ခန်းတွင် ကျွန်ုပ်တို့၏အခန်းနှင့် နှိုင်းစာလျှင် ပျမ်းမျှကိန်းအရ အသက်အရွယ် ပိုမိုကြီးရင့်ပါသည်။’
  - ‘ဥပမာစာသင်ခန်းတွင် အသက် ၁၆–၂၀ အတွင်းရှိသည့် ကျောင်းသားများသည် ကျွန်ုပ်တို့၏အခန်းနှင့် နှိုင်းစာလျှင် ပိုမိုနည်းပါးပါသည်။’

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေ**

- အမျိုးအစားဆိုင်ရာ ဒေတာများသည် ပိုမိုလွယ်ကူနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းဒေတာများကို သင်္ကေတ သတ်မှတ်လိုက်သည့်အခါတွင် ခွဲခြမ်းစိစစ်ရန် နံပါတ်အနည်းငယ်သာ ရှိ၍ဖြစ်သည်။ (လိုအပ်ပါက စာမျက်နှာ ၁၁၀–၁၁၂ ရှိ သင်္ကေတရေးသားသတ်မှတ်ခြင်းအကြောင်း ကျောင်းသားများကို ပြန်လည်သတိပေးပါ။)
- အမျိုးအစားဆိုင်ရာ ဒေတာများသည် နားလည်ရ ပိုမိုလွယ်ကူပါသည်။ အထူးသဖြင့် ရိုးရှင်းသော အမျိုးအစားများ ရှိနေသည့်အခါတွင်ဖြစ်သည်။ ဥပမာ – အကြိုက်နှစ်သက်ဆုံး အစားအစာများ။
- ကိန်းဂဏန်းဒေတာများသည် ပိုမိုလွယ်ကူနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကိန်းဂဏန်းအချက်အလက်ဆိုင်ရာ ခွဲခြမ်းစိစစ်ခြင်း မပြုလုပ်မီ သင်္ကေတရေးသားသတ်မှတ်ခြင်းကို အရင်လုပ်ဆောင်ရန် မလိုအပ်သည့်အတွက်ဖြစ်သည်။
- ကိန်းဂဏန်းဆိုင်ရာ ဒေတာများဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဒေတာများကို ခွဲခြမ်းစိစစ်ရန် နည်းလမ်းများစွာ ရှိသည်အတွက်ကြောင့်ဖြစ်သည်။ (ဥပမာ – ပျမ်းမျှကိန်း၊ အလယ်ကိန်း သို့မဟုတ် ကြိမ်များကိန်း)။

# ၈.၃ အရေအတွက်စံပြု ဒေတာများကို မြင်နိုင်အောင် ပုံဖော်ခြင်း

**မှတ်ချက်** – ဤအခန်းငယ်တွင် ကျောင်းသားများက ဖော်ပြထားသော သို့မဟုတ် ကောက်ယူခဲ့သော ဒေတာများကို အသုံးပြုပြီး ဘားချပ်များ (bar charts) နှင့် စက်ဝိုင်းကားချပ်များ (pie charts) ရေးဆွဲခြင်းကို လေ့ကျင့်ရမည်။ ၎င်းကားချပ်များကို လက်ဖြင့်ရေးဆွဲနိုင်သည် သို့မဟုတ် Microsoft Excel ပရိုဂရမ်စသည့် ဆော့လ်ဝဲလ်များကို အသုံးပြု၍ လေ့ကျင့်နိုင်ပါသည်။

## အကြိုလေ့လာချက်

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**အဖြေများ**

၁။ က = ဘားချပ် (bar chart)၊ ခ = စက်ဝိုင်းကားချပ် (pie chart)

၂။ ၎င်းကားချပ်များကို ဒေတာဇယားတစ်ခုဖြင့် ကြည့်ခြင်းထက် ပိုမိုနားလည်ရန် လွယ်ကူနိုင်သည့် နည်းလမ်းတစ်ခုဖြင့် ဖော်ပြရာတွင် အသုံးပြုပါသည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက ထုတ်ပြန်ချက်များသည် မှန်ကန်ကြောင်း/ မှားယွင်းကြောင်း ဆုံးဖြတ်ရမည်။
- မှားယွင်းနေပါက မှန်ကန်သော ထုတ်ပြန်ချက်တစ်ခုအဖြစ် ပြောင်းလဲရေးသားရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ မှားပါသည် – ကော်ဖီဆိုင်သည် ဒီဇင်ဘာလတွင် အကျော်ကြားဆုံးဖြစ်သည်။

၂။ မှားပါသည် – လူအများက နှစ်တစ်နှစ်တာ၏ ဒုတိယပိုင်းတွင် လာရောက်လည်ပတ်မှု ပိုမိုများပြားခဲ့ပါသည်။

၃။ မှားပါသည် – လာရောက်ဝယ်ယူသူများသည် မေလနှင့် ဇွန်လတွင် လျော့ကျသွားပြီးနောက် ပြန်လည်များပြားလာခဲ့ပါသည်။


## လုပ်ငန်းစဉ် – ဘားချပ်တစ်ခု ဖန်တီးပါ

**မှတ်ချက် –** ကျောင်းသားများသည် အောက်တွင် ဖော်ပြထားသော ဥပမာ ဘားချပ်နှင့် ဆင်တူညီမှုရှိသော ကားချပ်များကို ရေးဆွဲနေခြင်း ရှိ/မရှိ စစ်ဆေးပါ။ ထို့အတူ ကျောင်းသားများကို ၎င်းတို့၏ စာအုပ်ထဲရှိ ရှေ့စာမျက်နှာမှ ဘားချပ်ဥပမာကို ကြည့်ရှုနိုင်ကြောင်း ပြန်လည်သတိပေးပါ။ ၎င်းတို့၏ ကားချပ်များတွင် ခေါင်းစဉ်တစ်ခု၊ X ဝင်ရိုး (တန်ဖိုးများ) နှင့် Y ဝင်ရိုး (ဖြေကြားချက် အရေအတွက်/ကြိမ်နှုန်း) တို့၏ အမည်များ ပါဝင်သင့်ပါသည်။ မေးခွန်း (၂) အတွက် ကားချပ်တွင် လက်စွဲ ကွန်ပျူတာနှင့် လက်ကိုင်ဖုန်းများဖြစ်သည့် ပစ္စည်းနှစ်မျိုး အတွက် ဘားချပ်များသည် နံပါတ် ၀–၅ တစ်ခုချင်းစီအတွက် မည်သို့ခြားနားကြောင်း (ပုံသဏ္ဌာန်နှင့် အရောင်များ) ဖော်ပြပေးသည့် အညွှန်းကိန်းတစ်ခု လိုအပ်ပါသည်။

၁။ ကျောင်းသားများက အိမ်ရှိလျှပ်စစ်ပစ္စည်းများ ကြိမ်နှုန်းပြဇယားမှ မေးခွန်း (၁) ကို ကြည့်ရှုရမည်။

- အထက်ပါဒေတာများကို အသုံးပြုပြီး အိမ်တွင်ရှိသော အိတ်ဆောင်ကွန်ပျူတာ အရေအတွက်ကို ဖော်ပြသည့် ဘားချပ်တစ်ခုကို ကျောင်းသားများက ရေးဆွဲရမည်။

**အဖြေ**




၂။ ကျောင်းသားများ အိမ်ရှိလျှပ်စစ်ပစ္စည်းများ ကြိမ်နှုန်းပြဇယားမှ မေးခွန်း (၂) ကို ကြည့်ရှုရမည်။

- အထက်ပါ ဒေတာများကို အသုံးပြုပြီး အိမ်တွင်ရှိသော အိတ်ဆောင်ကွန်ပျူတာနှင့် လက်ကိုင်ဖုန်း အရေအတွက်ကို ဖော်ပြသည့် ဘားချပ်တစ်ခုကို ကျောင်းသားများက ရေးဆွဲရမည်။

**မှတ်ချက် –** လိုအပ်ပါက X ဝင်ရိုးပေါ်ရှိ ဘားချပ်နှစ်ခုအတွက် (လူအရေအတွက်ကြိမ်နှုန်းနှင့် ဖုန်းရှိသည့်လူအရေအတွက် ကြိမ်နှုန်း) မတူခြားနားသည့် ပုံသဏ္ဌာန်၊ အရောင် (သို့) နမူနာပုံစံတို့ကို အသုံးပြုရန် အကြံပြုပေးပါ (အောက်တွင် ပေးထားသော ဘားချပ်ထဲရှိ မတူညီသည့် အပြာရောင် ဘားတိုင်များကိုကြည့်ပါ)။

**အဖြေ**



၃။ နှစ်ယောက်တစ်တွဲစီဖြင့် တွဲဖက်၏ ကားချပ်များကို အပြန်အလှန် စစ်ဆေးရမည်။

- ၎င်းတို့ တွဲဖက်၏ ကားချပ်ထဲတွင် ခေါင်းစဉ်တစ်ခု၊ တန်ဖိုးများ၊ X ဝင်ရိုးနှင့် Y ဝင်ရိုးကို မှန်ကန်စွာ အမည်ပေးထားခြင်းရှိ/မရှိနှင့် ကားချပ်ထဲတွင် ဒေတာများကို မှန်ကန်စွာ ဖော်ပြထားခြင်းရှိ/မရှိ စစ်ဆေးရမည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက မည်သည့် ထုတ်ပြန်ချက်များသည် မှန်ကန်ကြကြောင်း ခွဲခြားဖော်ထုတ်ရမည်။

**အဖြေ**

၂

## လေ့ကျင့်ခန်း


**မှတ်ချက် –** စက်ဝိုင်းကားချပ်တစ်ခုပေါ်တွင် မတူညီသည့် ဒေတာစုနှစ်မျိုးကို ဖော်ပြရန်ခက်ခဲပါသည်။ ထိုသို့ ခက်ခဲသည့်အတွက်ကြောင့် ကျောင်းသားများက မေးခွန်း (၂) (လက်ကိုင်ဖုန်းများ) ဒေတာများကိုသာ ဖော်ပြကြပါသည်။

၁။ ကျောင်းသားများက အိမ်ရှိလျှပ်စစ်ပစ္စည်းများ ကြိမ်နှုန်းပြဇယားမှ မေးခွန်း (၂) ပေါ် အခြေခံ၍ စက်ဝိုင်းကားချပ်တစ်ခု ရေးဆွဲရမည်။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက မိမိတို့ တွဲဖက်၏ ကားချပ်များကို စစ်ဆေးရမည်။

- တွဲဖက်၏ ကားချပ်တွင် ခေါင်းစဉ်တစ်ခု၊ တန်ဖိုးနှင့် မှန်ကန်သောဒေတာများ ထည့်သွင်းထားခြင်းရှိ/မရှိ စစ်ဆေးရမည်။

**အဖြေ**




## လုပ်ငန်းစဉ် – အရေအတွက်စံပြု ဒေတာများဖြင့် အတူလုပ်ကိုင်ခြင်း

- ကျောင်းသားများက စစ်တမ်းလွှာနှင့် မြန်မာနိုင်ငံရှိ သောက်သုံးရေ ပြဿနာဆိုင်ရာ ဒေတာဇယားကို ကြည့်ရှုရမည်။

၁။ တစ်ဦးချင်းစီ သို့မဟုတ် နှစ်ယောက်တစ်တွဲ သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဖြေဆိုရမည်။

**အဖြေများ**

(က) မေးခွန်း (၄) သည် ကိန်းဂဏန်းဆိုင်ရာ မေးခွန်းဖြစ်ပြီး မေးခွန်း ၁၊ ၂၊ ၃၊ ၅ နှင့် ၆ တို့သည် အမျိုးအစားဆိုင်ရာ ဒေတာများဖြစ်ကြသည်။

(ခ) ၂

(ဂ) ၂၅%

(ဃ) ဖူးများ

> **မှတ်ချက် –** အသက်အရွယ်များကို (မေးခွန်း ၁) နံပါတ်များ အဖြစ် ဖော်ပြခဲ့သော်လည်း ဤဥပမာတွင် ၎င်းတို့သည် အမျိုးအစားဆိုင်ရာ ဒေတာများဖြစ်ကြသည်။ အဘယ်ကြောင့် ဆိုသော် အသက်အရွယ်များကို မတူညီသည့် အမျိုးအစား ၅ ခု အဖြစ် ဖွဲ့စည်းသတ်မှတ်ထားသည့် အတွက်ကြောင့်ဖြစ်သည်။

၂။ ကျောင်းသားများက အစီရင်ခံစာတမ်းကို ဖတ်ရှုရမည်။

- ထို့နောက် ကွက်လပ်များတွင် သင့်တော်သော စကားလုံးများကို ဖြည့်စွက်ရမည်။

**အဖြေများ**

(က) ရှစ်

(ခ) စိစစ်ရွေးချယ်နမူနာ

(ဂ) ကိုးစားနိုင်စွမ်းရှိသည်

(ဃ) ၇၅%

(င) ကျေးလက်ဒေသ

၃။ ကျောင်းသားများက စာမျက်နှာ ၁၂၁ ရှိ ကားချပ် တစ်ခုချင်းစီတွင် မည်သည့်အရာများကို ဖော်ပြထားကြောင်း ဆုံးဖြတ်ရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

(က) ဘားချပ်တွင် ဒေသခံများ၏ သောက်သုံးရေ ရင်းမြစ်တည်နေရာများ၏ ကြိမ်နှုန်းများကို ဖော်ပြထားသည်။

(ခ) စက်ဝိုင်းကားချပ်တွင် သန့်ရှင်းသော သောက်သုံးရေ အလွယ်တကူရရှိသည့် (သို့မဟုတ်) မရရှိသည့် လူဦးရေ ရာခိုင်နှုန်းကို ဖော်ပြထားသည်။ ၎င်းကားချပ်တွင် လူဦးရေ၏ ၇၅% သည် နေ့စဉ်ဘဝတွင် သန့်ရှင်းသော သောက်သုံးရေကို မရရှိကြကြောင်း ဖော်ပြနေပါသည်။

၄။ ၁။ မရရှိပါ။

၂။ ရရှိသုံးစွဲနိုင်ပါသည်။

## လုပ်ငန်းစဉ် – အရေအတွက်စံပြုဒေတာများကို ကောက်ယူပြီး ခွဲခြမ်းစိတ်စစ်ပါ

**မှတ်ချက် –** ကျောင်းသားများက ရပ်ရွာလူထုထံမှ မတူခြားနားသော အဖြေများကို ရရှိနိုင်သည့်အတွက် သောက်သုံးရေ ပြဿနာဆိုင်ရာ ရပ်ရွာစစ်တမ်းကို အိမ်စာအဖြစ် တာဝန်ပေးလျှင် ပိုမိုလွယ်ကူနိုင်ပါသည်။

၁။ တစ်ဦးချင်းစီအလိုက် ကျောင်းသားများက သောက်သုံးရေ ပြဿနာဆိုင်ရာ ရပ်ရွာစစ်တမ်းကို လူ ၄ ဦးအား ဖြေဆိုရန် တောင်းဆိုပြီး ၎င်းတို့၏ အဖြေများကို မှတ်တမ်းတင်ထားရမည်။

- ၎င်းအဖြေများကို ဒေတာဇယားထဲတွင် ဖြည့်စွက်ရမည်။

၂။ နှစ်ယောက်တစ်တွဲစီ သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက ၎င်းတို့၏ ဒေတာများကို ပေါင်းစည်းရမည်။

- ၎င်းတို့က ဖြေကြားသူ ၈ ဦး၊ ၁၂ ဦး၊ ၁၆ ဦး (သို့) ၂၀ ဦး အတွက် ဒေတာဇယားရေးဆွဲ၍ ဒေတာများအားလုံးကို ဇယားထဲတွင် ဖြည့်စွက်ရမည်။

၃။ အဖွဲ့များက ၎င်းတို့၏ရလဒ်များကို ဘားချပ်တစ်ခုနှင့် စက်ဝိုင်းကားချပ်တစ်ခုတွင် ထည့်သွင်းဖော်ပြရမည်။

၄။ ၎င်းတို့၏ ကားချပ်များကို နံရံပေါ်တွင် ကပ်ထားရမည်။

- ထို့နောက် အခန်းတစ်ဝိုက် လမ်းလျှောက်ပြီး အခြား အဖွဲ့များ၏ ကားချပ်များကို ကြည့်ရှုရမည်။

**မှတ်ချက် –** Statistical Package for the Social Sciences (SPSS) ကွန်ပျူတာ ပရိုဂရမ်တွင်ရှိသော သတင်းအချက်အလက်များမှာ သင်ကြားရာတွင် ရွေးချယ်နိုင်သည့်အရာတစ်ခုဖြစ်ပါသည်။ ၎င်းပရိုဂရမ်ကို ဒေတာခွဲခြမ်းစိစစ်ရာတွင် အထောက်အကူအဖြစ် ပညာရေးနှင့် လူမှုရေးသိပ္ပံလေ့လာမှုတို့တွင် အသုံးပြုပါသည်။ ၎င်းပရိုဂရမ်ကို ပုံမှန်အားဖြင့် အတွေ့အကြုံရှိသော သုတေသီများက အသုံးပြုကြပါသည်။ ထို့ကြောင့် သင်၏ ကျောင်းသားများသည် သုတေသနစွမ်းရည်များကို ယခုမှ စတင်သင်ယူနေကြသူများ ဖြစ်ပါက ဤပရိုဂရမ်သည် ၎င်းတို့အတွက် သိပ်ပြီးအသုံးဝင်လိမ့်မည် မဟုတ်ပေ။

SPSS နှင့် spreadsheet (ဥပမာ – excel) ပရိုဂရမ် နှစ်ခုစလုံးသည် အရေအတွက်စံပြု ခွဲခြမ်းစိစစ်ခြင်းအတွက် အသုံးဝင်နိုင်ပြီး ၎င်းတို့နှစ်ခုစလုံးတွင် အားသာချက်နှင့် အားနည်းချက်များ ရှိကြပါသည်။ ယေဘုယျအားဖြင့်ဆိုရလျှင် SPSS ပရိုဂရမ်ကို များပြားပြီး ရှုပ်ထွေးသော ဒေတာများအား ခွဲခြမ်းစိစစ်ရာတွင် ပိုမိုအသုံးတည့်သော ပရိုဂရမ်အဖြစ် သတ်မှတ်ထားကြသည်။ သို့သော် ၎င်းပရိုဂရမ်အား အသုံးပြုနည်းကို သင်ယူရန်ခက်ခဲနိုင်ပါသည်။ အခြေခံ ကိန်းဂဏန်းဆိုင်ရာ ခွဲခြမ်းစိစစ်ခြင်းအတွက်၊ Excel ပရိုဂရမ်သည် အသုံးပြုရန် လွယ်ကူလျင်မြန်မှုရှိပြီး လူအများ အနေဖြင့်လည်း ၎င်းတို့၏ ကွန်ပျူတာတွင် Microsoft Office suite ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ရှိနှင့်ပြီးသား ဖြစ်ပါသည်။

## ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများက ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုရမည်။
- ထို့နောက် မေးခွန်းများကို ဖြေဆိုရမည်။

**အဖြေများ**

၁။ SPSS သည် ဒေတာများကို လျင်မြန်မှုရှိပြီး တိကျစွာ ခွဲခြမ်းစိစစ်ရန်အတွက် အသုံးပြုသည့် ကွန်ပျူတာ ပရိုဂရမ်တစ်ခုဖြစ်သည်။

၂။ ကားချပ်များနှင့် ဇယားများ

၃။ SPSS သည် ဒေတာများစွာ ကောက်ယူရသည့် စီမံကိန်းများ အတွက် အသုံးဝင်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းကို အသုံးပြုခြင်းဖြင့် ကိန်းဂဏန်းဆိုင်ရာ ခွဲခြမ်းစိစစ်ခြင်း နှင့် သုတေသနကို ရှင်းလင်းဖော်ပြရန်အတွက် ကားချပ်များနှင့် ဇယားများရေးဆွဲရာတွင် လျင်မြန်စွာ ဆောင်ရွက်နိုင်သောကြောင့်ဖြစ်သည်။

## သင်တို့၏ သုတေသနစီမံကိန်း – ဘားချပ်များနှင့် ဇယားများ

**မှတ်ချက် –** ဤလုပ်ငန်းသည် ကျောင်းသားများကို သုတေသန စီမံကိန်းတစ်ခုအား အစမှအဆုံးထိ ပြင်ဆင်ဖန်တီးပြီး လက်တွေ့လုပ်ဆောင်စေရန် ဒီဇိုင်းရေးဆွဲထားသည့် 'သင်တို့၏ သုတေသန စီမံကိန်း' လုပ်ငန်း ၁၆ ခုထဲမှ ၁၃ ခုမြောက်ဖြစ်သည်။

၎င်းသည် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်းများအားလုံးအတွက် ခေါင်းစဉ်တစ်ခုတည်းကိုသာ တောက်လျှောက်အသုံးပြုသွားမည် ဆိုပါက ထိရောက်မှုရှိနိုင်ပါသည်။ သို့သော် ကျောင်းသားများက ၎င်းလုပ်ငန်းများကို လုပ်ဆောင်နေချိန်တွင် ၎င်းတို့ရွေးချယ်ထားသော ယခင် သုတေသနခေါင်းစဉ်များ သို့မဟုတ် မေးခွန်းများသည် လက်တွေ့ကျမှုမရှိတော့ခြင်း၊ စိတ်ဝင်စားမှုမရှိခြင်း သို့မဟုတ် အသုံးဝင်မှုမရှိခြင်းတို့ကို တွေ့မြင်လာနိုင်သည် သို့မဟုတ် အခြားခေါင်းစဉ် သို့မဟုတ် မေးခွန်းကို ပိုမိုစိတ်ဝင်စားလာနိုင်ပါသည်။

၁။ ကျောင်းသားများက ဘားချပ်များနှင့် ဇယားများသည် ၎င်းတို့၏ သုတေသန ရှာဖွေတွေ့ရှိချက်များကို တင်ဆက်ရန် သင့်တော်မှု ရှိ/မရှိ ဆုံးဖြတ်ရမည်။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက ဘားချပ်များနှင့် ဇယားများကို ၎င်းတို့၏ သုတေသန စီမံကိန်းထဲတွင် မည်သို့အသုံးပြုသွားမည်ဖြစ်ကြောင်း ဆွေးနွေးရမည်။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ ကိန်းဂဏန်းအချက်အလက် ဒေတာများနှင့်အတူ – ဒေတာစုတစ်စု ရှိသည့်အခါတွင်။

၂။ အမျိုးအစားဆိုင်ရာ ဒေတာများနှင့်အတူ – အစုအဖွဲ့များအကြား နှိုင်းယှဉ်လိုသည့်အခါ သင့်ဒေတာများ၏ နမူနာပုံစံကို မြင်နိုင်သည့်ပုံစံများဖြင့် ဖော်ပြလိုသည့်အခါ။

# အခန်း ၉ –
# အရည်အသွေးစံပြု ဒေတာများကို ခွဲခြမ်းစိတ်ဖြာခြင်း

# ၉.၁ အရည်အသွေးစံပြု ဒေတာများကို ခွဲခြမ်းစိတ်စစ်ခြင်း

## အကြိုလေ့လာချက်

- ကျောင်းသားများက အခြေအနေပြဖြစ်ရပ်ကို ဖတ်ရှုပြီး လူတွေ့မေးမြန်းခြင်း ပြီးဆုံးသွားသည့်နောက်တွင် ထပ်မံ လုပ်ဆောင်နိုင်ခြေရှိသော သုတေသနအဆင့်များကို ဆွေးနွေးရမည်။
- ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- ဒေတာကောက်ယူပြီးသွားသည့်အခါတွင် မှတ်စုတိုများ အားလုံး စုစည်းပါ။
- လူတွေ့မေးမြန်းခြင်းများတွင် ပြောကြားလာသည့် အကြောင်းအရာများထဲမှ ပုံစံတူနမူနာများကို ရှာဖွေပါ။
- ဒေတာများက သုတေသန မေးခွန်းများကို မည်သို့ ဖြေကြားကြကြောင်း လေ့လာပါ။
- အဓိကရှာဖွေတွေ့ရှိချက်များ ပါဝင်သည့် သုတေသန အစီရင်ခံစာတမ်းတစ်ခုကို မူကြမ်းရေးသားပါ။
- ရှာဖွေတွေ့ရှိချက်များကို သုတေသနမေးခွန်းနှင့် တိုက်ဆိုင်စစ်ဆေးပါ။
- သုတေသနတွင် ပါဝင်ဖြေကြားသူများထံမှ ရှာဖွေတွေ့ရှိချက်များနှင့် ပတ်သက်ပြီး အကြံပြုချက်များ တောင်းခံပါ။
- ပါဝင်ဖြေကြားသူများ၏ အကြံပြုချက်များကို အစီရင်ခံစာတမ်းထဲတွင် ထည့်သွင်းဖော်ပြပါ။
- အစီရင်ခံစာတမ်းကို အပြီးသတ်ရေးပါ။

## လုပ်ငန်းစဉ် – နှိုင်းယှဉ်ခွဲခြား ဖော်ထုတ်ပါ

- ကျောင်းသားများက အရည်အသွေးစံပြု ဒေတာများကို ခွဲခြမ်းစိတ်စစ်သည့် အဆင့်များကို ဖတ်ရှုပါ။ ထို့နောက် စာမျက်နှာ ၁၀၉ ရှိ အရေအတွက်စံပြု ဒေတာများကို ခွဲခြမ်းစိတ်စစ်သည့် အဆင့်များနှင့် နှိုင်းယှဉ်ကြည့်ရမည်။
- အဖွဲ့ငယ်များ သို့မဟုတ် တစ်တန်းလုံးအနေဖြင့် ကျောင်းသားများက ဆင်တူညီချက်များနှင့် ကွဲပြားခြားနားချက်များကို စာရင်းပြုစုရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

**ဆင်တူညီချက်များ**

- နည်းလမ်းနှစ်ခုစလုံးတွင် အဓိကအဆင့်ကြီး ၃ ဆင့် ရှိပါသည်။
- နည်းလမ်းနှစ်ခုစလုံးတွင် ဒေတာများကို စုစည်းခြင်း ပါဝင်သည်။
- နှစ်ခုစလုံးတွင် သင်္ကေတရေးသားသတ်မှတ်ခြင်း ပါဝင်သည်။
- နှစ်ခုစလုံးတွင် ဒေတာများအတွင်း ဆင်တူညီချက်များနှင့် ကွဲပြားခြားနားချက်များကို ရှာဖွေခြင်းနှင့် ဆက်နွယ်မှုများကို ရှာဖွေခြင်းတို့ ပါဝင်သည်။
- နိဂုံးချုပ်ကောက်ချက်များသည် သုတေသန မေးခွန်းဖြင့် ချိတ်ဆက်မှု ရှိသင့်ပါသည်။

**ကွဲပြားခြားနားချက်များ**

- အရေအတွက်စံပြု ခွဲခြမ်းစိတ်စစ်ခြင်းတွင် ရှင်းလင်းဖော်ပြပေးသော ကိန်းဂဏန်းဒေတာများ၊ ကားချပ်များနှင့် ဇယားများ ဖန်တီးရေးဆွဲခြင်း ပါဝင်သည်။

  အရည်အသွေးစံပြု ခွဲခြမ်းစိတ်စစ်ခြင်းတွင် လူတွေ့မေးမြန်းခြင်း မှတ်တမ်းများကို ကူးယူရေးချခြင်း ပါဝင်နိုင်သည်။
- အရေအတွက်စံပြုဒေတာများရှိ ကိန်းဂဏန်းများနှင့် နှိုင်းယှဉ်ကြည့်လျှင် အရည်အသွေးစံပြု ခွဲခြမ်းစိတ်စစ်ခြင်း၌ စာသားများအတွင်း ပုံစံတူနမူနာများ (ခေါင်းစဉ်များ) ကို ရှာဖွေခြင်း ပါဝင်သည်။

## လုပ်ငန်းစဉ် – စာပိုဒ်များနှင့် သင်္ကေတများကို တွဲစပ်ပါ

၁။ တစ်ဦးချင်းစီ သို့မဟုတ် နှစ်ယောက်တစ်တွဲ သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက ဖြေကြားချက်များ (i-vii) ကို သင်္ကေတများ (က–စ) တို့ဖြင့် တွဲစပ်ရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

i. က၊ ဃ၊ င

ii. က

iii. ခ၊ ဂ

iv. က၊ ခ၊ ဃ

v. က

vi. ခ၊ ဃ၊ င

vii. ခ၊ င

၂။ ကျောင်းသားများက အဆိုပါ လူတွေ့မေးမြန်းခြင်းများထဲတွင် မဖော်ပြခဲ့သော သင်္ကေတများကို ခွဲခြားဖော်ထုတ်ရမည်။

**အဖြေ**

(စ) နိုင်ငံရေး

၃။ ကျောင်းသားများက လူတွေ့မေးမြန်းခြင်း ဖြေကြားချက်များ ထဲမှ ဖြစ်နိုင်ခြေရှိသည့် သင်္ကေတအသစ်များကို ခွဲခြားဖော်ထုတ်ရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

ii. နှင့် iii. သင်္ကေတအသစ် – 'ကျန်းမာရေး'

iv. နှင့် vii. သင်္ကေတအသစ် – 'ရွှေ့ပြောင်းလုပ်ကိုင်ခြင်းဖြင့် မိသားစုအား ကူညီပံ့ပိုးပေးခြင်း'

၄။ အကယ်၍ သုတေသန စီမံကိန်းသည် 'လူငယ်များအနေဖြင့် ၎င်းတို့၏အလုပ်တွင် မည်သည့်အရာများကို လိုချင်ကြသနည်း' ဟူ၍ဖြစ်ပါက မည်သည့်သင်္ကေတများက ဆင်တူညီမှုရှိနိုင်ပြီး သို့မဟုတ် မည်သည့်သင်္ကေတများက ကွဲပြားခြားနားနိုင်ကြောင်းကို တစ်တန်းလုံးအနေဖြင့် ဆွေးနွေးရမည်။ အထက်ပါမေးခွန်းအတွက် ထပ်မံ ပေါင်းထည့်နိုင်မည့် သို့မဟုတ် ပြောင်းလဲနိုင်မည့် အခြားသော သင်္ကေတများကို စဉ်းစားကြည့်ရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

– 'ငွေကြေး' နှင့် 'အလုပ်အတွေ့အကြုံ' တို့သည် ဆက်နွယ်မှုရှိနိုင်ပါသည်။

– 'ကျွမ်းကျင်တတ်မြောက်မှု မရှိခြင်း' ကိုလည်း 'ကျွမ်းကျင်မှုများ' အဖြစ် ပြောင်းလဲနိုင်သည်။

– 'ခရီးသွားလိုစိတ်ရှိခြင်း' ကိုလည်း 'ခရီးသွားခြင်း' အဖြစ် ပြောင်းလဲနိုင်သည်။

– ကျောင်းသားများအနေဖြင့် 'သင်တန်းအခွင့်အလမ်းများ' သို့မဟုတ် လူငယ်များက အလုပ်တစ်ခုမှ ရရှိလိုသည့် အခြားသော အကြောင်းအရာများကို သင်္ကေတအသစ်များ အဖြစ် ထပ်မံပေါင်းထည့်နိုင်ပါသည်။

## လုပ်ငန်းစဉ် – လူတွေ့မေးမြန်းခြင်း ဖြေကြားချက်များကို သင်္ကေတရေးသားခြင်း

- ကျောင်းသားများက လူတွေ့မေးမြန်းခြင်း ဖြေကြားချက်များကို ဖတ်ရှုရမည်။

၁။ ထို့နောက် မည်သည့်ဖြေကြားချက်များသည် သင်္ကေတ 'က' နှင့် 'ခ' တို့ဖြင့် တွဲစပ်နိုင်ကြောင်း ခွဲခြားဖော်ထုတ်ရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

**(က) ပါဝင်ဖြေကြားသူ (၁)** – 'ဟာသရုပ်ရှင်ဇာတ်ကားများ'
**ပါဝင်ဖြေကြားသူ (၂)** – 'ဇာတ်ကြမ်းရုပ်ရှင်ကားများ'
**ပါဝင်ဖြေကြားသူ (၃)** – 'အိန္ဒိယ ဇာတ်ကားများ'
**ပါဝင်ဖြေကြားသူ (၄)** – 'လျှို့ဝှက်ဆန်းကြယ် ရုပ်ရှင်ကားများ'

**(ခ) ပါဝင်ဖြေကြားသူ (၁)** – 'တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကြင်နာဖေးမကြပါ။'
**ပါဝင်ဖြေကြားသူ (၂)** – 'လူကောင်းက ရဲစွမ်းသတ္တိရှိပြီး သန်မာ၍ လူဆိုးများက မကောင်းမှုဒုစရိုက်များကို လုပ်ဆောင်ကြသည်။'
**ပါဝင်ဖြေကြားသူ (၃)** – 'မိသားစုနှင့် ချစ်ခြင်းမေတ္တာ'
**ပါဝင်ဖြေကြားသူ (၄)** – 'လူများ၏ တွေးခေါ်မှုပုံစံကို ဝေဖန်ပိုင်းခြားစဉ်းစားပြီး နားလည်အောင်ကြိုးစားခြင်း'

၂။ ကျောင်းသားများက လူတွေ့မေးမြန်းချက်များကို ဖတ်ရှုပြီး ထပ်မံထွက်ပေါ်လာနိုင်ခြေရှိသော သင်္ကေတအသစ်များကို ခွဲခြားဖော်ထုတ်ရမည်။

- ဤနေရာတွင် ကျောင်းသားများက မည်သည့် သင်္ကေတများကို ထွက်ပေါ်လာနိုင်ခြေရှိသော သင်္ကေတအဖြစ် သတ်မှတ်ထားကြောင်းကို တစ်တန်းလုံးနှင့်အတူ စစ်ဆေးပေးနိုင်သည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

(ဂ) ခံစားချက်များ
(ဃ) ဇာတ်ကောင်များ

၃။ ကျောင်းသားများက ထွက်ပေါ်လာနိုင်ခြေရှိသော သင်္ကေတများကို လူတွေ့မေးမြန်းခြင်း ဖြေကြားချက် စာသားများ (စကားလုံးများ (သို့) စကားစုများ) ၏ အစိတ်အပိုင်းများဖြင့် တွဲစပ်ရမည်။ ကျောင်းသားများသည် ဝါကျတစ်ကြောင်းလုံး မဟုတ်ဘဲ ဝါကျတစ်ကြောင်း၏ အစိတ်အပိုင်းများ (စကားလုံးများ၊ စကားစုများ) ထဲမှ သင်္ကေတများကိုသာ ခွဲခြားဖော်ထုတ်ခြင်း ဖြစ်စေရန် စစ်ဆေးပေးပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

**(ဂ) ပါဝင်ဖြေကြားသူ (၁)** – 'ကျွန်ုပ်ကို ပျော်ရွှင်စေပါသည်'
**ပါဝင်ဖြေကြားသူ (၂)** – 'ရဲစွမ်းသတ္တိရှိပြီး သန်မာလာသည်ဟု ခံစားရမိသည်'
**ပါဝင်ဖြေကြားသူ (၃)** – 'တေးဂီတနှင့် အကကို ကြိုက်နှစ်သက်ပါသည်'
**ပါဝင်ဖြေကြားသူ (၄)** – 'စိတ်လှုပ်ရှားဖွယ်ကောင်းသည်'

**(ဃ) ပါဝင်ဖြေကြားသူ (၁)** – 'ပေါကြောင်ကြောင် ဇာတ်ကောင်များ'
**ပါဝင်ဖြေကြားသူ (၂)** – 'လူကောင်း'၊ 'လူဆိုး'
**ပါဝင်ဖြေကြားသူ (၃)** – 'ဆင်းရဲသည့် မိသားစုမှ တစ်စုံတစ်ယောက်နှင့် ချမ်းသာသည့် မိသားစုတစ်စုမှ တစ်စုံတစ်ယောက်'
**ပါဝင်ဖြေကြားသူ (၄)** – 'ဒုစရိုက်မှု ကျူးလွန်ခဲ့သူ'

## ဖြစ်ရပ်လေ့လာချက်

- ကျောင်းသားများက ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုရမည်။
- ထို့နောက် မေးခွန်းများကို ဖြေဆိုရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ ထိုင်း–မြန်မာ နယ်စပ်ဒေသတွင် နေထိုင်ကြသော ကိုယ်ဝန်ဆောင် ရွှေ့ပြောင်းလုပ်သားများနှင့် ဒုက္ခသည်များက စိတ်ကျန်းမာရေးနှင့် ပတ်သက်ပြီး မည်သည့်အရာများကို သိရှိထားကြသနည်း။

၂။ စိတ်ရောဂါလက္ခဏာများ၊ စိတ်ရောဂါဖြစ်ပွားစေသည့် အကြောင်းအရာများ၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစီမှုများ၊ ကိုယ်ဝန်ဆောင်ကာလ စိတ်ရောဂါနှင့် စိတ်ရောဂါစီမံထိန်းချုပ်ခြင်း။

၃။ မိသားစုနှင့် အိမ်ထောင်ဖက်ထံမှ ပံ့ပိုးမှု၊ အထီးကျန်ခြင်းနှင့် သီးခြားဖြစ်နေသည့် ခံစားချက်များ။

၄။ သုတေသီများက ၎င်းတို့၏ ရလဒ်များတူညီမှုရှိ/မရှိ သိရှိလိုသောကြောင့် တစ်ဦးစီ သီးခြားသုတေသန ပြုစုခဲ့ကြသည် (ရှုထောင့်စုံ စစ်ဆေးချက်ဟူ၍လည်း သိရှိထားပါသည်)။ ဤနည်းဖြင့် သုတေသန ရှာဖွေတွေ့ရှိချက်များ၏ ယုံကြည်လက်ခံနိုင်စွမ်းကိုလည်း မြင့်တက်စေပါသည်။ (အခန်း ၂၊ စာမျက်နှာ ၃၈–၃၉ တွင် ကြည့်ပါ။)

၅။ ဒေတာများကို ကူးယူရေးချပါ။ နေ့စွဲများကို ပြင်ဆင် ဖွဲ့စည်းပါ၊ ဒေတာအမည်များ၊ ဒေတာသင်္ကေတ ရေးသား သတ်မှတ်ပါ၊ ခေါင်းစဉ်များကို ခွဲခြားဖော်ထုတ်ပါ၊ နိဂုံးချုပ်ကောက်ချက်များ ရေးသားပါ၊ သင်၏ နိဂုံးချုပ် ကောက်ချက်များသည် သုတေသန မေးခွန်းများနှင့် ချိတ်ဆက်မှုရှိစေရန် ဂရုစိုက်ပါ။

**မှတ်ချက် –** NVivo သည် အရည်အသွေးစံပြု ဒေတာများ ခွဲခြမ်းစိတ်စစ်ခြင်းအတွက် အသုံးပြုသည့် ပရိုဂရမ်များစွာထဲမှ တစ်ခုဖြစ်သည်။ အသုံးပြုသူများက ၎င်းပရိုဂရမ်များအား အသုံးပြုနည်းကို လက်တွေ့လုပ်ကိုင်ခြင်း သို့မဟုတ် လုပ်ငန်းခွင်တစ်ခုတွင် သင်ယူလေ့လာခြင်းမှတစ်ဆင့် ပုံမှန်အားဖြင့် တက္ကသိုလ်တွင် သင်ယူခဲ့ကြပါသည်။ သုတေသီတစ်ဦးက ဒေတာများစွာကို ခွဲခြမ်းစိတ်စစ်ရပါက ၎င်းပရိုဂရမ်သည် အထူးအသုံးဝင်ပါသည်။

SPSS ကဲ့သို့ပင် NVivo သည်လည်း အသုံးပြုရန် ခက်ခဲနိုင်ပြီး ဒေတာများစွာပါဝင်သည့် အကြီးစားသုတေသန စီမံကိန်းများတွင်သာ မကြာခဏအသုံးပြုကြပါသည်။ ယခုမှစတင်မည့် သုတေသီအသစ်များအတွက် စာသားများကို သင်္ကေတရေးသားသတ်မှတ်ရန် ၎င်းတို့နှင့် ရင်းနှီးမှုရှိသော word processing programs သို့မဟုတ် လက်ရေးမှတ်စုတိုများ စသည့် နည်းလမ်းများကိုသာ အသုံးပြုသင့်ပါသည်။

၁။ အရည်အသွေးစံပြု ဒေတာခွဲခြမ်းစိတ်စစ်ခြင်းအတွက် ကွန်ပျူတာ ပရိုဂရမ်တစ်ခု။

၂။ ၎င်းပရိုဂရမ်သည် အရည်အသွေးစံပြု ဒေတာများစွာကို (စာသားများ၊ ဓာတ်ပုံများ (သို့) ဗွီဒီယို) လမ်းကြောင်းပေးခြင်း၊ အမျိုးအစားခွဲခြားပေးခြင်းနှင့် သင်္ကေတများသတ်မှတ်ပေးခြင်းတို့ လျင်မြန်စွာ လုပ်ဆောင်ပေးနိုင်သည်။

၃။ ဖွဲ့စည်းရန်၊ သင်္ကေတသတ်မှတ်ရန်နှင့် ခွဲခြမ်းစိတ်စစ်ရန် လိုအပ်သည့် စာသားများ (စကားလုံး)၊ ဓာတ်ပုံများ သို့မဟုတ် အသံဖိုင်များ များစွာပါဝင်သည့် စီမံကိန်းတစ်ခုဖြစ်သည်။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များအနေဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေ

စာရွက်ပိုင်းတစ်ခုပေါ်တွင် သင်္ကေတများကို ရေးချပါ။ ထို့နောက် သင်္ကေတများဘေးတွင် ၎င်းတို့နှင့် ဆက်နွယ်သည့်အကြောင်းအရာများကို တစ်စုံတစ်ယောက်က ပြောကြားခဲ့သည့် အသံဖိုင်ထဲမှ စက္ကန့်နှင့် မိနစ်တို့ကို ရေးချပါ။

# ၉.၂ ခေါင်းစဉ်အကြောင်းအရာ ခွဲခြမ်းစိတ်စစ်ခြင်း

## အကြံပြုလေ့လာချက်

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ချေရှိသော အဖြေများ**

၁။ ခေါင်းစဉ်အကြောင်းအရာများက သင်၏ဒေတာထဲတွင် ထပ်တလဲလဲ ဖြစ်ပေါ်နေသော အဓိကအကြောင်းအရာများကို ခွဲခြားဖော်ထုတ်ပေးပြီး သုတေသနမေးခွန်းများကို ဖြေဆိုရာတွင် အထောက်အကူပေးပါသည်။

၂။ ခေါင်းစဉ်အကြောင်းအရာများသည် သင်္ကေတများထက် ပိုမိုကျယ်ပြန့်ပြီး သင်္ကေတများကို အတူတကွ စုစည်းနိုင်ရန် အခွင့်အရေးပေးပါသည်။

## လေ့ကျင့်ခန်း

- ကျောင်းသားများက သင်္ကေတများနှင့် ခေါင်းစဉ်အကြောင်းအရာများ (က–ဃ) ကို ဇယားထဲရှိ ကွက်လပ်များတွင် (၁–၄) ဖြည့်စွက်ရမည်။

**အဖြေများ**

၁။ (ဃ)

၂။ (ခ)

၃။ (က)

၄။ (ဂ)

## လေ့ကျင့်ခန်း

- ကျောင်းသားများက လူတွေ့မေးမြန်းခြင်း၏ အစိတ်အပိုင်းများ (၁–၈) ကို ခေါင်းစဉ်အကြောင်းအရာများ အသွင်သို့ အမျိုးအစားခွဲခြားရမည်။

**အဖြေများ**

**ကလေးပြုစုပျိုးထောင်ခြင်း** – ၁၊ ၅

**ဝင်ငွေလည်ပတ်စီးဆင်းမှု** – ၂၊ ၃၊ ၆၊ ၈

**အကြံဉာဏ်များ** – ၄၊ ၇

## လုပ်ငန်းစဉ် – ခေါင်းစဉ်အကြောင်းအရာ ခွဲခြမ်းစိတ်စစ်ချက်

**မှတ်ချက် –** ခေါင်းစဉ်အကြောင်းအရာ ခွဲခြမ်းစိတ်စစ်သည့်အခါတွင် ခေါင်းစဉ်အကြောင်းအရာများနှင့် သင်္ကေတများကို ပိုင်းခြားရန် ခက်ခဲနိုင်ပါသည်။ အကယ်၍ ထွက်ပေါ်လာသည့် သင်္ကေတများနှင့် ခေါင်းစဉ်အကြောင်းအရာများကို အမျိုးအစား ခွဲခြားသည့်အခါတွင် ခေါင်းစဉ်အကြောင်းအရာအဖြစ် သတ်မှတ်ရန် လုံလောက်သော ကျယ်ပြန့်မှု သို့မဟုတ် သင်္ကေတအဖြစ်သတ်မှတ်ရန် လုံလောက်သော တိကျမှု ရှိ/မရှိ မသေချာသည့်အခါတွင် အထူးသဖြင့် ခက်ခဲပါသည်။ ယခုမှစတင်မည့် သုတေသီအသစ်များအတွက် တိကျစွာ မှန်ကန်မှုရှိရန် အရေးမကြီးပါ။ အတွေ့အကြုံများ လာသည်နှင့်အမျှ ပိုမိုလွယ်ကူလာပါလိမ့်မည်။

- ကျောင်းသားများက သုတေသနမေးခွန်းနှင့် လူတွေ့မေးမြန်းခြင်းများမှ ဆွဲထုတ်ထားသော စာပိုဒ် ၃ ပိုဒ်ကို ဖတ်ရှုရမည်။

၁။ နှစ်ယောက်တစ်တွဲစီ သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက လူတွေ့မေးမြန်းခြင်းများထဲမှ ရှိပြီးသား သင်္ကေတများဖြစ်သည့် 'ပိုးမွှားများ'၊ 'မိုးရွာသွန်းမှုများပြားခြင်း'၊ 'ရောဂါများ' တစ်ခုချင်းစီနှင့် ဆက်နွယ်မှု ရှိနိုင်ခြေရှိသော အခြားသင်္ကေတများ (က–ဂ) တို့ကို ခွဲခြားဖော်ထုတ်ရမည်။

- ကျောင်းသားများက ဤအဆင့်တွင် အခက်တွေ့နေပါက အခြားသင်္ကေတ/များကို ဖော်ပြပေးပါ။ စာပိုဒ် (က) အတွက် ပိုးမွှားများဆိုသည့် သင်္ကေတကို အသုံးပြုမည်ဆိုပါက ၎င်းသင်္ကေတသည် ရှိနှင့်ပြီးသား ခေါင်းစဉ်အကြောင်းအရာ 'တိရစ္ဆာန်များ' အောက်တွင် အကျုံးဝင်ရမည်။ ဥပမာ – ဖြေကြားသူနှစ်ဦးက ကြက်နှင့် ပတ်သက်သည့် ပြဿနာများကို ဖော်ပြခဲ့ကြသည်။ စာပိုဒ် 'ခ' နှင့် 'ဂ' အတွက် ၎င်းတို့ရွေးချယ်သော သင်္ကေတများသည် ပိုပြီး ကျယ်ပြန့်သည့် ခေါင်းစဉ်အကြောင်းအရာ 'ဃ' နှင့် 'င' တို့ အောက်တွင် အကျုံးဝင်သင့်ပေသည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

(က) ကြက်၊ ကြက်သားအနံ့၊ တိရစ္ဆာန်များကို သတ်ဖြတ်ခြင်း

(ခ) ရေနုတ်မြောင်းများ ပိတ်ဆို့ခြင်း၊ ရေမြောင်းထဲရှိ အမှိုက်များ၊ မကောင်းသော ရေနုတ်မြောင်းစနစ်

(ဂ) ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဖျားနာခြင်း၊ ညစ်ညမ်းသော ရေကြောင့် ဖျားနာခြင်း

၂။ ကျောင်းသားများက ၎င်းတို့ ခွဲခြားဖော်ထုတ်ခဲ့သည့် သင်္ကေတများကို ပထမကော်လံတွင် ထည့်သွင်းနိုင်မည့် ဖြစ်နိုင်ခြေရှိသော ခေါင်းစဉ်အကြောင်းအရာ (ဃ နှင့် င) တို့ကို ခွဲခြားဖော်ထုတ်ရမည်။ ပထမဆုံး ခေါင်းစဉ်အကြောင်းအရာ 'တိရစ္ဆာန်များ' ကို နမူနာဖော်ပြထားပြီးဖြစ်သည့်အတွက် 'ပိုးမွှားများ' နှင့် ကြက်၊ ကြက်သားအနံ့၊ တိရစ္ဆာန်များကို သတ်ဖြတ်ခြင်း အစရှိသည့် ဆက်နွယ်နေသော သင်္ကေတများကို ထည့်သွင်းနိုင်သည့် ခေါင်းစဉ်အကြောင်းအရာကို ရှာဖွေနိုင်ပါသည်။

- ကျောင်းသားများက ခေါင်းစဉ်အကြောင်းအရာများကို ခွဲခြားဖော်ထုတ်ပြီးသည့်အခါတွင် ၎င်းတို့၏ ခေါင်းစဉ်အကြောင်းအရာများသည် သေးငယ်သော သင်္ကေတများအနေဖြင့် အကျုံးဝင်သော ခေါင်းစဉ်ကြီးများ (အထက်တွင် ဖော်ပြခဲ့သည့် ဖြစ်နိုင်ခြေရှိသော အဖြေများတွင် အကြံပြုခဲ့သည့်အတိုင်း) ဟုတ်/မဟုတ် စစ်ဆေးရန် တိုက်တွန်းပေးပါ။ ဥပမာ – 'မိုးရွာသွန်းမှုများပြားခြင်း' နှင့် 'ရေနုတ်မြောင်းများ ပိတ်ဆို့ခြင်း' ဆိုသည့် သင်္ကေတများသည် ခေါင်းစဉ်ကြီးဖြစ်သည့် ရေကြီးခြင်းအောက်တွင် အကျုံးဝင်ပါသည်။

### ဖြစ်နိုင်ခြေရှိသော အဖြေ

(ဃ) ရေကြီးခြင်း၊ ရေမျက်နှာပြင် မြင့်တက်ခြင်း၊ ရေကြီးရေလျှံခြင်းကြောင့် ရောဂါများ ကူးစက်ခြင်း။

(င) ကျန်းမာရေး၊ ကျန်းမာရေးပြဿနာများ၊ မကျန်းမာသော အခြေအနေများ။

၃။ အဖွဲ့များက ၎င်းတို့၏ ခေါင်းစဉ်အကြောင်းအရာများ (စ နှင့် ဆ) နှင့် ၎င်းခေါင်းစဉ်များတွင် အကျုံးဝင်သော သင်္ကေတများအတွက် အတိုချုံး အနှစ်ချုပ်များ ရေးသားရမည် (တိရစ္ဆာန်များ ခေါင်းစဉ်၏ အနှစ်ချုပ်ကို ဥပမာတစ်ခုအနေဖြင့်ကြည့်ပါ)။

၄။ အဖွဲ့များက အခြားအဖွဲ့တစ်ဖွဲ့နှင့် ပေါင်းစည်းပြီး ၎င်းတို့ရွေးချယ်ထားသော ခေါင်းစဉ်အကြောင်းအရာများကို ဆွေးနွေးရမည်။ ၎င်းတို့၏ အနှစ်ချုပ်များကို တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် ဖလှယ်မျှဝေပြီး အကြံပြုချက်များ ပြောကြားပေးရမည်။

**အပိုဆောင်းလုပ်ငန်း – ဒေတာများ ကောက်ယူပြီး ခေါင်းစဉ်အကြောင်းအရာများ ဖန်တီးရေးသားပါ။**

၁။ ကျောင်းသားများက အောက်ပါမေးခွန်းကို လူ ၅ ဦးအား မေးမြန်း၍ အဖြေများကို အသံသွင်းထားပါ။

*'စာသင်ကျောင်းများသည် ကျောင်းသားများ၏ သင်ယူလေ့လာမှုကို ပိုမိုကောင်းမွန်အောင် မည်သို့ ပံ့ပိုးပေးနိုင်ပါသနည်း။'*

၂။ မေးခွန်းအတွက် အဖြေများကို သင်္ကေတများနှင့် ခေါင်းစဉ်အကြောင်းအရာများ ဖော်ထုတ်ရေးသားရမည်။

၃။ ကျောင်းသားများက ခေါင်းစဉ်အကြောင်းအရာများ၏ အနှစ်ချုပ်များနှင့် ခေါင်းစဉ်တစ်ခုချင်းစီနှင့် ပတ်သက်သည့် အဓိကအချက်များကို ရေးသားရမည်။

ကျောင်းသားများက သင်္ကေတများနှင့် ခေါင်းစဉ် အကြောင်းအရာတို့နှင့် ပတ်သက်ပြီး စတင်နိုင်အောင် ကူညီပေးရန်အတွက် ဖြစ်နိုင်ခြေရှိသော သင်္ကေတတစ်ခုမှာ 'ရင်းမြစ်များ' ဖြစ်ပြီး ဖြစ်နိုင်ခြေရှိသော ခေါင်းစဉ် အကြောင်းအရာတစ်ခုမှာ 'စာသင်ခန်းပြင်ပလုပ်ငန်းများ' ဟု ကျောင်းသားများကို အကြံပြုပေးပါ။

အကြံပြုပေးသော သင်္ကေတနှင့် ခေါင်းစဉ်အကြောင်းအရာ အပြင် ကျောင်းသားများက ၎င်းတို့၏ လူတွေ့မေးမြန်းခြင်း ဒေတာများကို ခွဲခြမ်းစိတ်စစ်သည့်အခါတွင် အခြား သင်္ကေတများနှင့် ခေါင်းစဉ်အကြောင်းအရာများကိုလည်း ဆုံးဖြတ်ရွေးချယ်ရန် လိုအပ်ပါသည်။

လက်တွေ့လုပ်ငန်း၏ လူတွေ့မေးမြန်းခြင်း အစိတ်အပိုင်းများကို စာသင်ခန်းအတွင်း (ကျောင်းသားများ အပြန်အလှန် မေးမြန်းခြင်း) သို့မဟုတ် စာသင်ခန်းပြင်ပ (မိတ်ဆွေများ၊ မိသားစု သို့မဟုတ် ရွာသူရွာသားများကို မေးမြန်းခြင်း) ၌ လုပ်ဆောင်နိုင်ပါသည်။

## သင်တို့၏ သုတေသနစီမံကိန်း – ခေါင်းစဉ် အကြောင်းအရာများ

**မှတ်ချက် –** ဤလုပ်ငန်းသည် ကျောင်းသားများကို သုတေသန စီမံကိန်းတစ်ခုအား အစမှအဆုံးထိ ပြင်ဆင် ဖန်တီးပြီး လက်တွေ့လုပ်ဆောင်စေရန် ဒီဇိုင်းရေးဆွဲထားသည့် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်း ၁၆ ခုထဲမှ ၁၄ ခု မြောက်ဖြစ်သည်။
၎င်းသည် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်းများ အားလုံးအတွက် ခေါင်းစဉ်တစ်ခုတည်းကိုသာ တောက်လျှောက်အသုံးပြုသွားမည် ဆိုပါက ထိရောက်မှု ရှိနိုင်ပါသည်။ သို့သော် ကျောင်းသားများက ၎င်းလုပ်ငန်းများ ကို လုပ်ဆောင်နေချိန်တွင် ၎င်းတို့ရွေးချယ်ထားသော ယခင် သုတေသန ခေါင်းစဉ်များ သို့မဟုတ် မေးခွန်းများသည် လက်တွေ့ကျမှုမရှိတော့ခြင်း၊ စိတ်ဝင်စားမှုမရှိခြင်း သို့မဟုတ် အသုံးဝင်မှုမရှိခြင်းတို့ကို တွေ့မြင်လာနိုင်သည် သို့မဟုတ် အခြားခေါင်းစဉ် သို့မဟုတ် မေးခွန်းကို ပိုမိုစိတ်ဝင်စားလာနိုင်ပါသည်။

၁။ ကျောင်းသားများက ခေါင်းစဉ်အကြောင်းအရာ ခွဲခြမ်း စိစစ်ချက်သည် ၎င်းတို့၏ သုတေသန စီမံကိန်းအတွက် သင့်တော်မှု ရှိ/မရှိ ဆွေးနွေးရမည်။

၂။ ကျောင်းသားများက ၎င်းတို့၏ သုတေသနစီမံကိန်းတွင် တင်ပြနိုင်သည့် ခေါင်းစဉ်အကြောင်းအရာများကို ခွဲခြားဖော်ထုတ်ရမည်။

၃။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက ခေါင်းစဉ် အကြောင်းအရာ ခွဲခြမ်းစိစစ်ချက်သည် ၎င်းတို့၏ သုတေသန စီမံကိန်းနှင့် မည်သို့ ဆက်နွှယ်မှုရှိကြောင်း ဆွေးနွေးရမည်။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

– ခေါင်းစဉ်အကြောင်းအရာတစ်ခုနှင့် သင်္ကေတတစ်ခု တို့ကို ခွဲခြားသိရှိရန် ခက်ခဲနိုင်ပါသည်။
– လူများပြောသည့် အကြောင်းအရာများကို နားလည်သဘောပေါက်ခြင်းနှင့် ဆက်နွှယ်မှုရှိသော ခေါင်းစဉ်အကြောင်းအရာများကို ခွဲခြားဖော်ထုတ်ခြင်း။
– စာပိုဒ်တစ်ပိုဒ်ကို မည်သည့်သင်္ကေတဖြင့် ချိတ်ဆက်မည်ကို ဆုံးဖြတ်ခြင်း။

# အခန်း ၁၀ –
# သုတေသန တွေ့ရှိချက်များကို ဆက်သွယ်မျှဝေခြင်း

# ၁၀.၁ သုတေသန ပုံကြမ်း ဖော်ပြချက်များ

**အကြိုလေ့လာချက်**

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

အသုံးပြုခဲ့သည့် နည်းလမ်းများ၊ သုတေသနချဉ်းကပ်မှု၊ ကျင့်ဝတ်များနှင့် အဓိကရှာဖွေတွေ့ရှိချက်များဆိုင်ရာ အသေးစိတ်ဖော်ပြချက်များ။

## လေ့ကျင့်ခန်း

- ကျောင်းသားများက မေးခွန်းတစ်ခုချင်းစီအတွက် အကောင်းဆုံးအဖြေကို ရွေးချယ်ရမည်။

**အဖြေများ**

၁။ (ခ)

၂။ (က)

၃။ (ဂ)

## လေ့ကျင့်ခန်း

- ကျောင်းသားများက ဝါကျများကို သုတေသနအစီရင်ခံစာ ပုံကြမ်းဖော်ပြချက်များ၏ အစိတ်အပိုင်းများထဲတွင် (အကြိုမိတ်ဆက်၊ နောက်ခံအကြောင်းအရာ၊ နည်းလမ်းများ၊ ရလဒ်များနှင့် ဆွေးနွေးချက်) သင့်တော်သော အစဉ်လိုက်သတ်မှတ်ပါ။

> **မှတ်ချက်** – အောက်တွင်ပြထားသည့် အစဉ်နှင့် မတူခြားနားသည့်ပုံစံဖြင့် ကျောင်းသားများက ဝါကျများကို သတ်မှတ်နိုင်သည်။ အရေးကြီးသည့်အချက်မှာ ဝါကျများကို သုတေသန အကြမ်းဖျင်းဖော်ပြချက်၏ သင့်တော်ရာ အစိတ်အပိုင်းထဲတွင် ထည့်သွင်းနိုင်ရန်ဖြစ်သည်။ ဥပမာ – အကြိုမိတ်ဆက်၊ နောက်ခံအကြောင်းအရာ၊ နည်းလမ်းများ၊ ရလဒ်များ၊ ဆွေးနွေးချက်။

**အဖြေများ**

**အကြိုမိတ်ဆက်**

၁။ ဈ

၂။ ဠ

**နောက်ခံအကြောင်းအရာ**

၃။ ဇ

၄။ ဌ

၅။ င

**နည်းလမ်းများ**

၆။ ဃ

၇။ က

၈။ ဆ

**ရလဒ်များ**

၉။ ည

၁၀။ ခ

၁၁။ ဎ

**ဆွေးနွေးချက်**

၁၂။ စ

၁၃။ ဍ

၁၄။ ဂ

## သင်တို့၏ သုတေသနစီမံကိန်း – ပုံကြမ်းဖော်ပြချက်

**မှတ်ချက် –** ဤလုပ်ငန်းသည် ကျောင်းသားများကို သုတေသန စီမံကိန်းတစ်ခုအား အစမှအဆုံးထိ ပြင်ဆင်ဖန်တီးပြီး လက်တွေ့လုပ်ဆောင်စေရန် ဒီဇိုင်းရေးဆွဲထားသည့် 'သင်တို့၏ သုတေသန စီမံကိန်း' လုပ်ငန်း ၁၆ ခုထဲမှ ၁၅ ခု မြောက်ဖြစ်သည်။

၎င်းသည် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်းများ အားလုံးအတွက် ခေါင်းစဉ်တစ်ခုတည်းကိုသာ တောက်လျှောက်အသုံးပြုသွားမည် ဆိုပါက ထိရောက်မှုရှိနိုင်ပါသည်။ သို့သော် ကျောင်းသားများက ၎င်းလုပ်ငန်းများကို လုပ်ဆောင်နေချိန်တွင် ၎င်းတို့ရွေးချယ်ထားသော ယခင် သုတေသန ခေါင်းစဉ်များ သို့မဟုတ် မေးခွန်းများသည် လက်တွေ့ကျမှုမရှိတော့ခြင်း၊ စိတ်ဝင်စားမှုမရှိခြင်း သို့မဟုတ် အသုံးဝင်မှုမရှိခြင်းတို့ကို တွေ့မြင်လာနိုင်သည် သို့မဟုတ် အခြားခေါင်းစဉ် သို့မဟုတ် မေးခွန်းကို ပိုမိုစိတ်ဝင်စားလာနိုင်ပါသည်။

ဤအဆင့်တွင် ကျောင်းသားများက သုတေသန စီမံကိန်း တစ်ခုလုံးကို ဆောင်ရွက်ပြီးစီးမှု ရှိချင်မှရှိမည်ဖြစ်သည်။ သုတေသနပုံကြမ်းဖော်ပြချက်ထဲတွင် ထည့်သွင်းနိုင်မည့် ယခင်လုပ်ဆောင်ခဲ့သော 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်းများမှ ရှိပြီးသား အချက်အလက်များကို စဉ်းစားကြည့်ရန် တိုက်တွန်းပြောကြားပေးပါ။ ဥပမာ – ခေါင်းစဉ်/အကြောင်းအရာ (သို့) ပြဿနာနှင့် သုတေသနမေးခွန်း(များ) (အကြိုမိတ်ဆက်)၊ ၎င်းတို့၏ ခေါင်းစဉ်အတွက် ဖတ်ရှုလေ့လာထားသည့် အချက်အလက်များ (နောက်ခံအကြောင်းအရာ)၊ အသုံးပြုသွားမည့် နည်းလမ်းများ (နည်းလမ်းများ)၊ ကိန်းဂဏန်းဒေတာများ သို့မဟုတ် ဒေတာများထဲမှ ပုံစံတူနမူနာများ စသည့် ရှာဖွေတွေ့ရှိချက်များ (ရလဒ်များ)၊ သို့မဟုတ် သုတေသန ကောက်ယူခဲ့ပြီးပါက နိဂုံးချုပ်ကောက်ချက်များ (ဆွေးနွေးချက်)။ သုတေသန မပြီးဆုံးသေးပါက၊ သုတေသန၏ ကျန်ရှိသည့်အပိုင်းများ ပြီးဆုံးသည့်အချိန်အထိ ၎င်းအပိုင်းများကို ဆိုင်းငံ့ထားနိုင်ပါသည်။

၁။ ကျောင်းသားများက ၎င်းတို့၏ သုတေသန စီမံကိန်းအတွက် သုတေသန ပုံကြမ်းဖော်ပြချက်များ ရေးသားရမည်။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများ၏ ၎င်းတို့၏ ပုံကြမ်းဖော်ပြချက်များကို ဆွေးနွေးရမည်။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- နည်းလမ်းများအခန်းတွင် လျှို့ဝှက်ထားမှုကဲ့သို့သော ကျင့်ဝတ်များ။
- နည်းလမ်းများအခန်းတွင် ဒေတာများကို ခွဲခြမ်းစိတ်ဖြာသည့်ပုံစံ။
- ရလဒ်များအခန်းတွင် ဇယားများ၊ ကားချပ်များ သို့မဟုတ် ဂရပ်များ။

# ၁၀.၂ သုတေသနစာတမ်း ရေးသားခြင်းနှင့် ပြန်လည်စိစစ်ခြင်း

## အကြိုလေ့လာချက်

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- – စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအမှားများ
- – အရေးအသား ဖွဲ့စည်းမှုပုံစံ
- – ရှင်းလင်းမှုမရှိသည့် အဓိကထင်မြင်ယူဆချက်များ
- – ထင်မြင်ယူဆချက်များ အလွန်များပြားခြင်း
- – ထင်မြင်ယူဆချက်များအကြား ဆက်နွှယ်မှု မပြနိုင်ခြင်း

## လုပ်ငန်းစဉ် – စစ်ဆေးရန် စာရင်းတစ်ခု ရေးဆွဲပါ

- ကျောင်းသားများက စစ်ဆေးရန်စာရင်းကို ဖတ်ရှုရမည်။

၁။ တစ်ဦးချင်းစီအလိုက် ကျောင်းသားများက စစ်ဆေးရန် စာရင်းတွင် ထပ်မံရေးထည့်နိုင်သည့် အချက်နှစ်ချက်ကို စဉ်းစားကြည့်ရမည်။

- ကျောင်းသားများက ၎င်းတို့၏ အစီရင်ခံစာတမ်းများ တင်ပြရန် ကြိုတင်ပြင်ဆင်သည့်အခါတွင် မကြာခဏ မေ့လျော့တတ်သည့် အချက်များကို ခွဲခြားဖော်ထုတ်ရမည်။

၂။ အဖွဲ့ငယ်များဖြင့် စစ်ဆေးရန်စာရင်းတွင် ထပ်မံပေါင်းထည့် လိုက်သည့် ၎င်းတို့၏ အချက်နှစ်ချက်ကို နှိုင်းယှဉ်ကြည့် ရမည်။

၃။ ထို့နောက် အသုံးဝင်ဆုံး ထင်မြင်ယူဆချက်များအားလုံး အတွက် စစ်ဆေးရန်စာရင်းတစ်ခုကို တစ်ဖွဲ့လုံးအနေဖြင့် ရေးသားရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- – စာမျက်နှာ ပါဝင်ရမည်။
- – နေ့စွဲပါဝင်ရမည်။
- – သုတေသနအဖွဲ့၏ အမည်များကို ရေးသားဖော်ပြရမည်။
- – အစီရင်ခံစာတမ်းထဲတွင် ကိုးကားထားသည့် ဆောင်းပါးများ၊ စာအုပ်များ၊ ဝက်ဘ်ဆိုဒ်များ အစရှိသဖြင့် ရင်းမြစ်များ စာရင်းတစ်ခု (ကျမ်းကိုးစာရင်း) ပါဝင်ရမည်။
- – အသုံးပြုသည့် စာလုံး (ဖောင့်) အမျိုးအစားနှင့် အရွယ်အစားတို့သည် တစ်သမတ်တည်းဖြစ်ရမည်။

- ဆန္ဒရှိပါက စစ်ဆေးရန် စာရင်းတစ်ခုကို အတန်းလိုက် ရေးသားပြီး နံရံပေါ်တွင် ကပ်ထားပါ။
- အရေးကြီးသည်ဟု ထင်ပါက တစ်တန်းလုံးအနေဖြင့် စစ်ဆေးရန် စာရင်းထဲရှိ အချက်များကို ကျိုးကြောင်း ဆီလျော်သည့် အစဉ်အတိုင်း နံပါတ်စဉ်အလိုက် ရေးသားပါ။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ – သင်၏ အရေးအသားကို စစ်ဆေးသူတစ်ဦးရှိပါစေ။
- ခဏဖယ်ထားပြီး နောက်ရက်လန်းဆန်းသောအခါ တစ်ခါပြန်ကြည့်ပါ။
- ကွန်ပျူတာမှ စာလုံးပေါင်းသတ်ပုံ စစ်ဆေးသည့်နည်းကို သုံးပါ။
- အစီရင်ခံစာကို မည်သို့ ဖွဲ့စည်းသည်နှင့် မည်သည့်အရာများ ပါဝင်သင့်သည်ကို မြင်တွေ့ရန် အခြားသော အစီရင်ခံစာနမူနာများကို ကြည့်ရှုပါ။

## လေ့ကျင့်ခန်း

- ကျောင်းသားများက ကိန်းဂဏန်းများ/ ကိုးကားချက်များ (၁–၆) ကို နိဂုံးချုပ်ကောက်ချက်များ (က–ဃ) တို့ဖြင့် တွဲစပ်ရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ က၊ ခ

၂။ ခ၊ ဃ

၃။ ခ၊ ဃ

၄။ က၊ ဂ

၅။ ခ၊ ဃ

၆။ က၊ ဂ

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ ဖြေကြားသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အတွေ့အကြုံများ၊ ထင်မြင်ယူဆချက်များနှင့် အတွေးအမြင်များဆိုင်ရာ သုတေသနကို တင်ဆက်ပြသနေပါက ကိုးကားချက်များသည် ကိန်းဂဏန်းဒေတာများထက် ပိုပြီးဆွဲဆောင်မှုရှိနိုင်ပါသည်။

၂။ မူဝါဒရေးဆွဲရာတွင် လမ်းညွှန်ပေးနိုင်ရန် တိကျသော နံပါတ်များ လိုအပ်သည့် အဖွဲ့အစည်းများ၊ စီမံခန့်ခွဲမှု (သို့) အစိုးရအရာရှိများထံသို့ တင်ဆက်ပြသမည်ဆိုပါက ကိန်းဂဏန်းဒေတာများက ကိုးကားချက်များထက် ပိုပြီး ဆွဲဆောင်မှုရှိနိုင်ပါသည်။

# ၁၀.၃ နှုတ်တိုက်တင်ဆက် ပြသခြင်းများ

## အကြံပြုလေ့လာချက်

- မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ၏ အမြင်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ – ရှင်းလင်းစွာ စကားပြောဆိုခြင်း
– တိကျစွာ စကားပြောဆိုခြင်း
– မြင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်း
– မိမိကိုယ်ကိုယ် ယုံကြည်မှုရှိခြင်း

၂။ – လူများက ရှည်လျားသည့် သုတေသန အစီရင်ခံစာတမ်း တစ်စောင်အား ဖတ်ရှုခြင်းထက် သုတေသနအကြောင်း အတိုချုပ် နှုတ်တိုက်တင်ဆက်ပြသခြင်းအား နားထောင်ခြင်းက ပိုမိုလွယ်ကူပါသည်။
– အချို့လူများအနေဖြင့် သင်၏အစီရင်ခံစာတမ်းအား ရေးသားသည့် ဘာသာစကားကို မဖတ်နိုင်သော်လည်း နှုတ်တိုက်တင်ဆက်ပြသခြင်းကို နားလည်နိုင်ပါသည် သို့မဟုတ် နှုတ်တိုက်တင်ဆက်ပြသခြင်းကို ဘာသာပြန်ပြီး နားထောင်နိုင်ပါသည်။

## လုပ်ငန်းစဉ် – သုတေသန တင်ဆက်ပြသမှုများကို ခွဲခြမ်းစိတ်ဖြာပါ

**မှတ်ချက် –** ဤတင်ဆက်ပြသမှုများ၏ နေရာအခင်းအကျင်း အတွက် ဖြစ်နိုင်ခြေရှိသော ကောက်ချက်များ၊ ချဉ်းကပ်မှုများ၊ ပရိသတ်များနှင့် ၎င်းတို့၏ အသိအမြင် အဆင့်အတန်း စသဖြင့် အချက်များစွာ ရှိနိုင်ပါသည်။ ကျောင်းသားများကို နေရာအခင်းအကျင်း တစ်ခုချင်းစီအတွက် ၎င်းတို့၏ အဖြေများနှင့် ပတ်သက်သည့် ရှင်းပြချက်များကို တိုက်တွန်း ပြောပြခိုင်းပါ။

- တစ်ဦးချင်းစီ (သို့) နှစ်ယောက်တစ်တွဲစီ (သို့) အဖွဲ့ငယ်များဖြင့် ကျောင်းသားများက နှုတ်တိုက် တင်ဆက်ပြသခြင်းများ၏ ဓာတ်ပုံများကို ကြည့်ရှုပြီး မေးခွန်းများကို ဖြေဆိုရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ (က) နီးနှောဖလှယ်ပွဲခန်းမ သို့မဟုတ် ဟိုတယ်တစ်ခုတွင်။

(ခ) သုတေသနခေါင်းစဉ်နှင့် ပတ်သက်သည့် နယ်ပယ်တွင် လုပ်ကိုင်နေကြသူများ။

(ဂ) အတော်များများ သိရှိထားကြသည်။

(ဃ) ယုံကြည်မှုရှိစွာ ပြောကြားခြင်း၊ သင်၏ ပညာရှင်ဆန်သည့် ကျွမ်းကျင်မှုကို ထုတ်ပြခြင်း။

(င) ကိန်းဂဏန်းအချက်အလက်ဆိုင်ရာ အထောက်အထားများ ဖော်ပြခြင်းဖြင့် မူဝါဒများ ပြင်ဆင်ချမှတ်ရာတွင် သုတေသနကို အသုံးပြုနိုင်ပါ လိမ့်မည်။

၂။ (က) အိမ်ပြင်ဘက်၊ ရပ်ရွာတစ်ခုအတွင်း။

(ခ) ရပ်ရွာလူထု၊ သုတေသနတွင် ပါဝင်ဖြေကြားသူများ။

(ဂ) ၎င်းတို့သည် သုတေသန ပညာရှင်များ မဟုတ်နိုင်ပါ။

(ဃ) ရှင်းလင်းမှုရှိပြီး ၎င်းတို့၏ ကိုယ်တိုင် အတွေ့အကြုံများနှင့် ဆက်နွှယ်မှုရှိသည့် အကြောင်းအရာများကို ပြောကြားခြင်း။

(င) ဥပမာများ – ဖြစ်ရပ်လေ့လာချက်များနှင့် ကိုးကားချက်များ။

၃။ (က) လွှတ်တော်။

(ခ) အစိုးရဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အရာရှိများ။

(ဂ) သုတေသနနှင့် ပတ်သက်ပြီး အချို့က အနည်းငယ်လောက် သိထားနိုင်ပြီး အနည်းငယ် လူတစ်စုသာလျှင် သုတေသန ကျွမ်းကျင်သူများ ဖြစ်နိုင်ပါသည်။

(ဃ) ရှင်းလင်းမှုရှိသော အထောက်အထားများနှင့် ပညာရှင်ဆန်ဆန် ဆွဲဆောင်မှုရှိသည့် နည်းလမ်းဖြင့် ပြောဆိုရမည်။

(င) ကိန်းဂဏန်းများနှင့် ဖြစ်ရပ်လေ့လာချက်များ။

## သင်တို့၏ သုတေသနစီမံကိန်း – တင်ဆက်ပြသခြင်း

**မှတ်ချက် –** ဤလုပ်ငန်းသည် ကျောင်းသားများကို သုတေသန စီမံကိန်းတစ်ခုအား အစမှအဆုံးထိ ပြင်ဆင် ဖန်တီးပြီး လက်တွေ့လုပ်ဆောင်စေရန် ဒီဇိုင်းရေးဆွဲထားသည့် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်း ၁၆ ခုထဲမှ နောက်ဆုံးတစ်ခုဖြစ်သည်။

၎င်းသည် 'သင်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်းများ အားလုံးအတွက် ခေါင်းစဉ်တစ်ခုတည်းကိုသာ တောက်လျှောက်အသုံးပြုသွားမည် ဆိုပါက ထိရောက်မှု ရှိနိုင်ပါသည်။ သို့သော် ကျောင်းသားများက ၎င်းလုပ်ငန်းများကို လုပ်ဆောင်နေချိန်တွင် ၎င်းတို့ ရွေးချယ်ထားသော ယခင်သုတေသနခေါင်းစဉ်များ သို့မဟုတ် မေးခွန်းများသည် လက်တွေ့ကျမှုမရှိတော့ခြင်း၊ စိတ်ဝင်စားမှုမရှိခြင်း သို့မဟုတ် အသုံးဝင်မှုမရှိခြင်းတို့ကို တွေ့မြင်လာနိုင်သည် သို့မဟုတ် အခြားခေါင်းစဉ် သို့မဟုတ် မေးခွန်းကို ပိုမိုစိတ်ဝင်စားလာနိုင်ပါသည်။

၁။ ကျောင်းသားများက ၎င်းတို့သည် သုတေသနကို တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သို့မဟုတ် တင်ဆက်သွားမည် မဟုတ်ကြောင်း ဆုံးဖြတ်ရမည်ဖြစ်ပြီး တင်ဆက်ခဲ့မည်ဆိုလျှင် မည်သည့်နေရာ၊ မည်သူများ အတွက်နှင့် မည်သို့ တင်ဆက်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ရပါမည်။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများက ၎င်းတို့၏ တင်ဆက်မှုများကို ဆွေးနွေးရမည်။

## ဆွေးနွေးချက်

- တစ်တန်းလုံး သို့မဟုတ် အဖွဲ့ငယ်များဖြင့် ကျောင်းသားများက မေးခွန်းများကို ဆွေးနွေးရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ – သုတေသနကို ဒီဇိုင်းရေးဆွဲသည့်အခါတွင် ရပ်ရွာလူထုနှင့်အတူ ဆောင်ရွက်ခြင်းဖြင့်။

– ရပ်ရွာလူထုကို ပါဝင်ဖြေကြားသူများအဖြစ် ပါဝင်စေခြင်းဖြင့် (သို့မဟုတ် သုတေသီများ၊ လက်ထောက်များအဖြစ်)။

– သုတေသနအကြောင်း ရှင်းလင်းစွာ ဆက်သွယ်ဖလှယ်ခြင်းဖြင့် ရပ်ရွာလူထုက နားလည်သဘောပေါက်ပြီး သုတေသနနှင့် သုတေသီများဖြင့် ချိတ်ဆက်မှုရှိစေနိုင်ပါသည်။

– သုတေသနသည် သုတေသန နောက်ခံအကြောင်းအရာ မရှိသည့် လူများနှင့် ဆက်နွှယ်မှုရှိလျှင် သို့မဟုတ် ၎င်းတို့အတွက် ရည်ရွယ်ထားလျှင်၊ သုတေသန စာတမ်းကို ၎င်းတို့အနေဖြင့် ရရှိဖတ်ရှုနိုင်အောင် ကြိုးစားပေးရန် လိုအပ်သည်။

# နောက်ဆုံးသုတေသန စီမံကိန်း

**မှတ်ချက် –** ဤကဏ္ဍသည် ကျောင်းသားများအနေဖြင့် သုတေသန လုပ်ငန်းစဉ်များကို မည်မျှ နားလည်သဘောပေါက်ကြောင်း စစ်ဆေးရန် ကျောင်းသားများ အသုံးပြုနိုင်သည့် နောက်ဆုံးစီမံကိန်းတစ်ခုဖြစ်သည် သို့မဟုတ် ဆရာများက သမားရိုးကျ (သို့) ပုံမှန်မဟုတ်သည့် ပုံစံဖြင့် ဆန်းစစ်လေ့လာချက် ကောက်ယူရန် ရည်ရွယ်ချက် အတွက် သို့မဟုတ် သင်ခန်းစာ ပြန်နွှေးရန်အတွက် အသုံးပြုနိုင်သည့် နောက်ဆုံးစီမံကိန်းတစ်ခု ဖြစ်ပါသည်။

ဤစာအုပ်ထဲတွင် ပုံကြမ်းဖော်ပြထားသည့် သုတေသန လုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်းဖြင့် ကျောင်းသားများက တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်သွားရပါလိမ့်မည်။

အချို့ကျောင်းသားများ ၎င်းတို့ဆောင်ရွက်ခဲ့သော 'ကျွန်ုပ်တို့၏ သုတေသနစီမံကိန်း' လုပ်ငန်းများထဲမှ အချက်အလက် ကုန်ကြမ်းများကို အသုံးပြုချင်စိတ်ရှိနိုင်ပါသည်။ ၎င်းတို့က ထိုသို့လုပ်ဆောင်ချင်ပါက သုတေသန လုပ်ငန်းစဉ်၏ အဆင့်တစ်ခုချင်းစီကို တစ်နေရာထဲတွင် ဂရုတစိုက် မှတ်တမ်းတင်ထားသင့်ပါသည်။ – ပစ္စည်းဖိုင်တွဲ သို့မဟုတ် အီလက်ထရောနစ်ဖိုင်တွဲတစ်ခုခုကို အသုံးပြုရန် အကြံပြုပါသည်။

အခြားကျောင်းသားများက သုတေသနခေါင်းစဉ် အသစ် တစ်ခုကို ရွေးချယ်ချင်စိတ် ရှိနိုင်ပါသည်။ ၎င်းတို့သည်လည်း သုတေသနလုပ်ငန်းစဉ်၏ အဆင့်တစ်ဆင့်စီနှင့် အဆင့်ငယ်များ အားလုံးကို ဖိုင်တွဲတစ်ခုထဲတွင် မှတ်တမ်းတင် သိမ်းဆည်းထားသင့်ပါသည်။

ဤစီမံကိန်းကို တစ်ဦးချင်းစီ သို့မဟုတ် အဖွဲ့လိုက်စီမံကိန်း အဖြစ် ဆောင်ရွက်နိုင်ပါသည်။

**အဆင့် ၁ – သုတေသနမေးခွန်းများ စဉ်းစားရေးသားပါ။**

- ကျောင်းသားများက အဆင့်များ (က–စ) ကို လိုက်နာရမည်။
- အဆင့်များကို လိုက်နာထားကြောင်း မြင်တွေ့နိုင်ရန်အတွက် တစ်ဆင့်ချင်းစီကို မှတ်တမ်းတင်ထားခိုင်းပါ။ ဆွေးနွေးချက်များ သို့မဟုတ် ဆုံးဖြတ်ချက်များမှ မှတ်စုတိုများသည် လုံလောက်သည့် အထောက်အထား ဖြစ်ပါသည်။
- ကျောင်းသားများက အဆင့် ၁ ကို ပြီးသွားသည့်အခါတွင် ၎င်းတို့၏ ဆောင်ရွက်ချက်များကို ကြည့်ရှုပြီး အကြံပြုချက်များပေးပါ။

**အဆင့် ၂ – တိကျသော သတင်းအချက်အလက်များကို ရှာဖွေပါ။**

- ကျောင်းသားများက အဆင့်များ (က–ဃ) ကို လိုက်နာရမည်။
- ကျောင်းသားများက အသေးစိတ် အစီအစဉ်တစ်ခု ဖန်တီးသင့်ပြီး ၎င်းတို့၏ ဖိုင်တွဲထဲတွင် မှတ်စုတိုများဖြင့် ယှဉ်တွဲသိမ်းဆည်းထားရမည်။
- ကျောင်းသားများက ဒေတာကောက်ယူခြင်း အစီအစဉ်သည် လက်တွေ့ကျမှု ရှိ/ မရှိ စစ်ဆေးရန် ဒေတာများ မကောက်ယူမီ ထိုအစီအစဉ်ကို ၎င်းတို့နှင့်အတူ ဆွေးနွေးပေးပါ။
- ၎င်းတို့၏ ဒေတာများကို ကောက်ယူပြီးသည့်အခါတွင် ၎င်းဒေတာများကို လုံခြုံစွာ သိမ်းဆည်းထားနိုင်အောင် ကူညီပေးပါ။
- ကျောင်းသားများက အဆင့် ၂ ကို ပြီးသွားသည့်အခါတွင် ၎င်းတို့၏ ဆောင်ရွက်ချက်များကို ကြည့်ရှုပြီး အကြံပြုချက်များပေးပါ။

**အဆင့် ၃ – သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာပြီး နိဂုံးချုပ်ကောက်ချက်ဆွဲပါ။**

- ကျောင်းသားများက အဆင့်များ (က–ဂ) ကို လိုက်နာရမည်။
- ကျောင်းသားများက ခွဲခြမ်းစိတ်ဖြာချက်မှ မှတ်စုများ၊ ဇယားများ၊ ကိန်းဂဏန်းဒေတာများ အစရှိသည့် အရာအားလုံးကို ဖိုင်တွဲထဲတွင် ထည့်ရမည်။
- ကျောင်းသားများက ၎င်းတို့၏ သုတေသနကို ပံ့ပိုးရန် အတွက် အချို့သော ကားချပ်များ၊ ဇယားများ (သို့) ကိုးကားချက်များကို ရေးဆွဲထုတ်ဖော်သင့်ပါသည်။
- ကျောင်းသားများက အဆင့် ၃ ကို ပြီးသွားသည့်အခါတွင် ၎င်းတို့၏ ဆောင်ရွက်ချက်များကို ကြည့်ရှုပြီး အကြံပြုချက်များပေးပါ။

**အဆင့် ၄ – ရှာဖွေတွေ့ရှိချက်များကို ဖလှယ်မျှဝေပါ။**

- ကျောင်းသားများက အဆင့်များ (က–ဂ) ကို လိုက်နာရမည်။
- ကျောင်းသားများ (သို့မဟုတ် သင်) က ၎င်းတို့၏ သုတေသနကို တင်ပြရန် အစီရင်ခံစာတမ်း၊ နှုတ်တိုက် တင်ဆက်ပြသခြင်း သို့မဟုတ် နှစ်ခုစလုံးတို့ထဲမှ မည်သည့် တစ်ခုသည် ပိုမိုသင့်တော်ကြောင်း ဆုံးဖြတ်ရမည်။
- ကျောင်းသားများက ၅ မိနစ်ကြာ တင်ဆက်ပြသခြင်းတစ်ခု သို့မဟုတ် စာလုံးရေ ၂၀၀ + အစီရင်ခံစာတစ်စောင်ကို ပြင်ဆင်ရမည်။

- အောက်တွင်ပေးထားသော အမှတ်ပေးစည်းမျဉ်း လမ်းညွှန်ဇယားတွင် အမှတ် ၂၀ လုပ်ငန်းတစ်ခုကို အမှတ်ပေးသည့် နည်းလမ်းတစ်ခုကို အကြမ်းဖျင်း ဖော်ပြထားပါသည် (သို့မဟုတ် နှုတ်တိုက်တင်ဆက်ပြသခြင်းနှင့် အစီရင်ခံစာရေးသားခြင်း နှစ်မျိုးစလုံးကို လုပ်ဆောင်ပါက စုစုပေါင်း ၂၅ မှတ်)။

**အကြံပြုထားသော အမှတ်ပေးစည်းမျဉ်း**

| | **မျှော်မှန်းထားသည့် အချက်များထက် လျော့နည်းသည် ၀–၁ ရမှတ်** | **မျှော်မှန်းထားသည့် အချက်များနှင့် ကိုက်ညီသည် ၂–၃ ရမှတ်** | **မျှော်မှန်းထားသည့် အချက်များထက် ကျော်လွန်သည် ၄–၅ ရမှတ်** |
|---|---|---|---|
| **နောက်ခံအကြောင်းအရာ ဖိုင်တွဲများ** | ဖိုင်တွဲများ မပြည့်စုံခြင်း၊ အချို့အဆင့်များ ကျော်သွားခြင်း (သို့) မှတ်တမ်းမတင်ခြင်း | ဖိုင်တွဲများ ပြည့်စုံခြင်း၊ အဆင့်အများစုကို မှတ်တမ်းတင်ထားခြင်း | ဖိုင်တွဲများ ပြည့်စုံခြင်း၊ အဆင့်များအားလုံးကို လိုက်နာကြောင်း ဖော်ပြထားခြင်း |
| **လုပ်ငန်းစဉ်** | သုတေသန လုပ်ငန်းစဉ်ကို မလိုက်နာခြင်း | သုတေသန လုပ်ငန်းစဉ် အများစုကို လိုက်နာထားသည်။ | သုတေသန လုပ်ငန်းစဉ်ထဲမှ အဆင့်များအားလုံးကို လိုက်နာထားသည်။ |
| **ဒေတာ** | ဒေတာများသည် ယုံကြည်နိုင်စွမ်း မရှိခြင်း၊ အကျုံးမဝင်ခြင်း၊ အတည်မပြုနိုင်ခြင်း (သို့) ကိုးစားနိုင်စွမ်း မရှိခြင်း | ဒေတာအများစုသည် ယုံကြည်နိုင်စွမ်းရှိခြင်း၊ အကျုံးဝင်ခြင်း၊ အတည်ပြုနိုင်ခြင်း၊ (သို့) ကိုးစားနိုင်စွမ်း ရှိခြင်း | ဒေတာများသည် လုံးဝကို ယုံကြည်နိုင်စွမ်းရှိခြင်း၊ အကျုံးဝင်ခြင်း၊ အတည်ပြုနိုင်ခြင်း၊ (သို့) ကိုးစားနိုင်စွမ်းရှိခြင်း |
| **အစီရင်ခံစာ (အစီရင်ခံစာတမ်း တစ်ခုတည်း အတွက်သာလျှင်)** | ရှုပ်ထွေးပြီး ရှင်းလင်းမှုမရှိခြင်း၊ တိုလွန်းခြင်း၊ ဇယားများ၊ ကားချပ်များ သို့မဟုတ် ကိုးကားချက်များ မပါခြင်း | အများစုသည် ရှင်းလင်းပြီး ကောင်းစွာ ရေးသားဖော်ပြထားသည်။ ပံ့ပိုးမှုပေးသော အထောက်အထားများလည်း ပါဝင်သည်။ | ရှင်းလင်းသည်၊ စိတ်ဝင်စားဖွယ်ဖြစ်ပြီး အထောက်အထားများနှင့်အတူ ရေးသားဖော်ပြထားသည်။ |
| **တင်ဆက်ပြသခြင်း (နှုတ်တိုက်တင်ဆက်ပြသခြင်း တစ်ခုတည်း အတွက်သာလျှင်)** | ရှုပ်ထွေးပြီး ရှင်းလင်းမှုမရှိခြင်း၊ တိုလွန်းခြင်း၊ မြင်ထောက်ကူများ မပါဝင်ခြင်း | အများစုသည် ရှင်းလင်းမှုရှိပြီး မြင်ထောက်ကူ ပစ္စည်းအချို့ဖြင့် ကောင်းစွာရေးသား ဖော်ပြထားသည်။ | ရှင်းလင်းသည်၊ စိတ်ဝင်စားဖွယ်ဖြစ်ပြီး မြင်ထောက်ကူ ပစ္စည်းများစွာနှင့် အတူ ကောင်းစွာရေးသား ဖော်ပြထားသည်။ |